

ပြည်တွင်းသာသနာပြု

ရဟန်းတော်များ နှင့် လူပုဂ္ဂိုလ်များအတွက်

# မြတ်ဗုဒ္ဓ၏သာသနာပြု စည်းရုံးအောင်မြင်နည်းများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ၊ ဘီအေ)

ဓမ္မဒါနအလှူဖြင့်

ကွယ်လွန်သူမိဘများဖြစ်ကြသော
ဖခင် ဦးထန်လှိုင် + မိခင် ဒေါ်ငွေတိမ်
ကွယ်လွန်သူဖခင် ဦးထွန်းခိုင်
*တို့အားရည်စူး၍*
မိခင်ကြီး ဒေါ်ချစ်ပို့အားအမှူးထားလျက်
တိုက်အမှတ် (၁၀/၂၀၁)ကမ္ဘာအေးအိမ်ရာ
(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေ
ဗိုလ်ကြီးဝင်းဟန် + ဒေါ်ငွန်းသဲ
သား မောင်ပေါလူဟန် ၊ သမီး မအေးချမ်းပြုံး
မိသားစု မှ
လှူဒါန်းပါသည်

# ပြည်တွင်းသာသနာပြုရဟန်းတော်များနှင့်
# လူပုဂ္ဂိုလ်များအတွက်
# မြတ်ဗုဒ္ဓ၏
# သာသနာပြုစည်းရုံးအောင်မြင်နည်းများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)

သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကောဇာ-၁၃၃၆ သာသနာနှစ်-၂၅၄၇ ကောဇာ-၂၀၀၅

## အခန်း(၂)

၃။ မြတ်ဗုဒ္ဓ၏သာသနာပြုစည်းရုံးနည်းများ

- သာသနာပြုခရီးစဉ်သုံးမျိုး
- စကားအစဉ်(၄)ရပ်ဖြင့် ဟောပြောစည်းရုံးခြင်း

(က) ဒါနကထာ

(ခ) သီလကထာ

(ဂ) သဂ္ဂကထာ

(ဃ) မဂ္ဂကထာ

## အခန်း(၃)

၄။ ဗုဒ္ဓ၏သာသနာပြုစည်းရုံးရေး အောင်ပွဲများ

၁။ တဖုဿ ဘလ္လိကတို့ကို သာသနာပြုစည်းရုံးအောင်မြင်မြင်း

၂။ ပဥ္စဝဂ္ဂီတို့အား သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၃။ ဘဒ္ဒဝဂ္ဂီညီနောင်တို့အား သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၄။ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်များအား သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၅။ ညီတော်နန္ဒကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၆။ အင်္ဂုဒတ္တနှင့်တပည့်များ၊ ဒါယကာများကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၇။ ကာသိဘာရဒွါဇပုဏ္ဏားအား သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၈။ ဝေရဉ္ဇပုဏ္ဏားကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၉။ ကြမ်းတမ်းသော အာဠာဝကဘီလူးကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၁၀။ သစ္စကပရိဗိုဇ်ကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၁၁။ လူသတ်သမား အင်္ဂုလိမာလကို သာသနာပြု စည်းရုံးအောင်မြင်ခြင်း

၁၂။ အတ္တအယူစွဲဗကဗြဟ္မာကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၁၃။ နိဂဏ္ဍ၏တပည့် ဥပါလိသူကြွယ်ကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

၁၄။ ဝါသေဋ္ဌ ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦး တို့ကို သာသနာပြုစည်းရုံးအောင်မြင်ခြင်း

## အမှာစာ

ရှေးရှေးသောကမ္ဘာဦးလူသားတို့ တောင့်တချက်ကြောင့် အမိုက်မှောင်ကိုဖြိုခွင်း အလင်းကိုပေးဆောင်နိုင်သော နေမင်းသည်လည်းကောင်း၊ လမင်းသည်လည်းကောင်း၊လူသားတို့၏အကျိုးအတွက် ပေါ်ထွန်းလာခဲ့ရပါသည်။

ဤကမ္ဘာလောကတွင် နေရောင်၊လရောင်ရှိသောလည်း ဓမ္မအလင်းရောင်မရှိသောကြောင့် ဗုဒ္ဓမြတ်စွာသည် ဘုံသုံးပါးရှိသတ္တာအပေါင်းတို့ လောကသံသရာနှစ်ဖြာသောဘ၀တို့မှလွတ်မြောက်နိုင်ရေး၊ လောကီမျက်မှောက် အကျိုးစီးပွားဖြစ်ထွန်းချမ်းသာရေးတို့အတွက် (၄၅)နှစ်တို့ကာလပတ်လုံး ဗုဒ္ဓကိစ္စငါးပါးဖြင့် နေ့မအား-ညမအား တရားဓမ္မတို့ကိုဟောဖော်ညွှန်ပြခဲ့ရာ သုတ်၊ အဘိဓမ္မာ၊ဝိနည်း၊ နိကာယ်ငါးရပ်အားဖြင့် ဓမ္မက္ခန္ဓာပေါင်း- (၈၄၀၀၀)မျှ ကျယ်ဝန်းနက်ရှိုင်းစွာရှိခဲ့ပါသည်။

လူလောကတွင် လူတို့မည်သည် အခွင့်အခါကောင်းကို စောင့်မျှော်-တောင်းတကြသည်။ အခွင့်အခါကောင်းရလျှင် မိမိတို့၏ကိုယ်ကျိုးအတွက် အပိုင်အနိုင်အသုံးပြုလိုကြသော သဘောသဘာ၀ရှိကြပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာထွန်းကားပြီး ဗုဒ္ဓတရားတော်များသည်လူသားတို့၏ လောကီ ကောင်းကျိုး လောကုတ္တရာကောင်းကျိုးအတွက် တကယ်လိုက်နာ ကျင့်သုံးသူများအတွက် ကောင်းကျိုး အဖြာဖြာပေးနေပါသည်။

ဗုဒ္ဓတရားတော်များသည် လောကဥပမာ အားဖြင့် ကုန်မျိုးစုံလှသော ကုန်ပဒေသာပင်တိုက်ကြီး ထဲသို့ရောက်သွားသောသူသည် မိမိလက်ထဲဝယ် ဝယ်ယူ ရန် ငွေကြေးပြည့်စုံပါက လိုချင်သောကုန်ပစ္စည်းကို ဝယ်ယူနိုင်သကဲ့သို့ပင် ဗုဒ္ဓတရားများသည် လောကီ၊ လောကုတ္တကောင်းကျိုးများအတွက် အမျိုးစုံလင် လှပါသည်။

ယနေ့လူအများသည် ဗုဒ္ဓသာသနာနှင့်ကြုံကြိုက် နေသာ အခွင့်-ကောင်းဆိုက်ရောက်နေသည်ကို ဆိုက်ရောက်နေမှန်းမသိ မိမိတို့၏ အမြင်မမှန်ဘူး၊ အတွေးအခေါ်မှားမှုတို့ကြောင့် အခွင့်ကောင်းကို လက်လွတ်ကာ အရှုံးကြီးရှုံးသော ဘဝသို့ ရောက်နေ ကြရပါသည်။

ဤစုံလင်လှသော သာသနာတော်ကြီးနှင့် တွေ့ဆုံနေကြပါလျှက် ကျွန်ုပ်တို့ မြန်မာများသည်ပင်

ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော်လည်း ဗုဒ္ဓဘာသာဝင်ခြင်း မတူညီမှုအခြေအနေများကို တွေ့ရှိနေရပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်တွင် တစ်ချို့ကမိရိုးဖလာ ဗုဒ္ဓဘာသာဖြစ်ကြပြီး တစ်ချို့သည် ဗုဒ္ဓ၏အနှစ်တရားအရသာများကို အတိအကျလိုက်နာလိုကြသော ဗုဒ္ဓဘာသာဝင်အစစ်များအဖြစ် ကွဲပြားနေကြပါသည်။

မိရိုးဖလာဗုဒ္ဓဘာသာဟူသည် မိဘဘိုးဘွား ဗုဒ္ဓဘာသာဝင်ဖြစ်ကြ၍ ဗုဒ္ဓဘာသာဝင်ဟုခေါ်ရုံမျှသာရှိပါသည်။ဗုဒ္ဓ၏အဆုံးအမနှင့် ဗုဒ္ဓ၏တရားလမ်းစဉ်ကို မသိကြပါ။မလေ့လာမလိုက်စားကြပါ၊ လမ်းစဉ်ကိုမသိ၍ ကျင့်စဉ်ကိုလည်းလိုက်နာကျင့်သုံးခြင်း မရှိကြဘဲ အမည်ခံမျှလောက်သာရှိကြပါသည်။

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးသော ဗုဒ္ဓဘာသာဝင်အစစ်ဟူသည် ရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးကိုသိရှိသူ၊ ကံ-ကံ၏အကျိုးကို ယုံကြည်သူ၊ သုစရိုက်ကောင်းကျိုး၊ ဒုစရိုက်မကောင်းကျိုး တို့ကိုသိရှိသူစသည်တို့သည် ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးကြသော ဗုဒ္ဓဘာသာ ဝင်စစ်စစ်ဟုဆိုရပါမည်။

ယနေ့ခေတ်တွင် မိရိုးဖလာဗုဒ္ဓဘာသာဝင်များရော *ဗုဒ္ဓဘာသာဝင်စစ်စစ်အများစုတို့သည် ဗုဒ္ဓသာသနာ နေလို*

လလို ထွန်းလင်းတောက်ပနေသည်မှန်သော်လည်း အပြောကျယ်နက်ရှိုင်းလှသော မဟာသမုဒ္ဒရာထဲရှိ အဖိုးထိုက် အဖိုးတန်သော ကျောက်မျက်ရတနာ ရွှေငွေ ကျောက်သံပတ္တမြားတို့ကို ယူဆောင်၍ သုံးဆောင်ခြင်းငှာ ခက်ခဲလှသကဲ့သို့ နက်နဲခက်ခဲလှသော ပိဋကတ်ပင်လယ် ထဲရှိ ဗုဒ္ဓ၏တရားအဆီအနှစ်များကို ထုတ်ယူသုံးဆောင် သိတတ် နားလည်ခြင်းငှာ မစွမ်းနိုင်ကြပါ။

အများစုသည် စားဝတ်နေရေး၊လူမှုရေးတာဝန် တို့ဖြင့် သံသရာစက်ဝန်းထဲ၌ ကျင်လည်လှုပ်ရှား သွားလာ နေရခြင်း၊တရားတော်များသည် ပါဠိဘာသာစာပေ အက္ခရာဖြင့်ရှိနေ၍ ဘာသန္တရစာပေ့စကား တတ်ကျွမ်းမှု့ အားနည်းခြင်းတို့ကြောင့် ထိုဗုဒ္ဓစာပေတရားများကို လေ့လာခွင့်၊တတ်သိခွင့်၊ကျင့်သုံးခွင့်များ အခွင့်ရေးနည်းပါး နေကြရပါသည်။

ဤသည်ကို ကျွန်ုပ်တို့သာသနာရေးဝန်ကြီးဌာန၊သာ သနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် စားဝတ် နေရေး၊လူမှုရေးတို့ဖြင့် မအားမလပ်ကြ၍ လည်းကောင်း၊ ပါဠိဘာသာလက်လှမ်းမမီ မတတ်ကျွမ်း၍လည်းကောင်း၊ လေ့လာတတ်သိကျင့်လိုလျက် မလေ့လာနိုင်၊ မကျင့်ကြံနိုင် ကြသောဗုဒ္ဓဘာသာဝင်များ၊သု တေသီများတို့ကို **အလွယ်**

တကူ လေ့လာတတ်သိနားလည်နိုင်ရေးအတွက် မေတ္တာစေတနာ လေးလေးနက်နက်ထားကာ ပိဋကတ်တော်လာတရားအဆီအနှစ်များကို တတ်သိနားလည် ကျွမ်းကျင်ပြီးသော ပညာရှင်တို့၏ အကူ အညီကိုရယူပြီး၊ လူသားတို့အလွယ်တကူနားလည်နိုင်သော **"ဗုဒ္ဓဘာသာကောင်းတစ်ယောက်"**ကဲ့သို့သောစာအုပ်များကို ရေးသားထုတ်ဝေပေးခဲ့ပါသည်။ "ဗုဒ္ဓဘာသာကောင်းတစ်ယောက်" ကဲ့သို့သော စာအုပ်များကို အလားတူ ကမ္ဘာသူ ကမ္ဘာသားတို့ ဗုဒ္ဓ၏ ဓမ္မအရသာများကို ခံစားရရှိနိုင်ကြစေရန် ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ရေးသားထုတ်ဝေပေးလျက် ရှိပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် ဗုဒ္ဓဘာသာဝင်သူတော်ကောင်း အများစုတို့ မသိရှိ-လည်နားမသေးသောတရားတော်များကို တတ်သိနားလည်စေလိုသော စေတနာနှင့် သိရှိပြီးသော တရားများကိုလောကသံသရာနှစ်ဖြာကောင်းကျိုးအတွက် ကျင့်သုံးဆောက်တည်စေလိုသော မေတ္တာအပြည့်အဝ ထားရှိပါသည်။

တစ်ဖန်ဘုရားရှင်၏ သာသနာတော်နှင့် တရားတော်များသည် သတ္တဝါခပင်းတို့၏ ကောင်းကျိုးချမ်းသာ

အတွက် အစဉ်ထာဝရထွန်းလင်းတောက်ပပြီး စိရံတိဋ္ဌတု သဒ္ဓမ္မော ဆိုသည့်အတိုင်း အစဉ်တည်တံ့ရှင်သန်စေလိုသော ဆန္ဒအစဉ်ထာဝရတည်ရှိနေပါသည်။

ဘုရားရှင်ကလည်း ဘုရားဖြစ်ပြီးစ မိမိတပည့်(၆၀) တို့အား သာသနာပြုစလွှတ်ရာ၌-

"ချစ်သားတို့-များစွာသောလူတို့၏ အကျိုးစီးပွား အလို့ငှာ များစွာသောလူတို့၏ ချမ်းသာအလို့ငှာ သာသနာပြု လှည့်လည်သောကျင့်စဉ် လုပ်ငန်း တာဝန်ကြီးကို ထမ်းဆောင်ကျင့်ကြံ ကြိုးကုတ်အား ထုတ်ကြကုန်၊

ချစ်သားတို့-အစ၏ကောင်းခြင်း၊အလယ်၏ကောင်း ခြင်း၊ အဆုံး၏ကောင်းခြင်းနှင့် ပြည့်စုံသော အနက် အဓိပ္ပါယ်နှင့်ပြည့်စုံသောတရားတော်မြတ်ကို ဟော ကြားကြကုန်လော့၊

ကိလေသာမြူ နည်းပါးကုန်သော ပါရမီရှိသည့် သတ္တဝါတို့သည် ဤလောက၌ ရှိနေကြပါသည်။ ဘုရားရှင်၏တရားကို မကြားမနာ မသိကြ၍ လောကသံသရာနှစ်ဖြာသော အကျိုးကျေးဇူးတို့မှ ဆုတ်ယုတ်နေကြရပါသည်။ ငါဘုရားရှင်၏ တရား

တော်မြတ်ကို သိစွမ်းနားလည်နိုင်သော(ဝါ)မဂ်ဖိုလ် နိဗ္ဗာန်ကိုရောက်နိုင်သော ပါရမီရှင်အရိယာသူတော် စင်တို့သည် မုချမသွေ အမှန်ပင်ရှိနေပါသေးသည်"

ဟု ဟောကြားလမ်းညွှန်ထားခဲ့ပါသည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန သည်ဘုရားရှင်၏ ထိုလမ်းညွှန်ချက်ကို အလေးအနက်ထား ခံယူ၍ နယ်စပ်နှင့်တောင်ပေါ်နေ တိုင်းရင်းသားပြည်သူများ ဗုဒ္ဓ၏တရားဓမ္မဆိုဆုံးမမှုများကို သိရှိနားလည်ခံယူပြီး လောကီကောင်းကျိုး လောကုတ္တရာကောင်းကျိုး ဟူသော နှစ်ဖြာသောကောင်းကျိုးများကို ရရှိခံစားနိုင်ကြစေရန် ပြည်တွင်းသာသနာပြုဌာနခွဲတစ်ခု ဖွင့်လှစ်ထားရှိပြီး နယ်စပ်နှင့်တောင်တန်းဒေသများကို သာသနာပြုရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကို စေလွှတ်၍ သာသနာပြုစေခဲ့ ပါသည်။ သာထွန်းပြန့်ဓမ္မစာစောင်ကဲ့သို့သော ဘာသာရေး အသိပညာပေးစာစောင်များကို ထုတ်ဝေဖြန့်ချိပေးနေ ပါသည်။ သာသနာပြုပုဂ္ဂိုလ်များ အရည်အချင်းပြည့်ဝ စေရန် သာသနာပြုမွမ်းမံသင်တန်းများကို နှစ်စဉ်ပို့ချပေး လျှက်ရှိပါသည်။ ထိုသို့သင်တန်းဖွင့်၍ ပို့ချပေးရာ၌ သာသနာပြုစည်းရုံးနည်းဟူသော ဘာသာရပ်တစ်ရပ်ပါလာ

ါသည်။ ထိုဘာသာရပ်သည် စည်းရုံးရေးအတတ်ပညာနှင့် ဒ္ဓဘုရားသည် ဗုဒ္ဓတရား၌ မသက်ဝင် မယုံကြည်သေးသော သူများကို သက်ဝင်ယုံကြည်လာအောင် မည်ကဲ့သို့ စည်းရုံးခဲ့ သည်ကို လမ်းညွှန်ပို့ချပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် များမှာ စတုတ္ထနှစ်အောင်ပြီးသော ပုဂ္ဂိုလ်များသည် နယ်စပ် နှင့်တောင်တန်းဒေသများသို့(၂)နှစ် သာသနာပြုတာဝန် ထမ်းဆောင်ကြရပါသည်။ ထိုပုဂ္ဂိုလ်များကို သာသနာပြု စည်းရုံးနည်းနှင့် ပတ်သက်၍ သင်တန်းများ သီးသန့်မပို့ချ နိုင်ခဲ့ပါ။ ထိုပုဂ္ဂိုလ်များနှင့်နောက်ထပ်သာသနာပြုအသစ် ကြွရောက်ကြမည့် ပြင်ပပုဂ္ဂိုလ်များအတွက် အထောက် အကူဖြစ်စေရန် ရည်ရွယ်ပြီး သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးစန်းလွင်က သာထွန်းပြန့်ဓမ္မစာစောင်၌ ဗုဒ္ဓ၏သာသနာပြုစည်းရုံး နည်းများကို ရေးသားရန် တိုက်တွန်းခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်၏ တိုက်တွန်းချက်အရ စာရေးသူသည် ဗုဒ္ဓ၏သာသနာပြုစည်းရုံးနည်းနှင့် သာသနာပြုစည်းရုံးအောင်မြင်မှုများကို လစဉ်ရေးသား ခဲ့ပါသည်။ ယခုအခါ သာထွန်းပြန့်ဓမ္မစာစောင်၌ပါသော ဗုဒ္ဓ၏သာသနာပြုစည်းရုံးရေးအောင်မြင်မှုများကို စုစည်း၍

ဤ **"ဗုဒ္ဓ၏ သာသနာပြု စည်းရုံးအောင်မြင်နည်း"** စာအုပ်ကို ပြုစုရေးသားထုတ်ဝေ လိုက်ရပါသည်။

ဤစာအုပ်တွင် ဗုဒ္ဓသည် မိမိအားမကြည်ညို မလေးစား မယုံကြည်သေးသူများကို ယုံကြည်လေးစား ကြည်ညိုလာစေရန် မိမိ၏တရားဓမ္မများကို လက်ခံကျင့်သုံး လာစေရန် စည်းရုံးသိမ်းသွင်းနည်းအဖုံဖုံကို ပိဋကတ်တော် များမှ ထုတ်နုတ်ဖော်ပြထားပါသည်။

သာသနာပြုရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် စည်းရုံးရေးအတတ်ကို ကောင်းစွာသိရှိနားလည်ပြီး စည်းရုံး သာသနာပြုနိုင်ကြပါစေသော်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
ဓမ္မာစရိယ(ဘီအေ)

## အခန်း(၁)
## သာသနာပြုဆိုသည်မှာ

သာသနာပြုဟူသော စကားတွင် သာသနာဟူသော ပါဠိဝေါဟာရနှင့် "ပြု"ဟူသော မြန်မာဝေါဟာရ နှစ်လုံးတွဲထားပါသည်။

သာသနာဆိုသည်မှာ - အဆုံးအမဖြစ်ပါသည်။

ပြု ဆိုသည်မှာ - ပြုစုစောင့်ရှောက်ထိန်းသိမ်း ဖြန့်ချီပေးခြင်းဖြစ်ပါသည်။

အဓိပ္ပါယ်အချုပ်မှာ - မြတ်စွာဘုရားရှင်ဟောကြားလမ်းညွှန်ခဲ့သော အဆုံးအမများကို မသိ၊ မတတ်၊

## အခန်း(၁)

## သာသနာပြုဆိုသည်မှာ

သာသနာပြုဟူသော စကားတွင် သာသနာဟူသော ပါဠိဝေါဟာရနှင့် "ပြု"ဟူသော မြန်မာဝေါဟာရ နှစ်လုံးတွဲထားပါသည်။

သာသနာဆိုသည်မှာ - အဆုံးအမဖြစ်ပါသည်။

ပြု ဆိုသည်မှာ - ပြုစုစောင့်ရှောက်ထိန်းသိမ်း ဖြန့်ချိပေးခြင်းဖြစ်ပါသည်။

အဓိပ္ပါယ်အချုပ်မှာ - မြတ်စွာဘုရားရှင်ဟောကြားလမ်းညွှန်ခဲ့သော အဆုံးအမများကို မသိ၊ မတတ်၊

နားမလည်သေးသောသူတို့ကို သိအောင်၊ တတ်အောင်၊ နားလည်အောင် ပြုလုပ်ပေးခြင်း၊ ဟောပြောပြပေးခြင်း၊ ပို့ချသင်ကြားပေးခြင်း ဖြစ်ပါသည်။

ဘုရားရှင်သည် သာသနာပြုလုပ်ငန်းကို ဘုရားဖြစ်သော မဟာသက္ကရာဇ်(၁၀၃)(ဘီစီ-၅၈၉)ခုနှစ်၊ ကဆုန်လပြည့်နေ့မှ စတင်ပြုလုပ်ခဲ့ပါသည်။ တပည့်သံဃာများကိုလည်း မွေးထုတ်ပေးခဲ့ပါသည်။

ပဉ္စဝဂ္ဂီဟူသောရဟန်းတော်ငါးပါး၊ ယသနှင့် အပေါင်းပါမိတ်ဆွေ(၅၅)ပါး စုစုပေါင်းရဟန္တာ(၆၀)ရလာသောအခါ ထိုရဟန္တာများကို သာသနာပြုကြွရန် အောက်ပါအဆုံးအမကိုပေးပြီး အနယ်နယ်အရပ်ရပ်သို့ သာသနာပြုစေလွှတ်ခဲ့ပါသည်။

"ချစ်သားတို့---ငါဘုရားရှင်သည် လူနတ်တို့၌ ဖြစ်သော အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက်တော်မူလေပြီ၊

ချစ်သားတို့ --- သင်တို့သည်လည်း လူနတ်တို့၌ ဖြစ်သော အလုံးစုံသော ကိလေသာတို့မှ လွတ်မြောက် ကြလေကုန်ပြီ။

ချစ်သားတို့---များစွာသောလူတို့၏ အကျိုးစီးပွား

အလို့ငှာ များစွာသော လူတို့၏ချမ်းသာ အလို့ငှာ ချမ်းသာစေခြင်းအကျိုးငှာ သာသနာပြုလှည့်လည် သည့်ကျင့်စဉ်လုပ်ငန်းတာဝန်ကြီးကို ထမ်းဆောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါကုန်။

တစ်ကြောင်းတည်း(ဝါ)တစ်ရပ်ရပ်တည်း တစ်နေ ရာတည်းသို့ ချစ်သားတို့နှစ်ပါးအတူ မသွားကြ ပါလင့်။

ချစ်သားတို့---အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်လည်း ပြည့် စုံသော တရားတော်မြတ်ကိုဟောကြ ပြောကြ သာသနာပြုကြကုန်လော။

ထက်ဝန်းကျင် အလုံးစုံပြည့်စုံပြီး အလွန်တရာ စင်ကြယ်သော သီလ,သမာဓိ,ပညာ မဂ်ဖိုလ်နိဗ္ဗာန် အကျင့်မြတ်ကို ကိုယ်တိုင်ဟောကြားပြီး သာသနာ ပြုကြပါကုန်လော့။

ကိလေသာမြူ နည်းပါးကုန်သော ပါရမီရှိသည့် သတ္တဝါတို့သည် လောက၌ရှိနေကြပါသည်။ ဘုရား ရှင်၏တရားတော်မြတ်ကို မကြားမနာ မသိကြရ ခြင်းကြောင့် လောကသံသရာနှစ်ဖြာသော အကျိုး

ကျေးဇူးတို့မှ(ဝါ)လောကုတ်၊ လောကီနှစ်လီသော အကျိုးကျေးဇူးတို့မှ ဆုတ်ယုတ်နေကြရပါကုန်၏။ ငါဘုရားရှင်၏ တရားတော်မြတ်ကို သိစွမ်းနားလည်နိုင်သော(ဝါ)မဂ်ဖိုလ်နိဗ္ဗာန်ကို ရရောက်နိုင်သော ပါရမီရှင်အရိယာသူတော်စင်တို့သည် မုချမသွေ အမှန်ပင် ရှိနေပါသေးသည်။

ဘုရားရှင်၏လမ်းညွှန်သည့်အတိုင်း ရဟန္တာ(၆၀) တို့သည် ခရီးတစ်ကြောင်း တစ်ပါးကျစီကြွ၍ ဘုရားရှင်၏ အဆုံးအမများကို ပြည်သူတို့အား ဟောကြားပြသ သာသနာပြုခဲ့ကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်လည်း ဉရုဝေဠတောရှိ ဉရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပ ဟူသော ရသေ့ညီနောင်ထံသို့ ကိုယ်တိုင်ကြွပြီး(၁၀၀၀) သော ပုဂ္ဂိုလ်တို့ကို အဆုံးအမပေးကာ စစ်မှန်သော တရားစစ် တရားမှန်ကို ရစေပြီး၊ ရဟန္တာအသီးသီး ဖြစ်စေခဲ့ပါသည်။

အယူဝါဒလွဲမှားနေသူတို့အား အယူမှန်၌ တည်လာစေရန်လုပ်ဆောင်မှုများ၌ အကျိုးများပုံတို့ကိုလည်း သုတ်သီလက္ခန်ပါဠိတော် ဒိဗ္ဗစက္ခုခန်း၌ ဟောကြားခဲ့ပါသည်။

- မကောင်းမှုဒုစရိုက်များကို ပြုလုပ်ဆောင်ရွက်နေသူ
- အရိယာပုဂ္ဂိုလ်များကို စွပ်စွဲသူ
- ကိုယ်တိုင်အယူမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်နေသူ
- သူတစ်ပါးကိုလည်း အယူမှားအောင် ပြုလုပ်နေသူ

ထိုသူများသည် အပါယ်သို့ လားကြရမည်။

- ကိုယ်တိုင်ကောင်းမှုသုစရိုက်ပြုနေသူ
- အရိယာပုဂ္ဂိုလ်များကို မစွပ်စွဲသူ
- ကိုယ်တိုင်သမ္မာဒိဋ္ဌိအယူမှန်သူ
- သူတစ်ပါးကိုလည်း အယူမှန်အောင် ပြုလုပ်ပေးသူ

ထိုသူများသည် နတ်ရွာသုဂတိသို့ လားရောက်ရသည်။

တစ်ဖန် အင်္ဂုတ္တရနိကာယ် တိကနိပါတ်၊ ပုဂ္ဂလဝဂ္ဂ ဗဟုပကာရသုတ်၌-

"အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ထိုပုဂ္ဂိုလ်သည် ဘုရား တရား သံဃာဟူသော ရတနာမြတ်သုံးပါးကို တည်အောင်ပြု၍လည်းကောင်း၊ သစ္စာလေးပါး

ကို သိအောင်ပြုခြင်းသည်လည်းကောင်း၊ အာသဝေါတရားတို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုအောင်ပြုလုပ်သော ပုဂ္ဂိုလ်တို့သည် လူ့ဘောင်လောကတွင် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်" ဟု ဟောကြားထားခဲ့ပါသည်။

ဤဘုရားရှင်ဟောကြားချက်များကို ထောက်ဆကြည့်လျှင် သာသနာပြုဟူသည် အဘယ်နည်း၊ အဘယ်သို့သော လုပ်ငန်းများကို လုပ်ရသည်ကို သဘောပေါက်ကြမည်ဖြစ်ပါသည်။

ထိုသာသနာပြုလုပ်ငန်းကိုလုပ်ကြရာဝယ် အဓိကအချက်မှာ လမ်းစဉ်မှန်၊ ကျင့်စဉ်မှန်တရားတို့ကို မသိသေးသောသူတို့ကို သိအောင်၊ နားလည်အောင်၊ တတ်အောင် သင်ကြားပေးခြင်း၊ သိအောင်ဟောပြောပို့ချပေးခြင်း၊ လက်တွေ့ကျင့်ကြံအားထုတ်စေခြင်းသည် အဓိက ဖြစ်ပါသည်။

## သာသနာပြုစည်းရုံးရေးဟူသည်

စည်းရုံးရေးအတတ်ပညာရပ်များသည် ကျယ်ဝန်း နက်နဲခက်ခဲပါသည်။ နူးညံ့သိမ်မွေ့ပါသည်။

လူတစ်ယောက်၏ စိတ်ဓာတ်ကို စည်းရုံးသိမ်းသွင်း ရသော လုပ်ငန်းဖြစ်၍ လွယ်သလိုနှင့် ခက်ပါသည်။ အချိန် အခါနှင့်အခြေအနေ အရပ်ရပ်တို့ကို သုံးသပ်ဆင်ခြင်ပြီး ဆုံးဖြတ်ချက်ချမှသာ အမှန်များ၍ အမှားနည်းနိုင်ပါသည်။

အလုပ်ဟူသည် ကောင်းပင်ကောင်းငြားသော်လည်း အချိန်အခါနှင့် အခြေအနေပေါ်တွင်လည်း မူတည်နေပါ သည်။ အချိန်အခါနှင့် အခြေအနေမကောင်းပါက လုပ်ငန်း အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ။ လုပ်ငန်း တစ်ခုအောင်မြင်ရေးအတွက် ကာလဒေသနှင့် အချိန်အခါ အခြေအနေကို လေ့လာအကဲခတ်နိုင်မှ တော်ပါမည်။

လူ့ဘဝခရီးတစ်လျှောက်တွင် ယုံကြည်ချက်၊ ခံယူချက် အပြည့်အဝရှိပြီး လုပ်ဆောင်သွားပါက မုချ အောင်မြင်ရပါမည်။ မည်သည့်လုပ်ငန်းမဆို စည်းကမ်း နည်းလမ်းသည် အရေးကြီးလှပါသည်။

စည်းစနစ်ရှိမှ လုပ်ငန်းဆိုင်ရာ တိုးတက်စည်ပင်မှု ရှိနိုင်ပါမည်။ စည်းကမ်းစနစ်တကျထားရှိပါက မည်သည့်

နေရာ မည်သည့်အခါ၊ မည်သည့်ပုဂ္ဂိုလ်များနှင့်မဆို ရင်ဆိုင်ဖြေရှင်းနိုင်ပါသည်။

အမျိုးဘာသာ သာသနာအတွက် အလုပ် လုပ်မည်ဆိုလျှင် မိမိကိုယ်ကျိုးစီးပွားရေး မျှော်လင့်ချက်များကို အနာဂါတ်ကာလကို ပို့ထားရပါမည်။

သို့မှ သာသနာအတွက် ဇောက်ချလုပ်နိုင်ပါမည်။

**စည်းရုံးရေးခေတ်အဆင့်**

အောင်မြင်သော စည်းရုံးရေးအတတ်ပညာရရန်အတွက် ခေတ်စနစ်ကို မျက်ခြေမပြတ် လေ့လာကြည့်တတ်ရပါမည်။

ခေတ်ဆိုသည်မှာ ကာလအပိုင်းအခြား တစ်ခုဖြစ်သည်။ ခေတ်ဆိုသည့်အတိုင်း ခေတ်မီနည်းစနစ်၊ စည်းရုံးရေးမူဝါဒများကို လက်တွေ့ကျကျ သိရှိနားလည်ထားရန် လိုအပ်လှပါသည်။

မည်သည့်လုပ်ငန်းမဆို ပန်းတိုင်ထားမှ အောင်မြင်ပါသည်။ ပန်းတိုင်သို့ ရောက်ရန် အဆင့်စခန်း သတ်မှတ်ထားရပါမည်။ အဆင့်စခန်းကိုလည်း သာမညနှင့် အဓိက ခွဲခြားတတ်ရပါမည်။

ခေတ်စနစ်စည်းရုံးမှု ပြောင်းလဲသည်ကို ပြောင်းလဲသည့်အတိုင်း သိထားနားလည်ထားပါမှ အဆင့်စခန်းသတ်မှတ်နိုင်၍ အောင်မြင်သော စည်းရုံးရေးအတတ်ပညာကို တတ်ကျွမ်းပါမည်။

အဆင့်တိုင်းတွင် သွားချင်တိုင်းသွား၍မရပါ။ သူ့နည်းသူ့လမ်းအတိုင်းသွားပါမှ အချိန်မီရောက်နိုင် ပါမည်။

ထို့ကြောင့် သက်ဆိုင်ရာအဆင့်အတွက် သက်ဆိုင်ရာ အဆင့်စခန်းများမှာ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း နည်းလမ်းများ ရှိရပါမည်။ ထိုနည်းလမ်းများကို ဆောင်ရွက်ရာတွင် မည်မျှခက်ခဲပါစေ ကြောက်လန့်စရာမလိုပါ။ နည်းလမ်းမှန်ရောက်အောင်သာ ကြိုးစားလုပ်ရမည်၊ နည်းလမ်းရှာကြရပါမည်။ ဤသည်မှာ သာသနာပြုပုဂ္ဂိုလ်တို့၏ တာဝန်သာဖြစ်ပါသည်။

မိမိတို့ ရပိုင်ခွင့်အတွက် မိမိတို့တာဝန် ကျေပွန်မှဖြစ်ပါမည်။ တာဝန်ကျေမှလည်း ရပိုင်ခွင့်များ ရရှိခံစားနိုင်မည်သာဖြစ်ပါသည်။

လုပ်ငန်းအောင်မြင်ရန်အတွက် အရာရာကို လေ့လာသုံးသပ်ဆင်ခြင်ပြီး အခြေအနေနှင့် ကိုက်ညီမည့် နည်းလမ်းများကို ရှာဖွေကြရပါမည်။

## စည်းရုံးရေးလုပ်ငန်းအတွက် လိုအပ်ချက်

စည်းရုံးရေးတွင် ပုံသေကားချပ်နည်းလမ်း မရှိပါ။ အခြေအနေ အချိန်အခါအရ ကြည့်လုပ်ရန်သာ ဖြစ်ပါသည်။

ကြည့်လုပ်ဘို့ ဆိုသည်မှာ ကြည့်တတ်ရန် လိုအပ်ပါသည်။ သို့မှသာ အောင်မြင်သော စည်းရုံးရေးမှူးကောင်း သာသနာပြုကောင်း တစ်ယောက်ဖြစ်နိုင်ပါမည်။

စည်းရုံးရေးအောင်မြင်မှု နည်းလမ်းရှာနိုင်ရန် အတွက် အသိရှိဘို့လိုပါသည်။ အသိရှိမှလည်း နည်းလမ်း ရှာနိုင်ပါမည်။ နည်းလမ်းသိမှလည်း အဆင့်သတ်မှတ် နိုင်ပါမည်။ အဆင့်သတ်မှတ်နိုင်မှ လိုရာပန်းတိုင်သို့ ရောက်နိုင်ပါမည်။

အသိရှိဘို့အတွက် အတတ်ပညာ လိုအပ်လှပါသည်။ အတတ်ပညာဆိုသည်မှာ ရှေးပညာရှိတို့ ရေးသားမှတ်သားခဲ့သည့် ကျမ်းစာအုပ်များနှင့် အတွေ့အကြုံများမှ ရယူရပါမည်။

သို့သော် စာအုပ်ထဲရှိ အတတ်ပညာသည် ခေတ်ကာလနှင့် မကိုက်ညီပါက လက်တွေ့အသုံးချ၍ မရနိုင်သည်ကို သတိပြုရပါမည်။ အရာရာတိုင်းကို စာအုပ်ကြီး

ပါသည့်အတိုင်း လုပ်၍မရနိုင်ပါ။ အတွေ့အကြုံအတွက် ပညာအတွက် လေ့လာစရာများသည် မိမိပတ်ဝန်းကျင်တွင် ယနေ့ခေတ် အခြေအနေရ များစွာပေါ်များရှိနေပါသည်။ သတင်းစာ၊ဂျာနယ်၊စာအုပ်၊ရေဒီယို၊ တယ်လီဗေးရှင်း စသည်များ ဘဝပတ်ဝန်းကျင် စသည်တို့သည် မိမိတို့အတွက် လေ့လာစရာ ပညာယူစရာ ဘဝတက္ကသိုလ်ကြီးများ ဖြစ်နေသည်ကို သိပါ။ မိမိက လေ့လာလိုစိတ် စူးစမ်းဆင်ခြင်လိုစိတ် ရှိရန်သာ အဓိကအရေးကြီးလှပါသည်။

စည်းရုံးရေးလုပ်ငန်း အောင်မြင်မှုအတွက် မိမိ၏ စိတ်ဓာတ်တွင် သည်းခံခွင့်လွှတ်မှု ဖွဲ့ရှိမှုသည် အဓိကလိုအပ်လှပါသည်။ သည်းခံနိုင်သမျှသာ သည်းခံမှုစွမ်းအားကို မွေးနိုင်သမျှ မွေးထားရပါမည်။

စည်းရုံးရေးအောင်မြင်မှု အတတ်ပညာသည် အဆုံးမရှိပါ။ စည်းရုံးရေးအတတ်ပညာသည် အဖွဲ့အစည်းတစ်ခုအတွက် အသက်ဇီဝပင်ဖြစ်ပါသည်။ စည်းရုံးရေးမရှိက အဖွဲ့သေသည်နှင့် တူပါသည်။

စည်းရုံးရေးလုပ်ငန်းလုပ်ရာတွင် ယုံကြည်ချက် ခံယူချက် တူပါမှစုပေါင်းသည် မည်ပါမည်။ ယုံကြည်ချက်ခံယူချက်မတူညီပါက စုရုံသာစု၍ ပေါင်းသည်ဟုမဆိုနိုင်ပါ။

ယုံကြည်ချက်ဟူသည် သဘောတရားပိုင်းဖြစ်သည်။ သဘောတရား မငြိစီးပါက လုပ်ငန်းမအောင်မြင်တတ်ပါ။ လက်တွေ့မဆန်ကလည်း အသုံးမဝင်ဖြစ်တတ်ပါသည်။ခံယူချက်ဟူသည်လက်တွေ့ပိုင်းဖြစ်သည်၊ လက်တွေ့ပိုင်း၌ ရုပ်ဝတ္ထုကိုစည်းရုံးခြင်း ထက်စိတ်ပိုင်းဆိုင်ရာ စည်းရုံးနိုင်မှ လုပ်ငန်းပိုင်းဆိုင်ရာ အောင်မြင်နိုင်မည်၊ ခံယူမှုပိုင်းဆိုင်ရာလည်း လက်တွေ့ဆန်ရန်လိုပါသည် ယုံကြည်မှုခိုင်မာသလောက် လက်တွေ့သဘောမြင့်မားလာပါမည်။

လမ်းညွှန်ချက်သည် ယုံကြည်ချက်တူညီသောပုဂ္ဂိုလ်အချင်းချင်း လမ်းညွှန်ပေးပါမှ တိကျမှန်ကန်၍ အမြဲတမ်းသစ်ဆန်းနေပါမည်။

မည်သည့်အသိတရားမဆို ရာနှုန်းပြည့် အကောင်အထည်ဖော်ပေးနိုင်သည်ဟူ၍ မရှိသည်ကို သတိထားပါ၊ ခန့်မှန်းချက်ဖြင့်သာ အကောင်အထည်ဖော်နေရပါသည်။

စည်းရုံးမှုတည်ဆောက်မှုလုပ်ငန်းတို့တွင် ကိုယ်အခြေ အနေကိုယ်မပိုင်သည်ရှိက ထိုလျော့ကွက် ဟာကွက်များကို အားတင်းဖြည့်ပေးရန်လိုအပ်ပါသည်၊ အားပျော့နေသော အကြောင်းအရင်းကိုရှာပြီး အားဖြည့်ရပါမည်၊ ထိုအားပျော့သည်ကို သိမ်ငယ်ပြီး ကြောက်လန့်နေပါက လည်းကောင်း မိမိပျော့ကွက်ဟာကွက်ကို မိမိကမရှာနိုင်

ဘဲရှိနေပြီ သူတစ်ပါးခြောက်တိုင်း ကြောက်နေသော် လည်းကောင်း မြှောက်တိုင်းမြှောက်နေသော်လည်းကောင်း မိမိဘဝအတွက် ဆိုးကျိုးများသာ ရရှိခံစားနိုင်ပေလိမ့်မည်။

အသိတရား၊ အတတ်ပညာတရားရှိက ကြောက်ရန်မလိုပါ၊ အသိပညာ၊ အတတ်ပညာရနိုင်ရန်အတွက် ပကတိဘဝကို အခြေခံရန် မမေ့ရပါ၊ မိမိ၏ပကတိဘဝတွင် စိတ်ပိုင်း ရုပ်ပိုင်းဟူ၍ရှိရာ ထိုနှစ်ခုကို အခြေခံထားရပါမည်၊ စိတ်ရုပ်ပကတိသဘာဝကိုအခြေခံက အသိနည်းလမ်းကိုရပါမည်၊ အသိနည်းလမ်းရက အဆင့်သတ်မှတ်နိုင်ပါမည်၊အဆင့်သတ်မှတ်နိုင်က ပန်းတိုင်ရောက်ပါမည်၊ စည်းရုံးရေးဆိုသည်မှာ လူကလူကိုစည်းရုံးခြင်းပင်ဖြစ်ပါသည်၊ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်လျှင်ဖြစ်ချင်းပင် စည်းရုံးရေးကိုစတင်ပြီး မိမိ၏အယူဝါဒနှင့် သာသနာပြု တည်ထောင်ခဲ့သည်။

ဗုဒ္ဓသည်ပထမ မိမိကိုယ်ကိုမိမိ ဘုရားဖြစ်နိုင်ရေးစိတ်ကို ဆုံးဖြတ်စည်းရုံးနိုင်ခဲ့သလို သာသနာပြုပုဂ္ဂိုလ်များသည် မိမိကိုယ်ကိုမိမိ သာသနာပြုစိတ်များ ဝင်လာအောင် စည်းရုံးရပါမည်၊ ကိုယ်ကပြည့်ဝမှ သူတစ်ပါးကိုစည်းရုံးနိုင်ပါမည်။ မျက်မှောက်ခေတ် စည်းရုံးရေးသည်

ဟောရုံ ပြောရုံဖြင့်မရနိုင်ပါ။ မိမိကဦးစွာလက်တွေ့လုပ်ပြမှ စည်းရုံးရေး ရနိုင်မည်။

စည်းရုံးရေးသည် ခေတ်သဘောအရ ပြေခြင်းဖြစ်ပါသည်၊ အမှန်မှာ သာသနာပြုလုပ်ငန်းတွင် ဆက်ဆံရေး လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။

အချုပ်ဆိုရသော် စည်းရုံးရေးဟူသည် ကိုယ်လုပ်နေသည် အလုပ်သဘောကို သဘောပေါက်ရန်ဖြစ်သည်။ သဘောမပေါက်ပါက လေးနက်မှု မရှိတတ်ပါ၊ သဘောပေါက်ရန် အမြဲတွေးခေါ် စဉ်းစားနေရမည်။ အတွေးအခေါ် လေးနက်က အသိလေးနက်မည်၊ အသိလေးနက်က အလုပ် လေးနက်မည်။

အလုပ်လုပ်ရာ၌ အားလိုအပ်သည်၊ အားကို လွယ်ကူစွာဖြင့် မရနိုင်ပါ။ ပြုစုပျိုးထောင် မွမ်းမံပေးမှ ရနိုင်သည်။ မှုမမှန်သည်ကို မှုမှန်သည်နှင့်အစားထိုးပေးနိုင်ရမည်။ လျော့ရဲမှုရှိက မရှိအောင် စိတ်ဓာတ်ကျနေက မကျအောင်လုပ်ရမည်။ စိတ်ဓာတ်ကျနေက သေသည်နှင့် မခြားတော့ပါ၊ ကိုယ်က တက်ကြွနေမှ အခြားကပါ တက်ကြွနေပါမည်။

တနည်း စည်းရုံးရေးဟူသည် ယေဘုယျအားဖြင့် အဖွဲ့အစည်းတစ်ခု၏ နယ်ပယ်အတွင်းမှာ ဖြစ်စေ၊ လူပုဂ္ဂိုလ် တစ်ခု၏ နယ်ပယ်အတွင်းမှာဖြစ်စေ၊ လူများ အဖွဲ့အစည်း များတွင် သူ့နေရာနှင့်သူ နိုးဆော်စည်းရုံး ဖွဲ့စည်းလေ့ကျင့် ပေးသော အတတ်ပညာဖြစ်ပါသည်။

ထို့ကြောင့်သာသနာပြု လုပ်ငန်းလုပ်ဆောင်ကြမည့် ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များသည် ဦးစွာပထမ စည်းရုံးရေး ယူသော သဘောတရားကို သိရှိနားလည်ရန် လိုအပ်ပါ သည်။

=================

## သာသနာပြု စည်းရုံးရေး၏ ရည်ရွယ်ချက်နှင့်တာဝန်

ရဟန်းသာသနာပြုပုဂ္ဂိုလ်၊ လူသာသနာပြုပုဂ္ဂိုလ်များသည် စည်းရုံးရေးလုပ်ငန်းများ လုပ်ကြရာတွင်-

မည်သည့်အတွက် စည်းရုံးရမည်နည်း၊

ဗုဒ္ဓသာသနာတော်တည်တံ့ထွန်းကား ပြန့်ပွားရေးအတွက် စည်းရုံးရပါမည်၊

မည်သည့်ရည်ရွယ်ချက်ဖြင့်စည်းရုံး ရမည်နည်း၊

ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဟူသော ရည်ရွယ်ချက်ဖြင့် စည်းရုံးရပါမည်။

ဤအလုပ်သည် မည်သို့ယှဉ်၍ လုပ်ရမည်နည်း၊

အသိနှင့်ယှဉ်၍ လုပ်ရမည့်အလုပ်ဖြစ်ပါသည်။

အလုပ်တိုင်းတွင် ရည်ရွယ်ချက်ရှိသည်။ ရည်ရွယ်ချက်မရှိက ပဲ့မပါသောလှေကဲ့သို့ ရောက်ချင်ရာရောက်မည် ပေါက်ချင်ရာပေါက်မည်။

သာသနာပြုကြရာတွင် ပြည်တွင်းရှိ နယ်စပ်နှင့် တောင်တန်းဒေသများ၌ ဗုဒ္ဓသာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် ခိုင်မာသော ရည်ရွယ်ချက် ထားရှိရပါမည်။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဝိနယောနာမသာသနဿ အာယု ဟုဆိုသည့်အတိုင်း ဝိနည်းအကျင့်များသည် သာသနာ၏အသက်ဖြစ်သောကြောင့် ရဟန်းတော်များသည် ဝိနည်းသိက္ခာပုဒ်နှင့် အကျင့်ကိုလေးမြတ်စွာထားတတ်ရမည်။ ကျင့်ကြံရပါမည်။

သို့မှသာ သာသနာသန့်ရှင်းပါမည်။ သာသနာသည် မူလကထဲက သန့်ရှင်းစင်ကြယ်ပြီး ဖြစ်ပါသည်။ ထိုသာသနာကို ညစ်နွမ်းအောင် ပြုသူများမှာ ရဟန်းတော်များနှင့် သာသနာဖျက်ဆီးနေသူများသာဖြစ်ပါသည်။

သန့်ရှင်းပြီးသော သာသနာတည်တံ့ရန်အတွက်မူ ပရိယတ္တိနာမ သာသနဿမူလံဟု ဆိုထားသည့်အတိုင်း သစ်ပင်ရှင်သန်ရန်အတွက်မြေကြီးသည် မူလပဓာန ဖြစ်သလို ပရိယတ္တိဟူသော ပိဋကတ်သုံးပုံနှင့် ထိုပိဋကတ်ကိုသင်ယူခြင်းသည် သာသနာတည်တံ့ရေးအတွက် အမြစ်ဖြစ်ပါသည်။

ထို့ကြောင့် သာသနာပြုပုဂ္ဂိုလ်များသည် လောကုတ္တရာစာပေများကိုလည်း ကြိုးစားသင်ယူရသည်။ လေ့လာရမည်၊ ဖတ်ကြားမှတ်သားကြရပါမည်။

သာသနာတော်သန့်ရှင်းရုံမျှနှင့်မပြီး တည်တံ့ရန် လုပ်ရပါမည်။

- အကျင့်သီလကို ကျင့်ရန်လိုအပ်သည်
- ပရိယတ္တိစာပေကို သင်ယူမှတ်သားရန် လိုသည်၊
- နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင်များက ပံ့ပိုးရန်လိုသည်၊
- ပစ္စည်းလေးပါးထောက်ပံ့မှုလိုသည်၊

သာသနာတော်သန့်ရှင်တည်တံ့ပြန့်ပွားထွန်းကား ရေးအတွက် မိမိကိုယ်တိုင်ကလည်း အကျင့်သီလပညာနှင့် ပြည့်စုံရန်လိုပြီး မိမိတစ်ဖန် အခြားမသိသောသူများကို ဟောပြောစည်းရုံးရန် လိုအပ်ပါသည်။

ယနေ့ သာသနာ(၂၅၀၀)ကျော်ထိ တည်တံ့လာ သည်မှာ ရဟန်းတော်များ ထိန်းသိမ်းခဲ့၍ ဆိုသည်ကို အစဉ် သတိရှိကြရပါမည်။

မိမိဘက်က ပြည့်စုံရမည်၊ မိမိကပြည့်စုံမှ သူတစ်ပါး ကို ဖြည့်နိုင်မည်။ ကိုယ်မပြည့်က သူတစ်ပါးကို မဖြည့်နိုင်ပါ၊ မိမိကမပြည့်၍ အားလျော့နေလျှင် ဆိုင်ရာလုပ်ငန်းများ ချွတ်ယွင်းလာတတ်ပါသည်။ အလုပ်လုပ်ကြရာတွင်

"အား"ဆိုသောအရာ လိုအပ်ပါသည်။ အားဆိုသည်မှာ -

- အတတ်ပညာအား
- အတွေ့အကြုံဗဟုသုတအား
- ယုံကြည်မှုအား
- စေတနာအားတို့ဖြစ်ပါသည်။

အားရှိမှ ဆိုင်ရာလုပ်ငန်း တိုးတက်လာနိုင်မည်။ အားကိုအမြဲနိုးနေရပါမည်။ နှိုးမှ နိုးမည်၊ နိုးမှ တက်ကြွလာမည်။ ပြန့်ကြဲနေသည့် အားကို စုစည်းတတ်ရမည်။ စုစည်းမှုရှိမှ ရှင်သန်လှုပ်ရှားမည်။

ထိုအားကို လွယ်လွယ်ကူကူနှင့်ရနိုင်သည်မဟုတ်ပါ။ သင်ယူသမှု လေ့လာမှုစသည်ဖြင့် ပြုစုပျိုးထောင်မွမ်းမံပေးမှ ရနိုင်ပါသည်။

- အတတ်ပညာနည်းက အတတ်ပညာများအောင်
- အသိပညာနည်းက အသိပညာများအောင်
- လေ့လာမှုနည်းက လေ့လာမှုများအောင်
- မှုမမှန်က မှုမှန်ဖြစ်လာအောင်
- လျော့ရဲမှုရှိလာက လျော့ရဲမှုမရှိအောင်
- စိတ်ဓာတ်ကျလာက စိတ်ဓာတ်မကျအောင်

ကြိုးစားဆောင်ရွက်နေရပါသည်။ စည်းရုံးနေရပါမည်။

ပြန့်ပွားရေးအလုပ်သည် ဖြန့်ဖြူးရေးအလုပ်ဖြစ်သည်။ အခြေအနေကို လေ့လာဆုံးဖြတ်ပြီး စနစ်တကျပြုလုပ်တတ်ရပါမည်။ အခြေအနေမပေးက ဖန်တီးတတ်ရပါမည်။

စေတနာကို သူနေရာနှင့်သူ အံဝင်ဂွင်ကျအောင်ပြုလုပ်တတ်ရပါမည်။ အံဝင်ဂွင်ကျအောင် မပြုလုပ်တတ်ပါက "မျောက်ကိုချစ်ငြား ခြူးဆွဲမှားသို့ နားမချမ်းသာ၊ ရှိတုံရာ၏" ဟူသကဲ့သို့ အကျိုးမသက်ရောက်ပဲ အပြစ်သာဖြစ်တတ်ပါသည်။

သာသနာပြုစည်းရုံးရေးလုပ်ငန်းလုပ်ရာ၌ ကံ(၃)ပါးလည်း ရှေ့နောက်ညီညွတ်အောင် ကျင့်သုံးနိုင်ရန် ကြိုးစားရပါမည်။ ကြိုးစားရာတွင် လူကိုသိမ်းသွင်းရမည်။

ရရှိလာသောအားကို စနစ်တကျ စုစည်းတတ်ရပါမည်။ ကိုယ်တိုင်လေးနက်စွာ ယုံကြည်မှသာ လူတို့ကိုသိမ်းသွင်းစည်းရုံးနိုင်ပါမည်။ တစ်ယောက်အနေနှင့် အင်အားမရှိသော် အဖွဲ့အစည်းဖြစ်ပေါ်လာက အင်အားရှိသည်ကို သိထားရပါမည်။

အဖွဲ့အစည်းတစ်ခု၏ ဦးဆောင်မှု လမ်းညွှန်မှုကို

ထိုအများစုက ယုံကြည်စွာလက်ခံကျင့်သုံးမှုသည် လုပ်ငန်း၏ အနှစ်သာရပင်ဖြစ်ပါသည်။ ယုံကြည်မှု မရှိလျှင် အဖွဲ့အစည်း မတည်တံ့နိုင်ပါ။

ပုဂ္ဂိုလ်ရေးထက် အများရေးကို ဦးစားပေးတတ်ရပါမည်။ အတ္တရှေ့တန်းတင် ယေဘုယျသဘော အားနည်း၍ စည်းရုံးရေးပျက်ပြားတတ်သည်ကို သတိပြုရပါမည်။

လူသဘောသည် ကိုယ်ကအားကိုးမှ သူကအားကိုးမည်။ ကိုယ်ကယုံကြည်မှ သူကယုံကြည်မည်။ အလုပ်လုပ်ရာ၌ သူများခိုင်း၍လုပ်ရသည်ထက် ကိုယ်အသိဖြင့်လုပ်ချင်းကပို၍အကျိုးရှိပါမည်။ စည်းရုံးရေးတွင် နည်း(၂)မျိုးရှိပါသည်။

(၁) သဘောတရားဖြင့် စည်းရုံးခြင်း

(၂) သဘောတရား လက်တွေ့နည်းဖြင့် စည်းရုံးခြင်းတို့ဖြစ်သည်။

သဘောတရားဖြင့် စည်းရုံးရာ၌ ဟောပြောပို့ချနည်း ဆွေးနွေးမေးမြန်းခြင်း၊ စာပေရေးသား ခြင်းနှင့် ပြခန်းများခင်းကျင်းပြသခြင်းတို့ပါဝင်ပါမည်။

ထိုသို့စည်းရုံးရာတွင် မိမိစည်းရုံးသော ဒေသ၏ လူနေမှု ယဉ်ကျေးမှု ဓလေ့ထုံးစံ စသည်တို့ကို သိထားရန်

လိုအပ်ပါသည်။ အစည်းရုံးခံရသူ စိတ်ဝင်စားလာအောင် ပြုလုပ်ရန် အဓိကကျပါသည်။

သဘောတရားနှင့် လက်တွေ့ပေါင်းစပ်ပြီး စည်းရုံးရာ၌မိရိုးဖလာ လူငယ်များအား စိတ်ရှည်လက်ရှည် ရှင်းပြနိုင်ရန် လိုအပ်ပါသည်။ယနေ့ခေတ် လူငယ်များသည် ပြောတိုင်းမယုံတတ်ကြပါ၊ စူးစမ်းလိုစိတ် ဝေဘန်လိုစိတ်၊ ဆန်းစစ်လိုစိတ်ရှိကြသည်။ အရာရာကို အသေမှတ်ခိုင်း၍မရပါ အကျိုးနှင့်အကြောင်း စပ်ဆက်ရှင်းပြနိုင်မှ စည်းရုံးနိုင်မည်ဖြစ်ပါသည်။

အချို့ပုဂ္ဂိုလ်များသည် သဘောတရားပိုင်းအနေဖြင့် စည်းရုံး၍ ရနိုင်သော်လည်း အချို့ပုဂ္ဂိုလ်များက ကိုယ်ပိုင်အသိဉာဏ်ဖြင့် စူးစမ်းခွင့်ရမှ ကြေနပ်မှုရှိကြသည်ကို သတိပြုကြရပါမည်။

စည်းရုံးရာတွင် ပုဂ္ဂိုလ်ခင်မှ တရားမင်သည်လည်း ရှိတတ်ပါသည်။ သို့သော်ပုဂ္ဂိုလ်ရေးထက် သာသနာရေးကို ဦးစားပေးဆောင်ရွက်ရမည်ကို မမေ့ရန် လိုအပ်ပါသည်။

တာဝန်တစ်ရပ်အရ စည်းရုံးလုပ်ရတော့မည်ဆိုလျှင် တာဝန်နှင့် ရည်ရွယ်ချက် ဆက်စပ်မှု ရှိရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်ဖြစ်အောင်ထက် ဗုဒ္ဓဘာသာစစ်စစ်

ဖြစ်အောင် စည်းရုံးရန်လိုသည်။ ရဟန်းသာပြုပုဂ္ဂိုလ် လူသာပြုပုဂ္ဂိုလ်များသည် သာသနာပြုလုပ်ငန်း စည်းရုံးရာ၌များစွာ အရေးကြီးသည်ကိုသိပါ။

သာသနာပြု စည်းရုံးရေးမှူးကောင်းတစ်ယောက်ဖြစ်ရန်အတွက် အောက်ပါအရည်အချင်းများ ပြည့်စုံရန်လိုအပ်လှပါသည်။

(၁) ပရိယတ္တိဝိသာရဒဂုဏ်
(၂) ဌာနာဌာန ကောသလ္လဉာဏ်
(၃) ဝိဘဇ္ဇဝိစာရဏာဉာဏ်
(၄) လဇ္ဇီပေသလသိက္ခာကာမဂုဏ်
(၅) ခမာဇာဂရိယဂုဏ်
(၆) အတ္တသမ္မာပဏိဓိဂုဏ်
(၇) နိဝါတနိမာနဂုဏ်

ဤဂုဏ်များနှင့် ပြည့်စုံရန် လိုအပ်လှပါသည်။

သာသနာပြုစည်းရုံးရေးမှူးများသည် တောင်တန်းပြည်နယ်သားတို့ကို စည်းရုံးရာတွင် -

(၁) <u>ပညာပေးခြင်း။</u> သူတို့နှင့် လိုက်လျောညီထွေသောအသိ၊ အတတ်ပညာများရရှိနိုင်အောင် သင်

ကြားပေးရမည်၊ သင်ကြားနိုင်အောင် လမ်းညွှန်ပေးနိုင်ရမည်။

(၂) အကူအညီပေးခြင်း။ ပညာသင်နိုင်အောင် ကျန်းမာရေး၊လူမှုရေး အဆင့်အတန်းမြင့်မားလာအောင် အကူအညီပေးနိုင်ရပါမည်။

(၃) အာဏာပိုင်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း။ ။ပညာရေး ၊ကျန်းမာရေး လူမှုရေး လုပ်ငန်းတို့ လုပ်ဆောင်ရာတွင် အာဏာပိုင်အဖွဲ့အစည်းနှင့်ညှိနှိုင်းခြင်း၊ တိုင်ပင်ခြင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်ပေးရပါမည်။

သို့အတွက်သာသနာပြုစည်းရုံးရေးကောင်း တစ်ယောက်ဖြစ်နိုင်ရေးအတွက် ရည်ရွယ်ချက်နှင့်တာဝန်များကိုသေချာစွာ လေ့လာဆင်ခြင် သုံးသပ်ပြီး ဆုံးဖြတ်ချက်ချကာ လုပ်နိုင်ပါမှ စည်းရုံးရေးလုပ်ငန်းအောင်မြင်မည်။

==============

## သာသနာပြုစည်းရုံးခံရမည့် ပုဂ္ဂိုလ်တို့၏ အဆင့်အတန်း

ထေရဝါဒဗုဒ္ဓသာသနာတော်တွင် အလယ်အလတ်လမ်းစဉ်ဟုခေါ်သော (မဇ္ဈိမပဋိပဒါ)ကျင့်စဉ်(ဝါ) မဂ္ဂင်(၈)ပါး ကျင့်စဉ်ဟူသော ကျင့်စဉ်သည် အဓိကသော့ချက်ဖြစ်သည်။

သာသနာပြုခံ(ဝါ) ဒေသခံပုဂ္ဂိုလ်များ၏-

- ပညာဉာဏ်ရည်အဆင့်
- လက်ခံနာယူကျင့်သုံးနိုင်မည့် လူနေမှုအဆင့်
- အသက်အရွယ်ပမာဏအဆင့်

တို့ကို ထောက်ရှုဆင်ခြင်သုံးသပ်ပြီး ဟောပြောစည်းရုံးသာသနာပြုရန် လိုအပ်ပါသည်။

ထိုအခြေအနေများကို မစူးစမ်းမဆင်ခြင် မသုံးသပ်ဘဲ အတင်းအကြပ် ထိုးဖောက်စည်းရုံးမိပါက အစွန်းရောက်ဝါဒ၊ အယူသည်းဝါဒ၊ ကြီးနိုင်ငယ်ညှင်းဆဲဝါဒ၊ အင်အားကြီးဝါဒမျိုးဖြစ်သွားနိုင်သည်။ ဆေးကြောင့်လေး ဆိုသကဲ့သို့ဖြစ်သွားနိုင်ပါသည်။ ထိုသို့ ဖြစ်သွားသော် သာသနာပြုလုပ်ငန်းတွင် အဟန့်အတား ဖြစ်သွားနိုင်ပါသည်။

သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့သာသနာပြု ကျရာ နယ်ပယ်ဒေသရှိ ပြည်သူများကို အဆင့်(၃)ဆင့်ခွဲ၍ လေ့လာသုံးသပ်ဆင်ခြင်တတ်ရပါမည်။

၁။ စာပေအသိဉာဏ်ဗဟုသုတ လုံးဝအားနည်း နေသောပုဂ္ဂိုလ်များကို အခြေခံအဆင့်ဟု သတ်မှတ်ထားရပါမည်၊

ထိုအဆင့်ရှိပုဂ္ဂိုလ်များကို ပါဠိတွေ၊ အဋ္ဌကထာ၊ ဋီကာတွေ၊ ဒသနတွေ ဟောပြောပို့ချချက်တွေဖြင့် ဟောပြောနေပါက ကျွဲပါးစောင်းတီးဖြစ်ပြီး ဟောသူ နာသူ နှစ်ဘက်အကျိုးမဲ့သာ ဖြစ်ရပါမည်။ သူတို့တတွေ နားလည် နိုင်သော ဝေါဟာရအသုံးအနှုံးစကားဖြင့်သာ ဆွေးနွေးပြ တတ်ရပါမည်။

ထိုသို့ဆွေးနွေးဟောပြောရာတွင် ကာလဒေသကို ကြည့်တတ်ရပါမည်။ သူတို့တတွေ ဝမ်းစာရေး ပရိသေဿန ရှာမှီးချိန်မျိုး မဖြစ်စေရဘဲ သူတို့တတွေ အားလပ်ချိန်မျိုး၌ ဆွေးနွေးနိုင်ရန် စီစဉ်တတ်ရပါမည်။

ဆွေးနွေးစည်းရုံးရာတွင် ကိုယ်ဟောချင်တာကို အတင်းရောအဓမ္မဟောပြော၍ မရနိုင်သည်ကို သတိ ထားပြီး တဖြည်းဖြည်းချင်း နာဝင်အောင် စည်းရုံးဟောပြော

နိုင်ရပါမည်။ ဝတ္ထု ဇာတ်နိပါတ် ပုံပြင်များဖြင့် သူတို့ အကြိုက် ဝါသနာနှင့်နှီးနွယ်၍ ဓမ္မရသကို တဖြည်းဖြည်း ခံစားနိုင်အောင် ဟောပြောတတ်ရပါမည်။

အလယ်အလတ်ပုဂ္ဂိုလ်ဆိုသည်မှာ ပညာလည်း အနည်းငယ်တတ်ပြီး လောကလူမှုရေးရာလည်း အထိုက် အလျှောက် လုပ်ကိုင်လှုပ်ရှားဖူးသူများကို ဆိုလိုပါသည်။

ထိုပုဂ္ဂိုလ်များကို သူတို့နားလည်နိုင်သော အသုံး အနှုံး ဝေါဟာရများဖြင့် ဓမ္မ၏သော့ချက်ဆောင်ပုဒ်များ၊ ဓမ္မသံဝေဂများ၊ မြန်မာပြန်ဇာတ်ဝတ္ထုများ၊ စာအုပ်များ ပေး၍ ဖတ်စေခြင်းဖြင့် သိမ်းသွင်းဟောပြော စည်းရုံးနိုင်ရ ပါမည်။

အခြေခံဒါန,သီလ အကြောင်းများ၊ ထိုမှတဆင့် ဘာဝနာအဆင့်များကို တဆင့်ပြီးတဆင့် စည်းရုံးဟောပြော ပြတတ်ရန် လိုအပ်ပါသည်။ ဗုဒ္ဓယဉ်ကျေးမှုများကို လွယ်လွယ်ရှင်းရှင်းသဘောပေါက်အောင် ဆွေးနွေးရပါမည်၊ အလွန်ခက်ခဲသော အဘိဓမ္မာကျမ်းစကားတို့ဖြင့် မပြော ပြဘဲ လောကရှိမည်သူမဆို မိမိစိတ်ပေါ်တွင် မူတည်၍ မိမိအလုပ် လုပ်မှုမိမိဘဝပြည့်စုံနိုင်ပုံအကြောင်း အလုပ်နှင့် အလုပ်အကျိုးကို လက်တွေ့ပြသဟောပြောစည်းရုံးနိုင် ရပါမည်။

တတိယအဆင့်မှာ ပညာတတ်ဂုဏ်သရေရှိ ရာထူးဌာနန္တရရှိသော အထက်တန်းစားလူတန်းလွှာကို ဆိုလိုပါသည်။

ထိုအဆင့်ပုဂ္ဂိုလ်များကိုမူ ဓမ္မ၏အနှစ်သာရများကို မိမိရရကျမ်းကိုး အထောက်အထား လက်တွေ့ဘဝဖြစ်စဉ်များနှင့်နှိုင်းယှဉ်ပြီး ဆွေးနွေးဟောပြောပြနိုင်ရပါမည်။ အပေါ်ယံကြောသဘော ဝတ်ကျေတန်းကျေသဘောထား၍ ဟောပြော၍ မရပါ။ နက်ရှိုင်းသော အတွေးအခေါ်အယူအဆတို့ဖြင့် ညှိနှိုင်းဆွေးနွေးပြနိုင်ရပါမည်။

ယင်းတို့လက်ခံထားရှိသော မူလအယူစွဲဝါဒနှင့် ဗုဒ္ဓ၏ ဓမ္မရသကို နှိုင်းယှဉ်ဆွေးနွေးကာ ဗုဒ္ဓ၏ဓမ္မများသည် လောကသဘာဝသိပ္ပံသဘာဝနှင့် ကိုက်ညီပုံတို့ကို သဘာဝယုတ္တိ အာဂမယုတ္တိ အာစာရယုတ္တိများဖြင့် ညှိနှိုင်းဆွေးနွေးပြသနိုင်ရပါမည်။

တစ်ဖန် သာသနာပြုရာတွင် တိုင်းရင်းသားများအား အခြေခံရုပ်ဝတ္ထု အနုပညာလက်ရာတန်ဘိုးကို သိနားလည်အောင် ကျင့်သုံးပုံ ကျင့်သုံးနည်းကို ပထမအဆင့်အနေနှင့် လမ်းညွှန်ပြရန် လိုအပ်ပါသည်။

ဉပမာ နေ့စဉ်မှန်မှန် ရုပ်ပွားဆင်းတုတော်ဖြစ်စေ

စေတီပုထိုးကိုဖြစ်စေ၊ ရှိခိုးပူဇော်တတ်အောင် ဆုတောင်းတတ်အောင် ကူညီရပါမည်။

ဤသည်မှာ ပန်းချီ ပန်းပု အနုပညာလက်ရာကို စွဲလမ်းနှစ်သက် တန်ဘိုးသိလာအောင် ဆွဲဆောင်သော ပထမအဆင့်နည်းဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် သာသနာကို လက်ခံယုံကြည် ကြည်ညိုကာ သူများကိုမိမိတို့ယုံကြည်သော ဗုဒ္ဓဘာသာ၏အနှစ်သာရတန်ဘိုးကို သိရှိသဘောပေါက်နားလည်အောင် ကျင့်သုံးရပုံကို လမ်းညွှန်ပြသရပါမည်။

ဥပမာ-ကြေးဆင်းတု , ကျောက်ဆင်းတု , ဒက္ခဏသာခါ , စေတီပုထိုးစသည်တို့ကို ရှိခိုးပူဇော်ရာ၌ အနုပညာမြောက်သည်ကို တန်ဘိုးထားသည်ထက် ဗုဒ္ဓကိုယ်စားပြုသော အရာဖြစ်သည်ကို နှလုံးသွင်းလက်ခံလာအောင် ကူညီသင်ကြားပြသပေးနိုင်ရပါမည်။

ဤသည်မှာ ကိုးကွယ်စရာ၊ ကြည်ညိုစရာဖြစ်သော အလှအပတန်ဘိုးကို ချစ်မြတ်နိုးတတ်အောင် ဆွဲဆောင်သော နည်းဖြစ်ပါသည်။

တတိယအဆင့် ပညာတတ် ဂုဏ်ရှိပုဂ္ဂိုလ်များကို သာသနာပြုရာတွင် ထိုရုပ်ပွားဆင်းတု၊ စေတီပုထိုး စသော

သာသနိကပစ္စည်းများကို ရှိခိုးခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ဗုဒ္ဓသာသနာနည်းကျ မှန်ကန်အောင် ညွှန်ကြားသင်ကြားပြသရပါမည်။

ဥပမာ-ထိခြင်းငါးပါး ရှိခိုးနည်း၊ ဆုတောင်းပုံ ဆုတောင်းနည်း မှန်ကန်စွာဆုတောင်းရပုံတို့ကို စနစ်တကျ သင်ပေးပြီး အကျိုးရလာဒ်အနှစ်သာရကို သိရှိအောင် ဟောပြောပြရပါမည်။

ထိုမှတစ်ဖန် အတွင်းကျကျ အနှစ်သာရဖြစ်သော ပကတိဓမ္မသဘော၊ ဓာတ်သဘာဝသဘောတို့ကို ဟုတ်တိုင်း မှန်စွာသိရှိနိုင်သော အဘိဓမ္မာသဘောသဘာဝများကို ဆွေးနွေးပြပြီး ထိုမှတဆင့် သမထဝိပဿနာအဆင့် ရောက်အောင်လမ်းညွှန်ပြသပေးနိုင်ရပါမည်။

ထိုသို့သောအဆင့်များသို့ ရောက်လာလျှင် သာသနာပြုခံ တိုင်းရင်းသားများသည် စစ်မှန်သော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပါမည်။

ထိုသို့ဖြစ်အောင် နည်းပေးလမ်းပြ သာသနာပြုကြသော ပုဂ္ဂိုလ်များသည် ကာလ,ဒေသ,ပုဂ္ဂလဆိုသည့်အတိုင်း အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်၍ လုပ်တတ်ကိုင်တတ်ရန် လိုအပ်ပါသည်။

===============

## သာသနာပြုပုဂ္ဂိုလ်များ၏စိတ်ဓာတ်

မြတ်စွာဘုရားရှင်သည် မိမိ၏သာသနာတော်၌ရဟန်း(၆)ကျိပ်ကျော်စုမိသောအခါလောကလူသားတို့ အကျိုးစီးပွားအလို့ငှာ သာသနာပြုကြွပြီး တရားဟောသာသနာပြုစည်းရုံးရေးပြုလုပ်ကြရန် မိမိ၏တပည့်များကို ဒေသအသီးသီးသို့ စေလွှတ်ခဲ့လေသည်။

-မယဉ်ကျေးမလိမ္မာသေးသောသူများ ယဉ်ကျေးလိမ္မာအောင်အသိဉာဏ်ပညာကိုယ်ခံအား ရှိလျက်ဓမ္မတည်း ဟူသော နေရောင်ခြည်မတွေ့သေး၍ မဖူးပွင့်ကြသေးသော ပုဂ္ဂိုလ်များ၊ အသိဉာဏ်ပွင့်ပြီး တရားထူး တရားမြတ် ရရှိစေရန် စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ခံစား နေရသောသူများ စိတ်ချမ်းသာမှု ကိုယ်ချမ်းသာမှုရစေရန်၊

-နိုင်ငံသူ/နိုင်ငံသားအားလုံး တရားစစ် တရားမှန်ရရှိခံစားစေရန်၊

ဟူသော ရည်ရွယ်ချက်ဖြင့် ခေတ်အဆက်ဆက် သာသနာပြုရဟန်းတော်များသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြပါသည်။

ထိုသာသနာပြုလုပ်ငန်းနှင့်ပတ်သက်၍ ထားရှိ

ရမည့်စိတ်ဓာတ်နှင့်ပတ်သက်၍ ဆရာတော်ဘုရားကြီးများက ခေတ်ဆောင်ပုဒ်လေးများဖြင့် အသီးသီးဆုံးမခဲ့ကြသည်ကို တွေ့ရပါသည်။

"စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ၊ ပြုရန်သာသနာ"

"မာနနှိမ်ချိုး၊ ကိုယ့်အကျိုးစွန့်၊ စိတ်ဆိုးသည်းခံ၊ နွံနာခံ၊ ဇွဲသန်သာသနာပြုပါမည်"

"ဗုဒ္ဓသာသန ဘာရော အဝဿံဟိတဗ္ဗော"

"ငါသည် ဗုဒ္ဓသာသနာတော်၏တာဝန်ကို မချွတ်ထမ်းဆောင်ပါမည်"

သာသနာပြုပုဂ္ဂိုလ်များသည် မိမိတို့တာဝန်ကျရာသာသနာပြုဌာနအသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြရာ၌ အထက်ပါဆရာတော်ကြီးများ ဆုံးမလမ်းညွှန်ထားသည့်အတိုင်း-

မာနကို ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ချိုးနှိမ်ထားရန် လိုအပ်ပါသည်။ အလုပ်တာဝန်တစ်ခုခုကို လုပ်ကြ၍ အောင်မြင်မှုရလာသော ပုဂ္ဂိုလ်အချို့သည် ငါပြောတာအဟုတ်၊ ငါလုပ်တာအမှန်၊ ငါကြံတာအကောင်း ဟုမာန်မာနတက်ပြီး ပပလွှားလွှားပြောဆိုပြုမူတတ်ကြလေသည်။

ထိုကဲ့သို့ မာန်မာနထောင်လွှားမှုကို ချိုးနှိမ်၍ လုပ်ကိုင်ဆောင်ရွက်ကြမှသာ မိမိတို့ ဆောင်ရွက်နေသော လုပ်ငန်းကြီးသည် အောင်မြင်မှုအပြည့်အဝ ရရှိ၍ အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်ပါသည်။

သာသနာပြုစည်းရုံးရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရွက်နေကြသော သာသနာပြုပုဂ္ဂိုလ်များအနေဖြင့် သတိတမံ ဉာဏ်မြေကတုတ် ပညာစွန်ချွန်းကဲ့သို့အုပ် ဟူသော ရှေးရှေးဆရာတော်ကြီးများ၏ ဆုံးမစကားကို အလေးအနက်ထားကာ သတိ,အသိပညာဉာဏ်တို့ဖြင့် မာန်မာနတရားကို ချိုးနှိမ်ကြကာ ဆောင်ရွက်ကြရပါမည်။

အများအကျိုးပြုလုပ်ငန်းများဖြစ်သော နိုင်ငံရေး၊ လူမှုရေး ဘာသာသာသနာရေးတို့ကို ဆောင်ရွက်ကြရာဝယ် ကိုယ့်အကျိုး ကိုယ့်စီးပွားဖြစ်သော ဥစ္စာစည်းစိမ်ဂုဏ်သိန်ရ တိုးတက်ရေးကိုသာ ရှေးတန်တင်၍ဆောင်ရွက်နေပါက မိမိတို့အကျိုးပြု လုပ်ငန်းများသည် အောင်မြင်မှုရနိုင်မည်မဟုတ်သည့်ပြင် မမှန်မကန်သောရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေသော "ငါဘို့သမား " တစ်ကိုယ်ကောင်းဆန်သူသမားဘဝသို့ကျရောက်သွားပြီး လူအများ၏ အကြည်ညိုမဲ့အထင်မြင်သေးခံဘဝသို့ ဆိုက်ရောက်သွားနိုင်ပါသည်။

သို့အတွက် အမျိုးဘာသာသာသနာအတွက် ဆောင်ရွက်နေကြသောသာ သနာပြု၊ သာသနာအကျိုးဆောင်ပုဂ္ဂိုလ်များသည် ကိုယ်ကျိုးကိုလုံးဝ စွန့်လွှတ်နိုင်ရန် လိုအပ်ပြီး အများအကျိုးအတွက်သည်ပိုးဆောင်ရွက်လိုသော စိတ်ဆန္ဒသာရှိနေရန် လိုအပ်ပါသည်။

သာသနာပြုစည်းရုံးရေးလုပ်ငန်းဟူသည် အများနှင့်ဆက်ဆံ၍လုပ်ရသော လုပ်ငန်းဖြစ်၍ လုပ်ငန်းခွင်တွင် စိတ်တိုင်းမကျစရာ စိတ်ဆိုးစရာ၊ စိတ်မကျေနပ်စရာများနှင့် မကြာခဏတွေ့ရတတ်ပါသည်။ထို့သို့တွေ့ကြုံသည်အခါ အကျိုးအကြောင်းဆင်ခြင်၍ အမှန်သိမြင်အောင် သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ်၍ စိတ်ဆိုးစရာ၊ စိတ်မကျေနပ်စရာတို့ကိုဖြစ် အောင် ပြုမူပြောဆိုတတ်ကြသောသူများအပေါ် ဒေါသ အာဃာတအမှတ်မထားဘဲ သည်းခံဆောင်ရွက်နိုင်ကြရန် လိုအပ်ပါသည်။

ဤနေရာ၌ သည်းခံမှုနှင့်ပတ်သက်၍ ခန္တီတရားဆိုသည်မှာ သူတစ်ပါးက ဝေဖန်ကဲ့ရဲ့မှု၊ ဆဲရေးမှု၊ ရိုက်နှက်မှုစသည်ပြုလာခဲ့သော် တုန့်ပြန်မှုကင်း၊ ဖောက်ပြန်ခြင်းမရှိ၊ ပကတိသဘောကို မစွန့်ဘဲ ကျေနပ်စွာ လက်ခံခြင်းကို သည်းခံခြင်းဟုခေါ် ဆိုပါသည်။

ဤသည်းခံမှုတွင် သူတစ်ပါးက ကဲ့ရဲ့မှု၊ ဆဲရေးမှု၊ ရိုက်နှက်မှု စသည်ပြုလုပ်လာသောအခါ ပြန်လှန်၍ကဲ့ရဲ့ခြင်း၊ ဆဲရေးခြင်း၊ ရိုက်နှက်ခြင်း မပြုသဖြင့် ထိုအရာများသည် မိမိအပေါ်၌ ကျရောက်သည်မဖြစ်တော့ဘဲ ပြုလုပ်သူ၌သာ ကျရောက်တည်ပါမည်။

ခန္တီစတရားလက်ကိုင်ထားသူမှာ အဒေါသ(မေတ္တာ) ပြဋ္ဌာန်းသော ကုသိုလ်တရားများ ဖြစ်ကြပါသည်။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုသော အကျင့်မြတ်တရားသည် ခန္တီတရားကအချုပ်ဖြစ်ပါသည်။ ကုသိုလ်မှန်သမျှ ခန္တီတရားနှင့်စပ်မှ ကြီးပွားတိုးတက်နိုင်ပါသည်။

လောင်စာမရှိရာ၌ ကျသောမီးသည် အလိုလိုငြိမ်း၏ ဆိုသကဲ့သို့ ခန္တီတရားလက်ကိုင်ထားက မည်သည့်လူမိုက်မျှ မိမိအပေါ်မလွှမ်းမိုးနိုင်ပါဟု ဘုရားရှင်က ဟောကြားခဲ့သည်ကို အထူးအလေးအနက်ထားစေလိုကြပါသည်။

သာသနာပြုစည်းရုံးရေးလုပ်ငန်း လုပ်ကြရာ၌ ဆန့်ကျင်ဘက် အမြင်မကြည်လင်ဘဝင်မကျသူများ မမျှော်လင့်ဘဲပေါ်ပေါက်လာပြီး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ

ဖြစ်အောင် ပြုမူပြောဆိုဆောင်ရွက်လာမှုများ ပေါ်တတ်ပါသည်။ ထိုသို့ပေါ်လာပါက ထိုစိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ဒဏ် အန္တနာခံကာ မိမိတို့ထားရှိအပ်သော မွန်မြတ်သော မေတ္တာ ကရုဏာ စေတနာတို့ဖြင့် အများသူငါ တိုင်းရင်းသားတို့၏ အကျိုးကိုကြည့်ပြီး စိတ်ရှည်စွာဖြင့် အန္တနာခံကာ ဆောင်ရွက်သင့်ကြပါသည်။

မိမိတို့ပြုလုပ်နေသော သာသနာပြုလုပ်ငန်းကြီးငယ် မှန်သမျှ ပြီးမြောက်အောင်မြင်ရန် စိတ်ဓာတ်တွန့်ဆုတ်ခြင်း၊ နောက်ဆုတ်ရပ်တန့်ခြင်းမရှိဘဲ ဇွဲကောင်းရန်နှင့် စိတ်ဓာတ်အင်အားသန်မာတောင့်တင်းရန် အထူးလိုအပ်လှပါသည်။

စိတ်ဓာတ်ကျဆင်းစရာ ပြဿနာတစ်ရပ်ရပ်နှင့် ရင်ဆိုင်ရသည့်အခါ မိမိတို့ပြုလုပ်နေဆဲ လုပ်ငန်းကို ရှေ့ဆက် မလုပ်လိုဘဲ ကြောက်ရွံ့နောက်တွန့်နေတတ်ကြပါသည်။ ထိုသို့ အခြေအနေမျိုး တွေ့ကြုံရင်ဆိုင်ရသည့်အခါ မိမိရည်ရွယ်ချက်နှင့်လုပ်ဆောင်ချက်တို့ကို ပြန်လည်ဆန်းစစ်ရန်လိုပါသည်။ မိမိလုပ်နေသောအလုပ်သည်-

- ကုသိုလ်ရသောလုပ်ငန်းဖြစ်သည်၊
- မိမိနှင့်သူတစ်ပါး၊ ပစ္စုပ္ပန်တမလွန်နှစ်တန်သောကောင်းကျိုးကို ဖြစ်စေသောလုပ်ငန်း

ဖြစ်သည်၊

မိမိလုပ်ဆောင်မှုသည် ရည်ရွယ်ချက်နှင့်
လုပ်ဆောင်ချက်မှန်ကန်မှု ရှိသည်၊

ဤမှတ်ကျောက်သုံးခုနှင့် ညီညွတ်လျှင် မိမိလုပ်ဆောင်ချက်ကို မည်သို့သောအနှောက်အယှက်၊ အခက်အခဲပေါ်လာပါစေ နောက်မတွန့်စိတ်မရှုံ့ဘဲ ပြုလုပ်ရန် သန္နိဋ္ဌာန်ချထားသင့်ပါသည်။

ထို့ကြောင့် သာသနာတာဝန်ကို မချွတ်ထမ်းဆောင်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုထားကြသော သာသနာပြုရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် ထိုကဲ့သို့သော စိတ်ဓာတ်မျိုးများ အစဉ်ရှင်သန်နေရန် မွေးမြူကြဘို့ လိုအပ်ပါသည်။

====================

## သာသနာပြုစည်းရုံးရေးကောင်းဟူသည်

ဗုဒ္ဓသည် ပဉ္စဝဂ္ဂီငါးဦးမှစသော သံဃပရိသတ်ကို တည်ထောင်ပြီးသောအခါ လောကတစ်ခွင်လုံး၌ ဓမ္မစည်ကြီး ရိုက်တီးမြည်ဟီးစေရန် မိမိ၏တပည့်သံဃာကို-

"လောကလူသားတို့အကျိုးစီးပွားအလို့ငှာ လှည့်လည်၍ တရားဟောကြပါကုန်လော"

ဟု တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

ဘုရားရှင်၏ သံဃာတော်များကို တရားဟောထွက်ရန်လမ်းညွှန်ချက်သည် သာသနာပြုလုပ်ငန်း လုပ်ရန် လမ်းညွှန်ချက်ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းဟူသည် ခေတ်စကားအရ စည်းရုံးရေးပင်ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်၍ တစ်ဝါအရတွင် စည်းရုံးရေးကို အထက်ပါအတိုင်း မိန့်ကြားပြီး စည်းရုံးရေးဆင်းနိုင်ခဲ့ခြင်းဖြစ်သည်။

စည်းရုံးရေးဟူသည် ယေဘုယျလက္ခဏာအားဖြင့် အဖွဲ့အစည်းတစ်ခုနယ်ပယ်အတွင်းမှာဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်စုတို့၏နယ်ပယ်အတွင်းမှာဖြစ်စေ၊ လူများအဖွဲ့အစည်းများကို သူ့နေရာနှင့်သူ နှိုးဆော်စည်းရုံးဖွဲ့စည်းလေ့ကျင့်ပေးခြင်းကို ခေါ်သည်။

အဖွဲ့အစည်းတစ်ခု၏ နယ်ပယ်ဟူသည်မှာလည်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်း၊ နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့် နယ်ပယ်အတွင်းတို့ကို ခေါ်ပါသည်။

စည်းရုံးရေးအတတ်ပညာရပ်သည် ကျယ်ဝန်းနက်နဲ ခက်ခဲလှပါသည်။ နူးညံ့သိမ်မွေ့မှုလည်း ရှိပါသည်။

လူတစ်ယောက်၏စိတ်ဓာတ်ကို စည်းရုံးသိမ်းသွင်း ရမည်ဖြစ်၍ လွယ်သလိုနှင့် ခက်ခဲတတ်ပါသည်။ အချိန် အခါနှင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး ဆုံးဖြတ်ချက်ချ လုပ်ရသောအလုပ်မျိုး ဖြစ်ပါသည်။

စည်းရုံးရေးတွင် ပုံသေကားကျနည်းလမ်း သတ်မှတ် မှုမရှိပါ၊ ကြည့်တတ်ပြီး ကြည့်လုပ်ရန်လိုအပ်ပါသည်။ စည်းရုံးရေးတွင် ကိုယ်လုပ်သောအလုပ်သဘောကို မိမိ ကိုယ်တိုင်ကသဘောပေါက်ထားပြီး အခြားမှုကို သဘော ပေါက်အောင် စည်းရုံးဟောပြနိုင်ခြင်း အလုပ်မျိုးဖြစ်သည်။

စည်းရုံးရေးကောင်းသမားတစ်ယောက်တွင် အသိရှိဘို့သည် အလွန်အရေးကြီးပါသည်။ အသိရှိဘို့ အတွက် အတတ်ပညာရှိဘို့က အထူးလိုအပ်လှပါသည်။

အတတ်ပညာဆိုသည်မှာ ရှေးရှေးပညာရှိတို့ ရေးမှတ်ခဲ့သော ကျမ်းစာများ၊ အတွေ့အကြုံများမှ ယူရပါသည်။ သို့သော် စာအုပ်ထဲကအတတ်ပညာသည် ခေတ်မမီပါက လက်တွေ့အသုံးချ၍ မရနိုင်ပါ။

ခေတ်ဆိုသည်မှာ ကာလအပိုင်းအခြားတစ်ခု ဖြစ်သည်။ ခေတ်ဆိုသည့်အတိုင်း ခေတ်မှီသော နည်းစနစ်၊ စည်းရုံးရေးမူဝါဒများကို လက်တွေ့ကျကျသင်ပြတတ်၊ ပြောပြတတ်၊ ဟောပြတတ်ဘို့ လိုအပ်လှပါသည်။

ထိုသို့ပြုလုပ်နိုင်ဘို့အတွက် စာအုပ်အတွေ့အကြုံသာမက ဘဝအတွေ့အကြုံများစွာရှိရန် လိုအပ်လှပါသည်။

စည်းရုံးရေးအတွက် အသိပညာ၊ အတတ်ပညာရှိရုံမျှနှင့် မရနိုင်ပါ၊ စည်းရုံးမှုအောင်မြင်ရေးအတွက် သည်းခံခွင့်လွှတ်မှု၊ ဇွဲရှိမှုတို့ကလည်း အထူးလိုအပ်လှပါသည်။ ထို့ကြောင့်လည်း ရှေးဆရာတော်ကြီးများက သာသနာပြုစည်းရုံးရေး လုပ်ငန်းလုပ်ကြရာ၌-

"စိတ်ရှည် ဇွဲသန် သည်းညည်းခံ ပြုရန်သာသနာ"

ဟူ၍ ဆိုဆုံးမလမ်းညွှန်မှုပြုခဲ့ကြပါသည်။

စည်းရုံးမှုအတတ်ပညာသည် အဆုံးမရှိပါ၊ အဖွဲ့အစည်းတိုင်းတွင် စည်းရုံးရေးသည် အသက်ဇီဝဖြစ်ပါသည်။

အဖွဲ့အစည်းတွင် စည်းရုံးရေးမရှိက အဖွဲ့သေသည်နှင့် တူပါသည်။

စည်းရုံးရေးတွင် ရည်ရွယ်ချက် ယုံကြည်ချက် ခံယူချက်များရှိကြရသည်။ ယုံကြည်ချက် ခံယူချက်တူပါမှ ပေါင်းစည်း၍ရပါသည်။ ယုံကြည်ချက်၊ ခံယူချက်မတူပါက စုရုံးသာစု၍ ပေါင်းသည်ဟုမဆိုနိုင်ပါ။

လမ်းညွှန်ချက်သည် ယုံကြည်ချက်တူညီသော ပုဂ္ဂိုလ်အချင်းချင်း လမ်းညွှန်ပေးပါမှ တိကျမှန်ကန်၍ အမြတမ်းသက်ဆင်းနေပါမည်။

လောကတွင် မည်သည့်အသိတရားမဆို ရာနှုန်းပြည့်အကောင်အထည်ဖော်နိုင်သည်ဟူ၍ မရှိပါ။ ခန့်မှန်းချက်ဖြင့်သာ လုပ်ဆောင်နေကြရပါသည်။

စည်းရုံးရေးလုပ်ငန်းဟူသည် မိမိကိုယ်တိုင်က ဦးစွာပြည့်စုံပြီး ယုံကြည်မှုရှိရပါသည်။ သို့အတွက် မိမိကိုယ်ကို ဦးစွာစည်းရုံးရန် ဖြည့်ရန်လိုအပ်ပါသည်။ ကိုယ်ကယုံကြည်မှဖြည့်မှသာ သူများကို ယုံကြည်အောင် ဖြည့်အောင် စည်းရုံးနိုင်အောင် ပြုလုပ်ပေးနိုင်မည်။

ယနေ့ခေတ် စည်းရုံးရေးတွင် ဟောပြောရုံမျှဖြင့် မရနိုင်ပါ။ မိမိက ဦးစွာလက်တွေ့လုပ်ပြမှ စည်းရုံး၍ ရနိုင်

ပါမည်။

စည်းရုံးရေးတွင် ကိုယ်လုပ်သောအလုပ်သဘောကို သဘောပေါက်ထားရပါမည်။ သဘောမပေါက်က လေးနက်မှုမရှိတတ်ပါ။ သဘောပေါက်ရန် အမြဲတမ်း တွေးခေါ်စဉ်းစားလုပ်တတ်ရမည်။

အတွေးအခေါ်လေးနက်က အသိလေးနက်မည်၊ အသိလေးနက်က အလုပ်လေးနက်ပါမည်။

အလုပ်လုပ်ကြရာတွင် "အား"ဆိုသောအရာ လိုအပ်ပါသည်။ အား ဆိုသည်မှာ အတတ်ပညာအား၊ အသိပညာအား၊ အတွေ့အကြုံဗဟုသုတအား၊ ယုံကြည်မှုအား၊ စေတနာအားများ ဖြစ်ကြပါသည်။

ထိုအားများကို လွယ်လွယ်ကူကူနှင့် ရနိုင်သည် မဟုတ်ပါ။ သင်ယူမှု၊ လေ့လာမှု စသည်ဖြင့် ပြုစုပျိုးထောင် မွမ်းမံပေးမှ ရနိုင်ပါသည်။

- အတတ်ပညာနည်းက အတတ်ပညာ များအောင်
- အသိပညာနည်းက အသိပညာများအောင်
- လေ့လာမှုနည်းက လေ့လာမှုများအောင်

- မှုမမှန်က မှုမှန်ဖြစ်လာအောင်
- လျော့ရဲမှုရှိလာက လျော့ရဲမှုမရှိအောင်
- စိတ်ဓာတ်ကျက စိတ်ဓာတ်မကျအောင်

ကြိုးစားဆောင်ရွက်နေရပါမည်။ စည်းရုံးဆောင်ရွက်နေရပါမည်။

အလုပ်လုပ်ကြရာတွင် အားလျော့လာလျှင် စိတ်ဓာတ်ပျော့ညံ့လာလျှင် လုပ်ငန်းဆိုင်ရာ စည်းရုံးရေးဆိုင်ရာချွတ်ယွင်းလာတတ်သည်။ အားအင်ပြည့်ဝစွာရှိမှသာ လုပ်ငန်းဆိုင်ရာ တိုးတက်လာနိုင်ပါသည်။ ကိုယ်လုပ်ရမည့်လုပ်ငန်းကို သူများလုပ်ချင်အောင် သူ့လိုအပ်ချက်ဖြည့်ပေးခြင်းဖြင့် စည်းရုံးနိုင်ပါသည်။

စည်းရုံးရေးသမားသည် စည်းရုံးမှုအားကို မမြဲနှိုးနေရပါမည်။ နှိုးမှ နိုးမည်၊ နိုးမှ တက်ကြွလာပါမည်၊ ပြန့်ကြဲနေသောအားကို စုစည်းရန်လိုသည်။ စုစည်းမှုရှိမှ ရှင်သန်လှုပ်ရှားလာပါမည်။

ထို့ကြောင့် သာသနာပြုစည်းရုံးရေးကောင်းတစ်ယောက်ဖြစ်လာစေရန်အတွက် အထက်ပါစည်းရုံးရေးလိုအပ်ချက်အခြေခံများ လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

===============

## အမျိုးဘာသာသာသနာကြီးပွားရေးအတွက်ထားရှိရမည့် စည်းရုံးရေးမှူး၏စိတ်ဓာတ်နှင့်ဝါဒ

ဤလောကတွင် အများအကျိုးကို သက်စွန့်ကြိုးပမ်းဆောင်ရွက်သောပုဂ္ဂိုလ်ကို အာဇာနီယ -အာဇာနည်ပုဂ္ဂိုလ်ဟုခေါ်ဆိုကြသည်။ ထိုအာဇာနည်ပုဂ္ဂိုလ်တို့သည် မိမိ၏ခန္ဓာ မိမိ၏အသက်ကို အများကောင်းကျိုးအတွက် ပေးလှူစွန့်လွှတ်၍ အလုပ်လုပ်ကြလေ့ရှိကြသည်။

ထိုသို့ပြုလုပ် ဆောင်ရွက်၍ အခွင့်အရေးရလာလျှင်လည်း မိမိအတွက်- မိမိကိုယ်ကျိုးအတွက် အသုံးချလေ့မရှိ၊ အများအကျိုးအတွက်သာ ရည်ရွယ်ပြီးပေးကမ်းစွန့်ကြဲဆောင်ရွက်လေ့ရှိပါသည်။

ထိုအာဇာနည်ပုဂ္ဂိုလ်တို့၏ ခံယူချက်ဝါဒသည် -

- အမျိုးဘာသာ မျိုးချစ်ဝါဒ
- အများကောင်းစားရေးဝါဒ
- အတ္တနှင့်ပရတွင် ပရကိုဦးစားပေးသောဝါဒ
- မိမိနှင့်မိမိဆွေမျိုး မိတ်သင်္ဂဟအပါအဝင် မိမိလူမျိုး မိမိနိုင်ငံကြီးပွားအောင်လုပ်သောဝါဒ

- မိမိအမျိုးဘာသာသာသနာကို ဘေး အန္တရာယ်မှ ကာကွယ်သောဝါဒ

ဤသို့သောဝါဒများကို လက်ခံထားကြလေ့ရှိသည်။

ထိုသို့သော ဝါဒများကို လက်ကိုင်ထားပြီး မိမိ၏ စိတ်ဓာတ်ရေးရာတွင်လည်း-

- ကိုယ်ကျင့်တရားကောင်းမှုကို အဓိကထား ကျင့်သည်၊
- ကုသိုလ်ကိုစောင့်စည်းစိတ် တည်ကြည်သော စိတ် အမြဲရှိသည်၊
- အစားအသောက် အနေအထိုင်တို့၌ ဆင်ခြင်တုံတရားထားရှိသည်၊
- အအိပ်အနေနည်းပြီး အမြဲတမ်းနိုးကြား ဖြတ်လတ်နေသည်၊
- ယုံကြည်ချက်ကို ခိုင်မာစွာထားပြီး ချစ်ခြင်း မုန်းခြင်းကြောက်ခြင်း၊ တွေဝေခြင်းကြောင့် မိမိ၏ယုံကြည်ချက်ကို အထိအပါးမခံတတ် ပါ။
- သတိတရားအမြဲရှိပြီး ပြောတိုင်းမယုံတတ်၊

မတုန်မလှုပ်ကြံ့ခိုင်တည်ငြိမ်သည်၊

- လောက,ရာဇ,ဓမ္မတို့၌ ကျွမ်းကျင်အောင် လေ့လာပြီး အကြားအမြင် ဗဟုသုတရှိအောင် အမြဲလေ့လာမှတ်သားနေသည်၊
- ရှေ့ရေးကို မြော်မြင်တတ်သော ပညာရှိပြီး ပရိယာယ်ကြွယ်ဝစွာနှင့် အသုံးချဆောင်ရွက်တတ်သည်၊ ဉာဏ်လျှင်သည်၊
- မိမိဘဝလူဖျင်း,လူအ,လူနုံ, အသုံးမကျဘဝဖြစ်ရမည်ကို အလွန်ရှက်ကြောက်တတ်သော သဘောရှိသည်၊
- လုပ်ငန်းကို ဆောင်ရွက်ရာတွင် အားနာသည်၊ သနားသည်ဆိုတာမျိုးကို အမိက မထားဘဲ မှန်သောအလုပ်ကို အလျှော့မပေး၊အညံ့မခံဘဲလုပ်တတ်သည်၊ ဇွဲလုံ့လကြီးသည်၊
- သူတစ်ပါးအပြစ်မှာ အလွှမ်းမိုးခံရမှာကို ကြောက်တတ်သည်၊
- အလုပ်ကို စူးစူးစိုက်စိုက်စျာန်ဝင်ပြီးလုပ်တတ်သည်၊

- မိမိရရှိသော အကျိုးအမြတ်ကိုမျှဝေခံစား တတ်သည်၊
- မိမိဆွေမျိုး မိတ်သင်္ဂဟ မိမိလူမျိုး မိမိနိုင်ငံ အကျိုးသည်ပိုး ဆောင်ရွက်ရာတွင်လည်း မေတ္တာဖြင့် စည်းလုံးညီညွတ်မှုကို တည် ဆောက်သည်၊
- အမြောက်အပင့်ကို မနှစ်သက်၊ မကြိုက်၊ ခြောက်သည်ကိုလည်းမကြောက်တတ်ဘဲ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ဦးတည်ချက်ထား၍ ဆောင်ရွက်တတ် သည်၊

ဤသို့ကျင့်သုံးသော စိတ်ဓာတ်၊ဝါဒကို ဘုရား လောင်းဝါဒဟု ခေါ်စမှတ်ပြုကြသည်။

ထိုဝါဒသည် ဘဝကြီးပွားရေး၊ မိသားစုကြီးပွားရေး မိမိလူမျိုးကြီးပွားရေး၊ မိမိနိုင်ငံတိုးတက်ရေးအတွက် လက်ကိုင်ပြုဆောင်ရွက်ရမည့် ဝါဒဖြစ်ပါသည်။

ယနေ့နိုင်ငံအကျိုး၊ အမျိုးဘာသာ သာသနာအကျိုး ကို သည်ပိုးဆောင်ရွက်နေသူတို့သည် ဤဝါဒနှင့် ဤ စိတ်ဓာတ်ကိုမွေးမြူ၍ ဆောင်ရွက်ကြလျှင် ကျင့်သုံးလိုက်နာ

ကြလျှင်-

မိမိဘဝ ကြီးပွားပါမည်၊

မိမိမိသားစု ကြီးပွားပါမည်၊

မိမိလူမျိုး ကြီးပွားပါမည်၊

မိမိနိုင်ငံ တိုးတက်ဖွံ့ဖြိုးစည်ပင်ပါမည်၊

ထိုသို့သောပုဂ္ဂိုလ်များ များများပေါ်ထွက်ပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြပါလျှင် ဘာသာပျက်မှာ အမျိုးပျောက်မှာ နိုင်ငံပျောက်မှာ စိုးကြောက်စရာမလိုတော့ပါ။

တစ်ကိုယ်ကောင်းဝါဒ ဘယ်သူသေသေ ငတေမာပြီးရောဝါဒနှင့် စိတ်ဓာတ်ရှိသူတို့သည် လူမိုက်ဝါဒဖြစ်ရာ ထိုသူ၏ဘဝငြိမ်းချမ်းမှုမရှိ၊ လွတ်မြောက်မှုမရှိ၊ အတ္တပရနှစ်ဘက်စလုံး ပျက်စီးမှုဖြင့်သာ အဆုံးသတ်စေပါသည်။

ထို့ကြောင့် နိုင်ငံအဝှမ်း အမျိုးဘာသာသာသနာအကျိုးကို သည်ပိုးဆောင်ရွက်နေကြတသော ပုဂ္ဂိုလ်တိုင်းသည် မိမိတို့၏စိတ်ဓာတ်နှင့်လုပ်ကိုင်ဆောင်ရွက်မှုကို ဘုရားလောင်းဝါဒနှင့်စိတ်ဓာတ်မျိုး(ဝါ)အာဇာနည်စိတ်ဓာတ်မျိုးထားရှိပြီး လုပ်ကိုင်ဆောင်ရွက်ကြရပါမည်။

## အခန်း(၂)
## မြတ်ဗုဒ္ဓ၏ သာသနာပြုစည်းရုံးနည်းများ

### သာသနာပြုရေးစဉ်သုံးမျိုး

ဂေါတမဗုဒ္ဓသည် ဒီပင်္ကရာ ဘုရားရှင်ထံ ဗျာဒိတ်ခံယူကထဲကပင် တစ်ပါးတည်း သံသရာမှလွတ်မြောက်ရေးကို လိုလားတော်မမူခဲ့ဘဲ အောက်ပါကြွေးကြော်ချက်(၃)ချက်ဖြင့် ဗျာဒိတ်ခံကာ သတ္တဝါများအပေါ် မဟာဂရုဏာတရားကြီးမားသောမေတ္တာဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထပ်မံဝင်္ဋဆင်းရဲခံပြီး ဘုရားအဖြစ်ကိုရအောင် လုံ့လပြုကာ ကျင့်ကြံအားထုတ်တော်မူခဲ့သည်-

(၁) ဗုဒ္ဓါမောစေယျ- သစ္စာတရားကို ငါသိသလို သတ္တဝါ ဝေနေယျတို့ကို လည်းသိစေရမည်။

(၂) မုတ္တောဗောဓေယျ- ဘဝအနှောင်အဖွဲ့မှ ငါ လွတ်သလို သတ္တဝါ ဝေနေယျတို့ကို လွတ်စေရမည်။

(၃) တိဏ္ဏောတာရေယျံ-သံသရာဝဲဂယက်မှ ငါ ကူး မြောက် နိုင် သ လို သတ္တဝါ ဝေနေယျတို့ကို လည်း ကူးမြောက်စေမည်။

ဤမှာဘက်ဘဝတွင် ဒုက္ကရစရိယ(၆)နှစ်ကျင့်ခဲ့ပြီး သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူပြီးနောက် သတ္တာသတ္တဟ (၄၉)ရက် လွန်မြောက်ချိန်တွင် တရားဟောတော်မူရေးကို ဆင်ခြင်ဆုံးဖြတ်တော်မူသည်။

ထိုသို့ ဆုံးဖြတ်တော်မူပြီးနောက် ဦးစွာပထမ ပဥ္စဝဂ္ဂီငါးဦးကို တရားဟောရန် မိဂဒါဝုန်သို့ကြွချီတော်မူခဲ့ပြီး ပဥ္စဝဂ္ဂီတို့အား ပထမဦးဆုံးသော တရားဓမ္မစကြာကိုဟော၍ မိမိအဆုံးအမ သာသနာတည်အောင် ဦးစွာ သာသနာပြုခဲ့

ပါသည်။

ထို့နောက်(၄၅)ဝါတို့ ကာလပတ်လုံး တိုင်းအသီးသီး ပြည်နယ်အသွယ်သွယ်၊ နယ်အထပ်ထပ်၊ တောလက် ကျေးစွန်ပါမကျန် ကိုယ်တော်တိုင် ကြွချီကာ တရားဟော သာသနာပြုခဲ့လေသည်။

ဘုရားရှင်ကိုယ်တော်တိုင် သာသနာပြု ကြွတော်မူရာဝယ်-

၁။ တုရိတ စာရိက = အမြန်ကြွခြင်း

၂။ အတုရိက စာရိက = အနှေးကြွခြင်း

ဟူ၍ ဒေသစာရီနှစ်မျိုးဖြင့်ကြွ၍ သာသနာပြုတော်မူခဲ့ ပါသည်။

အရှင်မဟာကဿပ၊ အာဠာဝက၊ အင်္ဂုလိမာလ၊ ပုက္ကုသာတိ၊ မဟာကပ္ပိနမင်း၊ ခဒိရဝနိယ၊ ဝနဝါသီဿ သာမဏေရစသော ပုဂ္ဂိုလ်တို့အတွက် အလျင်စလို ကြွတော် မူခြင်းမျိုးကို တုရိတ စာရိကဟု ခေါ်ဆိုပါသည်။

မြို့ရွာခရီးစဉ်တိုင်း ဆွမ်းခံမှု စသည်ကို ပြုရင်း လူအပေါင်းကို ချီးမြှောက်ရန် နေ့စဉ် တစ်ယူဇနာ၊ ယူဇနာ ဝက်မျှ ကြွတော်မူခြင်းမျိုးကို အတုရိတ စာရိကဟု ခေါ်ဆို ပါသည်။

ဤအတုရိက စာရိက(အနေးကြွမှု)တွင်

၁။ မဟာမဏ္ဍလ -ယူဇနာ(၉)ရာ တစ်ဝိုက်အတွင်း ကျယ်ပြန့်စွာ ကြွခြင်းခရီး၊ ဤခရီးမျိုးသည် ၉လမျှကြာသည်။

၂။ မဇ္ဈိမ မဏ္ဍလ-ယူဇနာ(၆)ရာ တစ်ဝိုက်အတွင်း ကြွခြင်းခရီး၊ ဤခရီးမျိုးသည် ၈-လမျှကြာသည်။

၃။ အန္တိမ မဏ္ဍလ-ယူဇနာ(၃)ရာ တစ်ဝိုက်အတွင်း ကြွခြင်းခရီး၊ ဤခရီးမျိုးသည် ၇-လမျှကြာသည်။

ဒေသစာရီကြွခြင်းအကြောင်းတို့တွင်-

(က) လမ်းလျှောက်သည့်အစွမ်းဖြင့် ကိုယ်ကာယ ချမ်းသာလိုသောကြောင့်လည်းကောင်း၊

(ခ) အဋ္ဌုပ္ပတ္တိကာလကို အလိုရှိသောကြောင့် လည်းကောင်း၊

(ဂ) ရဟန်းတို့အား သိက္ခာပုဒ် ပညတ်လိုသော ကြောင့် လည်းကောင်း၊

(ဃ) ကျွတ်ထိုက်သော ပုဂ္ဂိုလ်များကို ချေချွတ်လို သောကြောင့်လည်းကောင်း၊

ကြွတော်မူခြင်းဖြစ်သည်။

အခြားအကြောင်းများမှာ-ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာ ယတနစျာန် ရကြလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း ဒေသစာရီကြွချီ တရားဟောသည်။ တစ်ဖန် အခြားအကြောင်းမှာ မဂ်လေးပါး၊ ဖိုလ်လေးပါးရကြလိမ့်မည်ဟူသော အကြောင်းကြောင့်လည်း ဒေသစာရီ ကြွချီ၍ တရားဟောတော်မူသည်။

ထိုအတုရိတ စာရိကသည်-

(က) တစ်ဦးတည်းသော ကျွတ်ထိုက်သူအတွက် ကြွခြင်း(နိဗဒ္ဓ စာရိက)

(ခ) မြို့ရွာအစဉ်အတိုင်းကြွခြင်း(အနိဗဒ္ဓ စာရိက)

ဟူ၍ (၂)မျိုး ထပ်မံခွဲခြားပြန်သည်။

ဘုရားရှင် ဝါကပ်ဝါဆိုပြုတော်မူသည်မှာလည်း-

- ဝါတော်(၂၀)ကာလအတောအတွင်း တစ်နေရာ တစ်ကြောင်းတည်း၌ စွဲမြဲစွာ ဝါဆိုလေ့မရှိဘဲ တစ်ဝါတန်သည်၊ နှစ်ဝါတန်သည် စသည်ဖြင့် လှည့်လည်၍ ဝါဆိုဝါကပ် တရားဟောတော်

မူသည်။

- ဝါတော်(၂၀)အလွန်တွင် သက်တော်အတန်ငယ် ကြီးရင့်သွားပြီဖြစ်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းနှင့် ပုပ္ဖာရုံကျောင်းများ၌ စွဲမြဲစွာ ဝါဆိုဝါကပ်၍ တရားဟောတော်မူသည်။

ဤသို့ဖြင့် ဘုရားရှင်သည် ကိုယ်တော်တိုင်နေ့မအား ညမအား(၅)ပါးသော ဗုဒ္ဓကိစ္စတို့ကို မချွတ်ယွင်းစေဘဲ သာသနာပြုတော်မူရင်းပင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ရ လေသည်။

ဘုရားရှင်သည် မိမိကိုယ်တိုင် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သလို တပည့်သားရဟန်းတော်များကိုလည်း သာသနာပြုရန် တိုက်တွန်းပြီး အနယ်နယ် အရပ်ရပ်သို့ သာသနာပြုစေလွှတ်တော်မူခဲ့သည်။

ပဥ္စဝဂ္ဂီငါးဦးအား ဦးစွာတရားဟောပြီး ဗာရာဏသီမိဂဒါဝုန်တော၌ တစ်ဝါဆိုတော်မူသည်။ဝါကျွတ်တွင် လောက၌ ဘုရားနှင့်ပါမှ (၆)ကျိပ်မျှရှိလာသည်။

ဘုရားရှင်သည် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် အလွန်အားစိုက်၍ သာသနာပြုရမည့် အခြေအနေတွင် ရှိနေကြောင်း သိတော်မူသည်။ ထို့ကြောင့် ရှိသမျှသော

တပည့်ရဟန္တာများကို ဒေသအသီးသီးသို့ကြွ၍ သာသနာပြုရန် တိုက်တွန်းခဲ့သလို ရှင်ရဟန်းပြုလိုသူများအတွက် ကိုယ်တော်မြတ်ထံလာရောက်ပြီးမှ ရှင်ရဟန်းပြုရန် မဟုတ်ဘဲ ရဟန္တာများကိုယ်တိုင် ရှင်ရဟန်းပြုပေးနိုင်သော အာဏာကိုပါပေးအပ်ခဲ့လေသည်။

ဘုရားရှင်၏ ရဟန္တာများကို သာသနာပြုကြရန် မိန့်ကြားခဲ့သောစကားမှာ အလွန်ပင်ကြည်ညိုဖွယ်၊ အားကျဖွယ်၊ အတုယူဖွယ် ကောင်းလှပါသည်။

"ချစ်သားတို့ ငါဘုရားကိုယ်တိုင်လည်း ကိလေသာကျော့ကွင်းဟူသမျှ လွတ်ခဲ့ပြီ၊ သင်တို့လည်း လွတ်ကင်းခဲ့ကြပြီ၊

လူအများ အကျိုးစီးပွားဖြစ်ရန်၊ ချမ်းသာရန်၊ လောကကို စောင့်ရှောက်ရန်၊ နတ်လူတို့ အကျိုးစီးပွားဖြစ်ရန် ဒေသစာရီလှည့်လည်ကြ၊ ခရီးတစ်ကြောင်းတည်းမှာ နှစ်ပါးအတူ ပူးပေါင်း၍ မသွားကြလေနှင့်။

အစကောင်းခြင်း၊ အလယ်ကောင်းခြင်း၊ အဆုံးကောင်းခြင်းရှိသော အနက်ရော သဒ္ဒါပါပြည့်စုံသော တရားတော်ကို ဟောပြောကြပါ၊ မကြွင်း

မကျန် မြင့်မြတ်သည့် စင်ကြယ်သော အကျင့်ကို ဟောပြောကြပါ။

ပညာမျက်စိတွင် ကိလေသာဟူသော မြူ အညစ်အကြေးနည်းပါးသော သတ္တဝါများရှိနေကြ သည်။ တရားတော်ကို မနာရသဖြင့် ဆုတ်ယုတ် ကြရပေသည်။ တရားတော်များကို သိလွယ်သူများ ရှိပေလိမ့်မည်။

ငါဘုရားကိုယ်တိုင်ကလည်း ဥရုဝေဒသေနနိဂုံး သို့ တရားဟောရန် ကြွတော်မူမည်။"

ဤသို့လျှင် ဘုရားရှင်သည် လောကရှိလူသား အပေါင်းတို့ကို ဝဋ်ဆင်းရဲမှကယ်တင်လို၊ စောင့်ရှောက် လိုသော ကြီးမားသော မဟာကရုဏာဆန္ဒဖြင့် တပည့် ရဟန္တာများကို သာသနာပြု စေလွှတ်ခဲ့သလို ကိုယ်တိုင် လည်း တစ်ပါးတည်းကြွ၍ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သည်။

ဘုရားရှင်၏ စိတ်ရည်၊ ဇွဲသန်၊ သည်းညည်းခံပြုရန် သာသနာဟူသော ရှေးဟောင်းဆရာတော်ဘုရားကြီး၏ လက်ာနှင့်အညီ ဘုရားရှင်၏သာသနာပြုပုံ၊ ပြုနည်းတို့ကို အားကျစေရန် အတုယူကျင့်သုံးကြရပါမည်။

=================

## စကားအစဉ်(၄)ရပ်ဖြင့် ဟောပြောစည်းရုံးခြင်း

မြတ်စွာဘုရားရှင်သည် မိမိ၏သာသနာ လူအများ လက်ခံကျင့်သုံးပြီး မိမိသာသနာဖွံ့ဖြိုးတိုးတက်လာမှုအတွက် တရားဟောစည်းရုံးနည်း(၄)ချက် အစဉ်ကို ချမှတ်ဆောင်ရွက်ဟောပြောစည်းရုံးခဲ့ပါသည်။ ထိုနည်း(၄)ချက်သည် မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော လမ်းစဉ်များ ဖြစ်ကြပါသည်။

၁။ဒါနကထာ - ပေးလှူမှုနှင့်စပ်သောတရားစကား

၂။သီလကထာ- အကျင့်နှင့်စပ်သောတရားစကား

၃။သဂ္ဂကထာ - နတ်ရွာသုဂတိနှင့်စပ်သောတရားစကား

၄။မဂ္ဂကထာ - မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သော တရားစကား

ဤမဂ္ဂကထာတွင်-

(က)ကာမာနံ့အာဒီနဝကထာ- ကာမဂုဏ်တို့၏ အပြစ်ကို ဖော်ပြသောတရားစကား

(ခ) နေကွမ္မေအာနိသံသကထာ- ထိုကာမဂုဏ်တို့မှ ထွက်မြောက်ရာ ရှင်ရဟန်းအဖြစ် မှစ၍နိဗ္ဗာန်တိုင် အောင်သော တောထွက်မှု၌ အကျိုးအာနိ သင်ကို ဖော်ပြ သောတရား စကား။

ဤနှစ်ပါးကို အဓိကထား၍ ဟောပြောစည်းရုံးမှု သည်-

**ဒါနကထာ**

ပေးလှူမှုနှင့်ပတ်သက်သော တရားစကားဆိုသည် မှာ-

" ဤပေးကမ်းမှု ကောင်းမှုသည် မျက်မှောက်ဘဝ ချမ်းသာ၊ တမလွန်ဘဝချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့၏ အကြောင့်အထောက်အပံ့ဖြစ်သည်။ လူနတ်စည်းစိမ် အစရှိသော စည်းစိမ်အမျိုးမျိုးတို့ ရခြင်း၏ အကြောင်းရင်း ဖြစ်၏။

အသုံးအဆောင်ဖြစ်သော အာရုံဝတ္ထုများ၊ ထိုဝတ္ထုများကို သုံးဆောင်၍ဖြစ်သော ချမ်းသာမှုများ၏ တည်ရာလည်း ဖြစ်၏။ ပျက်စီးခြင်း ဘေးဆိုက်ရောက်သောသတ္တဝါများ အစဉ်အစောင့်အရှောက်ကောင်းဖြစ်၏။ ပုန်းအောင်းရာ၊ လားရာ၊ လဲလျောင်းရာဖြစ်၏။ ဤပစ္စုပ္ပန်ဘဝ၊ တမလွန်ဘဝတို့၌ ပေးကမ်းမှု(ဒါန)နှင့်တူသော မှီရာတည်ရာ၊ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း၊ ပုန်းအောင်းရာ၊ လားရာ၊ လဲလျောင်းရာဟူ၍ မရှိချေ။

- ဤပေးကမ်းမှု၊ လှူဒါန်းမှု(ဒါန)သည် မှီရာဖြစ်သောကြောင့် ရတနာများခြယ်စီထားသော သီဟာသနပလ္လင်နှင့်တူသည်။
- ထောက်တည်ရာဖြစ်သောကြောင့် မဟာပထဝီမြေကြီးနှင့်တူသည်။
- ဆွဲတွယ်ရာဖြစ်သောကြောင့် မျက်မမြင်သူကန်းတို့ ဆွဲလှမ်းအားပြုရာ ကြိုးနှင့်တူသည်။
- ဤပေးကမ်းလှူဒါန်းမှု(ဒါန)သည် အပါယ်လေးပါး ဆင်းရဲမှ ကူးမြောက်ကြောင်းဖြစ်သောကြောင့် သင်္ဘောနှင့်တူသည်။

- လောဘ၊ မစ္ဆရိယ အစရှိသော တစ်ဘက် ရန်သူဘေးမှ ကင်းရှင်းသက်သာစေတတ် သောကြောင့် စစ်မြေအရပ်၌ တပ်မှူး သူရဲကောင်းသဖွယ်ဖြစ်သည်။
- ဆင်းရဲမွဲတေခြင်းဘေးမှ ကင်းဝေးအောင် စောင့်ရှောက်တတ်သောကြောင့် ခိုင်ခံ့စွာ ပြုပြင်စီရင်မွမ်းမံ ထားအပ်သော မြို့ကြီး သဖွယ်ဖြစ်သည်။
- မနာလိုခြင်း(ဣဿ)၊ ဝန်တိုခြင်း(မစ္ဆရိယ) အစရှိသော အကုသိုလ်အညစ်အကြေးတို့ မလိမ်းကျံ မကပ်ငြိအပ်သောကြောင့် ပဒုမ္မာကြာပန်းသဖွယ် ဖြစ်သည်။
- ထိုဣဿ၊ မစ္ဆရိယအစရှိသော အကုသိုလ် အမှိုက်သရိုက်တို့ကို လောင်ကျွမ်းစေတတ် သောကြောင့် မီးသဖွယ်လည်း ဖြစ်သည်။
- ထိုအကုသိုလ်ရန်သူတို့ချဉ်းကပ်ရန် ခဲယဉ်း သောကြောင့် အဆိပ်သဖွယ်လည်း ဖြစ် သည်။
- ထိတ်လန့်ကြောက်ရွံ့ခြင်း ကင်းစေတတ်

သောကြောင့် ခြင်္သေ့မင်းသဖွယ်လည်း ဖြစ်သည်။ (အလှူရှင်များသည် ယခုဘဝမှာလည်း တစ်စုံတစ်ရာသော ရန်သူမှမထိတ်လန့်ရသလို တမလွန်ဘဝအတွက်လည်း အပါယ်လေးပါးဘေး ကြောက်စရာမလိုတော့ပါ။)

- ပေးကမ်းလှူဒါန်းမှုသည် အင်အားကြီးမားလှသောကြောင့် ဆင်ပြောင်ကြီးသဖွယ် ဖြစ်သည်။ (အလှူရှင်များသည် ယခုဘဝမှာလည်း အပေါင်းအသင်းအားကောင်း၍ တမလွန်ဘဝမှာလည်း ကိုယ်အား၊ဉာဏ်အားစသည်များ အလွန်အားကြီးသူ ဖြစ်ပါသည်။)
- ပစ္စုပ္ပန်၊ တမလွန်ဘဝနှစ်တန်၌ အလွန်အကြူး အထူးကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာဟု ပညာရှိသူတော်ကောင်းတို့ အသိအမှတ် ပြုအပ်သောကြောင့် ဖြူစင်သော နွားလားဥဿဘသဖွယ်လည်း ဖြစ်ပါသည်။

- ဝိပ္ပတ္တိလေးမျိုး ဆင်းရဲသော မြွေဆိုး မှ လွန်မြောက်ကာ သမ္ပတ္တိလေးမျိုးဘေးကင်းရာ မြေကောင်းသို့ ရောက်စေတတ်၊ ပို့ဆောင်တတ်သောကြောင့် ဝလာဟက သိန္ဓောမြင်းသဖွယ်လည်း ဖြစ်ပါသည်။

ဤပေးကမ်းလှူဒါန်းမှု(ဒါန)ကောင်းမှုသည် ငါဘုရားရှင်သွားခဲ့သော လမ်းကောင်းလမ်းကြောင်းမှန်လည်းဖြစ်သည်။ ငါဘုရား၏ အဆက်အနွယ်လည်း ဖြစ်၏။ ငါဘုရားသည် ပါရမီကောင်းမှုကုသိုလ်တို့ကို ဖြည့်ကျင့်စဉ် ဝေလာမပုဏ္ဏားဘဝ အလှူကြီး၊ မဟာဂေါဝိန္ဒမင်းဘဝ အလှူကြီး၊ မဟာသုဒဿနမင်းဘဝ အလှူကြီး၊ ဝေဿန္တရာမင်းဘဝ အလှူကြီး အစရှိသော အလှူကြီးပေါင်းများစွာတို့ကို ဖြစ်စေအပ် လှူဒါန်းအပ်ခဲ့ကုန်ပြီ။

ဤသူတော်ကောင်း ဗောဓိကောင်းဖြစ်စဉ် ငါဘုရားသည် အလှူမစဲ မီးပုံကြီးထဲ၌ မိမိကိုယ်ကို စွန့်လွှတ်ကာ အလှူခံပုဂ္ဂိုလ်၏စိတ်ကို အရပိုင်ပိုင် ငါချိုင်၍ ယူအပ်ခဲ့လေပြီ။ ပေးကမ်းလှူဒါန်းမှု(ဒါန)ကောင်းမှုသည် လောကီဘက်၌ သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာဝတေးမင်းစည်းစိမ်တို့ကို ပေးစွမ်းနိုင်

သလို လောကုတ္တရာဘက်၌လည်း သာ၀ကဗောဓိဉာဏ် ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်တို့ကို ပေးစွမ်းနိုင်သည်။

ဤသို့လျှင် ဘုရားရှင်သည် မိမိ၏အဆုံးအမ၌ တည်စေရန် ပေးကမ်းစွန့်ကြဲမှု(ဒါန)၊ ကောင်းမှု၏ အကျိုးတို့ကို ဦးစွာဟောပြောပြပြီး စည်းရုံးသိမ်းသွင်းခဲ့ပါသည်။

## သီလကထာ

ဒါနကောင်းမှုပြုသူမှသာ သီလကို စောင့်ထိန်းနိုင်သောကြောင့် မြတ်စွာဘုရားရှင်သည် ဒါနကထာ၏ အခြားမဲ့၌ သီလကထာကို ဟောကြားခဲ့ပါသည်။ ဒါနဟူသည် အလှူခံပုဂ္ဂိုလ်တို့၌ အစီးအပွားကို လိုလား၍ဖြစ်စေ၊ ပူဇော်လို၍ဖြစ်စေ၊ မိမိပိုင်ဥစ္စာပစ္စည်းကို သူတစ်ပါးတို့အား ပေးကမ်းလှူဒါန်းခြင်းဖြစ်သည်။

ထို့ကြောင့် ဒါနကောင်းမှုပြုသောသူသည် သတ္တဝါတို့အပေါ်၌ အစီးအပွားကို ဧကန်လိုလားသောပုဂ္ဂိုလ်မြတ်ဖြစ်၍ သူတစ်ပါးကို သတ်ဖြတ်ရန်အကြောင်း၊ သူတစ်ပါးဥစ္စာကိုခိုးယူရန်အကြောင်း လုံး၀မရှိနိုင်သောကြောင့် ဒါနကောင်းမှုပြုသူမှသာ သီလကို စောင့်ထိန်းနိုင်ပါသည်။

သီလကထာဆိုသည်မှာ-

"ဤသီလကောင်းမှုသည် သတ္တဝါတို့မှီရာ၊ ဆောက်တည်ရာ၊ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း ပုန်းအောင်းရာ၊ လဲရာလဲလျောင်းရာ ဖြစ်သည်။ ဤသီလကောင်းမှုသည် ငါဘုရား၏ အဆက်အနွယ် ဖြစ်သည်။ ငါဘုရားသည် သင်္ခပါလနဂါးမင်းဖြစ်စဉ်အခါ ဘူရိဒတ်နဂါးမင်းဖြစ်စဉ်အခါ ၊ စမ္ပေယျနဂါးမင်းဖြစ်စဉ်အခါ၊ သီလဝမင်းဖြစ်စဉ်အခါ၊ မာတုပေါသကမင်းဖြစ်စဉ်အခါ၊ ဆဒ္ဒန်ဆင်မင်းဖြစ်စဉ်အခါ အစရှိသော အဆုံးမရှိ၊ အပိုင်းအခြားမရှိသောဘဝပေါင်းများစွာတို့၌ သီလကိုမကျိုးမပေါက်မကျားမပြောက်အောင် စောင့်ရှောက်ဖြည့်ကျင့်ခဲ့လေပြီ။

ဤပစ္စုပ္ပန်ဘဝစည်းစိမ်၊ တမလွန်ဘဝစည်းစိမ်တို့အတွက် သီလနှင့်တူသော မှီရာ၊ ဆောက်တည်ရာ၊ ဆွဲတွယ်ရာ အစောင့်အရှောက်ကောင်း၊ ပုန်းအောင်းရာ၊ လဲလျောင်းရာဟူ၍ မရှိပါ။ သီလတည်းဟူသော အဆင်တန်ဆာနှင့်တူသော အဆင်တန်ဆာမျိုးမရှိ။ သီလတည်းဟူသော ပန်းနှင့် တူသော ပန်းမျိုးမရှိ၊ သီလတည်းဟူသော နံ့သာနှင့်

တူသော နံ့သာမျိုးမရှိ။

သီလပန်းကို ပန်ဆင်ကာ သီလနံ့သာကို လိမ်းကျံလျက် သီလတည်းဟူသော အဆင်တန်းဆာ ဆင်၍ထားသူတို့ကိုနတ်နှင့်တကွသော လူအပေါင်းတို့က ကြည်ညိုလေးစား မြတ်နိုးကြသည်။ ပန်းအနံ့သည် လေညာတို့နှင့် ပတ်ဝန်းကျင်သို့ မသင်းပျံ့နိုင်၊ သီလအနံ့ကား အရပ်ရှစ်ခွင် ပျံ့မွှေးကြိုင်ကြ ပါသည်။

ထို့ကြောင့် ဘုရားရှင်သည် မိမိ၏အဆုံးအမဝယ် လူသားတို့အတွက် အရေးကြီးသော သီလအကျင့် အဆုံးအမကို ဟောပြောစည်းရုံးသိမ်းသွင်းခဲ့ပါသည်။

**သဂ္ဂကထာ**

ဤသီလကောင်းမှုကို အကြောင်းပြု၍ ဤမည်သော နတ်ရွာစည်းစိမ်ကို ရရှိသည်ဟု ပြဆိုနိုင်ရန် သီလကထာ၏အခြားမဲ့၌ သဂ္ဂကထာနတ်ရွာနှင့်စပ်သော တရားစကားကို ဟောကြားတော်မူပါသည်။

နတ်ရွာနှင့်စပ်သောစကား(သဂ္ဂကထာ)ဟူသည် "ဤနတ်ရွာသို့ လားရောက်ရမှုကို လူတိုင်း လူတိုင်း

သည် အလိုရှိအပ်၊ နှစ်သပ်အပ်ပါသည်။ လူတိုင်း၏ စိတ်နှလုံးကို ပွားတိုးစိုပြေစေတတ်ပါသည်။

ဤနတ်ရွာ၌ အမြဲတစေပျော်ရွှင်မှုကိုလည်းကောင်း၊ စည်းစိမ်ချမ်းသာကိုလည်းကောင်း ရအပ်ပေသည်။

စတုမဟာရာဇ်နတ်တို့သည် လူတို့၏နှစ်အရေ အတွက်အားဖြင့် အနှစ်ကိုးသန်းကြာ နတ်စည်းစိမ် ချမ်းသာကို ခံစားကြရကုန်သည်အားဖြင့် နှစ်ပေါင်း သုံးကုဋေခြောက်သန်း နတ်စည်းစိမ်ချမ်းသာကို ခံစားကြရကုန်သည်။"

ဤသို့လျှင် နတ်ပြည်တစ်ဆင့်တက်တစ်ဆင့် နတ်စည်းစိမ်ချမ်းသာခံစားကြရပုံတို့ကို ဟောပြောပြရာတွင် နတ်စည်းစိမ်သည်ကား များပြားကြီးကျယ်လှသောကြောင့် ထိုနတ်စည်းစိမ်အကြောင်း ဟောပြောရန်မှာ ဟောပြော မကုန်ရှိလေသည်။

ထို့ကြောင့် ဘုရားရှင်သည် နတ်ရွာစည်းစိမ် ကြီးကျယ်ခမ်းနားပုံတို့ကို ဟောပြောစည်းရုံးသိမ်းသွင်းခဲ့ ပါသည်။

•

**မဂ္ဂကထာ**

နတ်ရွာများ၏ စည်းစိမ်ချမ်းသာအကြောင်းကို ဟောပြောပြီးလျှင် ထိုနတ်ရွာများ၏ ချမ်းသာသည် ရာဂ စသော ကိလေသာတို့ဖြင့် အမြဲမပြတ်နှိပ်စက်ညှင်းပန်း ခံနေရသည်။

အရိယာမဂ်သည်ကား ကိလေသာတို့မှ လုံးဝလွတ်မြောက်ပြီးဖြစ်သောကြောင့် ထိုကိလေသာတို့မှ အနှိပ်စက် အညှင်းပန်းကို မခံရချေဟု ပြဆိုလိုသောကြောင့် မဂ္ဂကထာ အဆင့်ကိုဟောပြောပြခြင်း ဖြစ်ပါသည်။ မဂ္ဂကထာအရိယာ မဂ်ကို ရစေ ရောက်စေကြောင်း ဟောကြားရာတွင် ထိုမဂ် ရရာရကြောင်း ဥပါယ်ဖြစ်သည်။

- ကာမဂုဏ်တို့၏အပြစ်ကို ဖော်ပြသော တရားစကား(ကာမာနအာဒိနဝကထာ)
- ထိုကာမဂုဏ်တို့မှ ထွက်မြောက်ရာ ရှင်ရဟန်း အဖြစ်မှစ၍ နိဗ္ဗာန်တိုင်အောင် တောထွက်မှု၌ အကျိုးအာနိသင်ကို ဖော်ပြသော(နေက္ခမ္မအာနိသံသကထာ) တရားစကားတို့ကို ဟောပြောပြပါသည်။

မြတ်စွာဘုရားရှင်သည် နတ်ရွာချမ်းသာနှင့်စပ်သော တရားစကားဖြင့် စိတ်ကိုဖြားယောင်းဆွဲဆောင်ပြီးလျှင် တစ်ဖန်ဆင်ကြီးကို အလှုဆုံးဖြစ်အောင် တန်ဆာဆင်ပြီးလျှင် နှာမောင်းကို တောင်းလောင်းဖြတ်ချလိုက်ဘိသကဲ့သို့-

၁။ ဤနတ်ရွာ ချမ်းသာဟူသည် မမြဲသော တရားသာဖြစ်သည်။

မခိုင်ခံ့သော တရားသာဖြစ်သည်။

ထိုနတ်ရွာချမ်းသာ၌ သာယာတပ်မက်မှု ဆန္ဒရာဂကို မပြုသင့်ပေ။ ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် သာယာဖွယ်က နည်းပါးလျက် ဆင်းရဲပင်ပန်းရသည်က များလှပေသည်။

ဤဝတ္ထုအာရုံကာမဂုဏ်တရားအစု၌ သာယာဖွယ်ကား တစ်ရွေးသားလောက်မျှသာရှိပြီး အပြစ်များကမြင်းမိုရ်တောင်လောက် များပြားလှပါသည်။(အပ္ပဿာဒါ ကာမာ)

၂။ အာရုံငါးပါး ကာမဂုဏ်တရားတို့ဟူသည် အသားမကပ်သော အရိုးဖတ်နှင့် တူကုန်သည်-

အသားကို အစင်အပြောင် ခွာပြီး၍ စွန့်ပစ်ထား

သော အရိုးဖတ်သက်သက်ကို ခွေးငတ်ခွေးပိန်တစ်ကောင်က တွေ့လေရာ ထိုအရိုးကို သွားရည်တမြားမြားနှင့် ကိုက်ခဲခြင်းပြုပါသော်လည်း ဝလင်ခြင်းမရှိ။ အားရတင်းတိမ်ခြင်းသို့လည်း မရောက်၊ ညှီဟောင်သည့်အနံ့ရှိနေသောကြောင့် ထိုအရိုးကိုစွန့်ပစ်၍ အရပ်တစ်ပါးသို့ မသွားနိုင်ဘဲ အရသာတွေ့လိမ့်နိုးနိုး၊ ဝလင်တင်းတိမ်လိမ့်နိုးနိုး မြော်ကိုးချက်ကြီးစွာဖြင့် ထိုအရိုးကို အဖျားကလှည့်၍ ကိုက်လိုက်၊ အရင်းကလှည့်၍ ကိုက်လိုက်၊ အလယ်ကပြတ်၍ ကိုက်လိုက်နှင့်သာ အရသာကို မတွေ့မိ သေရလေသကဲ့သို့ အလားတူ သတ္တဝါအများတို့သည် အရိုးဖတ်သဖွယ်ဖြစ်သော ရွှေငွေဥစ္စာ၊ လယ်ယာခမ်းနား သားမယားအရှင်သခင်စသော သက်ရှိသက်မဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို ခွေးငတ်၊ ခွေးပိန်သဖွယ်ဖြစ်၍ တရစ်ဝဲဝဲ တစွဲလမ်းလမ်း နေ့ရက်ရှည်ကြာခံစားဆုံးအောင် နေပါသော်လည်း ဝလင်စားရ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြကုန်ပေ။

အရသာတွေ့လိမ့်နိုးနိုး၊ မြော်ကိုးချက်ကြီးစွာဖြင့်သာနေနေကြကုန်သည်။ ဝတ္ထုအာရုံကာမဂုဏ်တို့ကလည်း သတ္တဝါတို့ သန္တာန်မှာရှိသော ကာမတဏှာဇာတ်ကို ရစ်ပတ်ဆွဲငင်ထားသောကြောင့် ထိုဝတ္ထုအာရုံကာမဂုဏ်တို့ကို စွန့်ခွာ၍မသွားနိုင်။ ကာမဂုဏ်မှ လွတ်ထွက်နိုင်ရန်

အချက်ကိုလည်း မစဉ်းစားနိုင်ဘဲရှိလျက် တခုံမင်မင် တခင်တွယ်တွယ်နှင့်သာ သားမယား အရှင်သခင်တို့၏ ခြေရင်း၌ သေခြင်းသို့ရောက်ကြရကုန်သည်။ (အင်္ဂုတ္တရ
လူပမာကာမာ)

၃။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် သားတစ်နှင့် တူကုန်သည်။ စွန်ရဲ တစ်ကောင်သည် သားတစ်တစ်ခုကိုသုတ်ချီ၍ ပျံသန်းလေရာ ထိုစွန်ရဲကို များစွာသော ငှက်တို့သည် လိုက်လံ၍ ဝိုင်းအုံထိုးဆိတ်ကြကုန်သည်။

သားတစ်မလွှတ်ချသမျှ ထိုစွန်ရဲသည် များစွာသော ဘေးဒုက္ခနှင့် တွေ့ကြုံရသည်။ သားတစ်ကို စွန့်ပစ်လိုက်သည်နှင့် တပြိုင်နက်ထဲ ထိုဘေးဒုက္ခမှ လွတ်ရသည်။

ထို့တူ သားတစ်နှင့်တူသော ဝတ္ထုကာမအဝဝတို့ကို ငါပစ္စည်း၊ ငါ့ဥစ္စာဟု တဏှာဖြင့်သိမ်းပိုက်နေသောသူသည် ရေမီး၊မင်း၊ဆိုးသူ၊ မချစ်မနှစ်သက်သူတည်းဟူသော ရန်သူမျိုးငါးပါးတို့က မမြဲမကွာ အခွင့်အလမ်းကို ရှာပြီးလျှင် လုယက်ခြင်း၊ ဖြတ်စားခြင်းစသော ဘေးတို့ကို တွေ့ကြုံရတတ်ပါသည်။

ထိုရန်သူတို့ကို အစွမ်းရှိသမျှ ကာကွယ်ပြန်သော် လည်း အဆင်မသင့်က မိမိကအရေးမလှလျှင် အသက်ပင် ဆုံးရှုံးခြင်းသို့ ရောက်ရ၏။ ထိုဝတ္ထုအာရုံကာမဂုဏ်တို့ကို မစွန့်လွှတ်နိုင်သမျှ ဘေးအပေါင်းတို့ ဝိုင်းဝန်းခြင်း ခံရ၍ ဆင်းရဲကြပ်တည်းစွာ နေရသည်။ စွန့်လွှတ်လိုက်မှသာ ချမ်းသာစွာနေရပါသည်။

ထို့ကြောင့် ငါးဖြာအာရုံကာမဂုဏ်တို့သည် သားတစ်နှင့်တူပြီး ဆင်းရဲပင်ပန်းမှုက များလှသည်။ အားကိုး ရာမရ အပြစ်တွေကသာ များလှပါသည်။ (မံသပေသူပမာ ကာမာ)

၄။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် မြက်မီးရှူးကြီးနှင့်တူကုန်သည်။

မြက်စည်းကို မီးရှို့ပြီး လေညာသို့ ယူဆောင် သွား ပါက ထိုမီးသည် အဖျားကစ၍ အရင်းထိ လောင် လေရာ ထိုမီးရှူးကို မစွန့်ပါက ယူဆောင်သူ၏ လက် တို့ကို မီးလောင်ရာ၏။ မီးလောင်၍ သေသော် လည်း သေရာ၏။ သို့မဟုတ် ကြီးစွာသော ဆင်းရဲ ကို ခံစားရာ၏။

အလားတူ ငါပိုင် ငါ့ဥစ္စာဟူ၍ တဏှာလက်ဖြင့်

သိမ်းပိုက်မှုအပ်သော ဝတ္ထုအာရုံကာမဂုဏ်တို့သည် သာယာသိမ်းပိုက်သောသူအား စိုးရိမ်ပူပန်ရခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရခြင်းစသော ဒုက္ခမီးတို့သာ ပွားစီးစေပါတော့သည်။

သားမယား အိုးအိမ်၊ လယ်ယာမိုးမြေစသော သက်ရှိသက်မဲ့ ကာမဝတ္ထုအစုစုတို့ကို သိမ်းပိုက်ခြင်းသည် မီးတောက်မီးလျှံတို့ကို သိမ်းပိုက်ရသည်နှင့် တူပါသည်။

ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့သည် မြက်မီးရှူးနှင့်တူပြီး ဆင်းရဲလူပန်မှုသာ သွားပြီးအားကိုးရာ မဟုတ်၊ အပြစ်တွေကသာ များလှပါသည်။ (တိဏုက္ကူပမာကာမာ)

၅။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် မီးခဲပြာဖုံးနှင့် တူသည်။

အပေါ်ယံပြာဖုံးနေသော မီးကျီးတွင်းသို့ အခိုးအလျှံ မီးတောက်မမြင်ရသောကြောင့် မီးဟူ၍ပင် မထင်ရ၊ ထိုထဲသို့ သက်ဆင်းသူကိုမူ မီးတောက်မီးလျှံထက်ပင် လောင်ကျွမ်းပူစေပါသည်။

အလားတူ ဝတ္ထုအာရုံ ကာမဂုဏ်တို့သည် ပျက်စီးသည်တို့ဖြင့် အပြင်ဘန်းအမြင်တွင် သာယာဖွယ်သယောင်

ထင်ရသည်။ ထိုကာမဂုဏ်တို့ကို သာယာသိမ်းပိုက်မိပါက ကာမဝိတက်အမျိုးမျိုး ပစ္စည်းရှာဖွေမှု ပရိယေသနအမျိုးမျိုး၊ သားရေး သမီးရေး နေထိုင်စားသောက်ရေးအမျိုးမျိုးတို့ဖြင့် အပူကြီး ပူလောင်ခံကြရတော့သည်။

ထို့ကြောင့် ငါးဖြာအာရုံ ကာမဂုဏ်တို့သည် မီးကျီးပြာဖုံးထားသည်နှင့် တူပါတော့သည်။ (အင်္ဂါရကာသူပမာကာမ)

၆။ အာရုံငါးဖြာ ကာမဂုဏ်တရား တို့သည် အိပ်မက်နှင့် တူကုန်သည်။ တစ်ယောက်သောသူသည် အိပ်စက်နေသောအခါ သူ ရှေးသူကြွယ် ပဒေသရာဇ်စေကရာဇ်စသော အဖြစ်မျိုးကိုရရှိလျက် မိမိနှစ်သက်လိုလားအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို အလိုရှိသမျှ ခံစား သုံးဆောင်ပြီးလျှင် နှစ်ခြိုက် မွေ့လျော်ချင်တိုင်း ပျော်၍ နေရပုံကို အိပ်မက်မြင်မက်နေရ၏။

အိပ်မက်မြင်နေစဉ် အဟုတ်အမှန်တကယ်ဖြစ်နေသည်ဟု ထင်ရ၏။ ထိုစည်းစိမ်တို့ဖြင့် သာယာမဆုံးရှိနေသည်။

ရုတ်တရက် နိုးလာသောအခါ အိပ်မက်ထဲမှာ တွေ့သမျှ အချည်းအနှီးချည်းသာ ဖြစ်နေတော့သည်။

ထို့အတူ ဤကာမဘုံ၌ လူနတ်အပေါင်းသည် လူစည်းစိမ် နတ်စည်းစိမ်တို့ကို သာယာတပ်မက်ခြင်း တဏှာတရားက ရှေ့ဆောင်ရှေ့ရွက်ပြုပြီးလျှင် ခံစားပျော်ရွှင်နေစဉ် ထိုအရာများ ခိုင်မြဲသည်ဟု ထင်မှတ်လျက် တဏှာ၊ မာန၊ ဒိဋ္ဌိသုံးပါးဖြင့် သိမ်းပိုက်စွဲလမ်းကာနေကြသည်။ အိပ်မက် မက်နေကြသည်။

တိုတောင်းလှသော ပစ္စုပ္ပန်ဘဝ အချိန်ကာလကလေးမှာ အိပ်မက်၌ ထင်မြင်ရသကဲ့သို့ ခံစားသုံးဆောင်ကာ သာယာထပ်မက် နှစ်သက်၍မဆုံးခင် ဘဝတစ်ပါးသို့ ပြောင်းသွားရသည်။

ထိုသို့သေဆုံးသည်နှင့်တပြိုင်နက်ထဲ အိပ်ရာက နိုးလာသူပမာ အိပ်မက်ထဲ၌ ထင်မြင်တွေ့မြင်သမျှသည် ဘဝရှာမတွေ့အောင် အလုံးစုံပျောက်ကွယ်ဘိသကဲ့သို့ ပစ္စုပ္ပန်အချိန်တိုကလေးမှာ ငါပိုင်၊ ငါ့ဥစ္စာဟု စွဲလမ်းသိမ်းပိုက်ခဲ့သမျှ ဝတ္ထုအာရုံကာမဂုဏ်တရားတို့သည် တစ်ခုမကျန် မိမိနှင့် မသက်ဆိုင်သည်အဖြစ်သို့ ရောက်ရှိသွားတော့သည်။

ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အိပ်မက်နှင့်တူလုပ်သည်။ အားကိုးရာမရ၊ အပြစ်သာ များစွာ ရှိနေပါသည်။ (သုပိနကူပမာ ကာမာ)

၇။ အာရုံငါးပါး ကာမဂုဏ်တရား တို့သည် ခေတ္တ ခဏငှားရမ်း သုံးဆောင်အပ်သော ဝတ္ထုပစ္စည်းနှင့် တူပါသည်။

လောက၌ ကိုယ်ပိုင်ဥစ္စာမရှိသောသူသည် ပွဲလမ်းသဘင် ပျော်ရွှင်နိုင်ရန်အတွက် သူတစ်ပါးထံမှ ရွှေ၊ ငွေစသော ပစ္စည်းများကို ငှားရမ်း၍ ဆင်မြန်းရလေသည်။

ဥစ္စာရှင်ထံသို့ ပြန်မအပ်ရသေးခင်အတွင်းမှာ ကိုယ်ပိုင်ဥစ္စာကဲ့သို့ ဝမ်းမြောက်ရွှင်မြူးစွာ ဆင်မြန်းနေနိုင်သော်လည်း အချိန်စေ့၍ ပြန်ဆပ်ရသောအခါဝယ် မိမိမှာ ဘာမျှမရှိဘဲ ညှိုးငယ်စွာနေရတော့သည်။

အလားတူ ဤလောကဝယ် လူများသည် ကုသိုလ်ကံအကျိုးပေးသည့်အလျောက် မိမိမှာဖြစ်ပေါ်ထွန်းလာသော ကာမဂုဏ်တို့ကို ပျော်ရွှင်စွာ ခံစားသုံးဆောင်ကြရင် ထိုအရာကို အမြဲထာဝရ တည်သည်ဟုထင်နေကြ၏။ တစ်စုံတစ်ခုသော အကုသိုလ်ကံ ဖိစီးနှိပ်စက်သဖြင့် ထိုပစ္စည်းများ ပျက်စီးသောအခါဖြစ်စေ၊ သေလွန်သောအခါမှာဖြစ်စေ၊

ထိုကာမဂုဏ်တို့သည် မိမိနှင့်မည်သို့မျှ မစပ်မဆိုင်သော အဖြစ်သို့ ရောက်ကြကုန်သည်၊ ကာမဂုဏ်ထင်မှတ်ခဲ့သော သူများမှာကား လက်ချည်းသာကျန်ရစ်ခဲ့ရသည်။

ထို့ကြောင့် အာရုံငါးပါး၊ ကာမဂုဏ်တရားတို့သည် ခေတ္တခဏ ငှားရမ်းသုံးဆောင်အပ်သောဝတ္ထုပစ္စည်းနှင့် တူလိုသည်ဖြစ်၍ ဆင်းရဲပူပန်ရသည့်ဗျာပါသည် အားကိုးရာမရှိ အပြောများလှသည်ဟု ဘုရားရှင်က ဟောပြောပြပါသည်။(ယာစိတကူပမာ ကာမ)

၈။ အာရုံငါးပါးကာမဂုဏ်တရားတို့သည် အသီးနှင့်ပြည့်စုံသော သစ်ပင်နှင့်တူပါသည်။

ရွာနှင့်မနီးမဝေးတွင် အသီးနှင့်ပြည့်စုံသော သစ်ပင်ကြီးတစ်ပင်ရှိသည်။ ယောက်ျားတစ်ယောက်သည် တောအုပ်သို့ လှည့်လည်လာရင်း ထိုသစ်ပင်ကို တွေ့မြင်သော်၊ ဤသစ်ပင်သည် အသီးနှင့်ပြည့် စုံသည် အောက်သို့လည်းကြွေကျတာမတွေ့ရ၊ ငါသည်သစ်ပင်တက်နိုင်သားဘဲ ဟုဆိုပြီး အပင်ပေါ်တက်ကာ မိမိလည်းစားသည်၊ တစ်ချို့ကို ခူးဆွတ်၍ ခါးပိုက်ထဲသို့လည်း ထည့်သည်။

ထို့အတူ အခြားတစ်ယောက်သည် ထင်းရှာရန် ဓား

တစ်လက်နှင့်ရောက်လာပြီ ထိုအပင်ကို မြင်ပြန်သော် ဤအပင်သည် အသီးနှင့်ပြည့်စုံသည်။ အောက်သို့ကြွေကျသောအသီးလည်းမတွေ့ရ၊ ငါကလဲ သစ်ပင်ပေါ်မတက်နိုင်၊ ဤအပင်ကို ငါ့တွင်ပါလာသော ဓားနှင့်ခုတ်လဲပြီး အသီးကို ယူရသော်ကောင်း၏ဟု ကြံစည်ပြီး သစ်ပင်ကို အရင်းမှ စ၍ ခုတ်ဖြတ်လှဲချသည်။

ပထမသစ်ပင်ပေါ် ရောက်နေသူသည် သစ်ပင်မလဲမီ အမြန်ဆင်း မဆင်းနိုင်သော် သစ်ပင်လဲကျသဖြင့် လက်ခြေမူလည်း ကျိုးပဲ့ရာ၏၊ သေမူလည်း သေရာ၏။

အလားတူပင် ကာမဝတ္ထုအစုစုတို့နှင့်ပြည့်စုံလုံလောက်စွာ သုံးဆောင်၍ နေသူသည် အခြားသူ တစ်ယောက်က လာရောက်ပြီး ထုနှက်ရိုက်ပုတ်၍ ထို ကာမဝတ္ထုတို့ကို လုယက်ယူငင်ရာ၏။

ပထမကာမဂုဏ်ရှင်သည် ထိုကာမဝတ္ထုတို့ကို မစွန့်ပစ်နိုင်ပြားအံ့ ထိုပစ္စည်းကြောင့် ထုနှက်ရိုက်ခံရသည် အစောကထဲက စွန့်ထားပြီးက ထိုကဲ့သို့ ခံရမည် မဟုတ်ပါချေ။

ထိုကာမဝတ္ထုများအတွက် ထုနှက်ရိုက်ပုတ်ခံရပါမူ လက်ခြေလည်း ကျိုးနိုင်သည်၊ သေလောက်သော ဆင်းရဲသို့

လည်း ရောက်နိုင်သည်၊ သေလည်းသေနိုင်သည်၊ ထိုကာမ ဝတ္ထုတို့ကို စွဲလမ်း၍သေပါမူ အပါယ်သို့ လားရောက် နိုင်သည်။

သို့တွက် ငါးဖြာအာရုံကာမဂုဏ်တို့သည် အသီးနှင့် ပြည့်စုံသော သစ်ပင်နှင့်တူသည်၊ ဆင်းရဲမှုသာ များသည်။ အားကိုးရာမရှိ၊ အပြစ်သာများသည်ဟု ဘုရားရှင်က ဟောကြားပြပါသည်။(ရုက္ခဖလူပမာ ကာမ)

၉။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အဆိပ်သီးမှည့်နှင့်တူသည်။

အဆိပ်သီးမှည့်သည် အလွန်နှစ်သက်ဖွယ်ရှိသော သရက်ချိုသီးမှည့်နှင့်တူသည်၊ အဆင်းအနံ့နှင့်လည်း ပြည့်စုံသည်။ မြင်ရလျှင် စားချင်ဖွယ်ဖြစ်သည်။

စားသောသူအား အသက်သေသည်တိုင်အောင် ဆင်းရဲဒုက္ခကို ဖြစ်ပွားစေပါသည်။

အလားတူအာရုံငါးပါးကာမဂုဏ်တရားတို့သည် ပညာမျက်စိမရှိသူတို့အတွက်မူ သာယာနှစ်သက်ဖွယ် ထင်ရ အောင်အမြင်ဆန်းကာ ဟန်ဆောင်ပြတတ်သည်။ ထိုကာမ တရားကို စွဲလမ်းတပ်မက်သာယာသောအားဖြင့် သုံးဆောင် သိမ်းပိုက်နေကြသော သူတို့သည် လောဘ၊ ဒေါသ၊ မောဟ

အစရှိသော အကုသိုလ်အဆိပ်များတစ်ကိုယ်လုံး မွှန်းတက်ပြီးလျှင် ပူပန်ခြင်း၊ စိုးရိမ်ခြင်း၊ ဘေးဒုက္ခတို့ဖြင့် တလွန့်လွန့်တလိမ့်လိမ့် ဆင်းရဲခံစားရပြီး အားကိုးရာမဲ့အားဖြင့် သေဆုံးကြရပါသည်။

သေဆုံးပြီးနောင်သောအခါတွင်လည်း ကာမဂုဏ်အဆိပ်သင့်၍ သုဂတိဘဝသို့ မလားရောက်ရဘဲ ဒုဂ္ဂတိအပါယ်ဘဝသို့သာ လားရောက်ကြရသည်။

ထို့ကြောင့် ငါးဖြာအာရုံ ကာမဂုဏ်တရားတို့သည် အဆိပ်သီးနှင့်တူသည်။ အားကိုးရာမရှိ အပြစ်သာများသည်ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

၁၀။ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ဓားသန်လျက်တို့ဖြင့် ခုတ်ဖြတ်ရာ စဉ်းတီတုံးနှင့်တူပါသည်။

ဤလောကဝယ် ရာဇဝတ်ကောင်သားသမင်စသည်တို့ကို သတ်ဖြတ်ပြီးနောက် စဉ်းတီတုံးပေါ်တွင် အသားကိုတင်ပြီး နုတ်နုတ်စဉ်းကြသည်။ စဉ်းတီတုံးသည် သတ္တဝါတို့၏အသားများ နုတ်နုတ်စဉ်းရာဖြစ်သည်။

ထို့အတူ ကာမတရားများသည် မိမိဌ်သာယာတပ်မက်သူဟူသမျှတို့ကို ကာမတဏှာစသော ဓား

သန်လျက်တို့ဖြင့် နုတ်နုတ်စဉ်းပြီးလျှင် ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။

ကာမဂုဏ်တည်းဟူသော စဉ်းတီတုံးပေါ် ဝယ် ကာမတဏှာတည်းဟူသော ဓားသန်လျက်တို့ဖြင့် အခုတ် ဖြတ်ခံရကာ မရှုမလှသေဆုံးကြရသည်။

ထို့ကြောင့် ငါးဖြာအာရုံကာမဂုဏ်တရားတို့သည် ဓားသန်လျက်တို့ဖြင့် အခုတ်ဖြတ်ခံကာ မရှုမလှသေဆုံးကြ ရသည်။

ထို့ကြောင့် ငါးဖြာအာရုံကာမဂုဏ်တရားတို့သည် ဓားသန်လျက်တို့ နုတ်နုတ်စဉ်းရာ စဉ်းတီတုံးနှင့် တူသည်။ အားကိုးရာမရ အပြစ်သာများသည်ဟု ဘုရားရှင်က ဟောကြားပါသည်။ (အသိသူပမာ ကာမာ)

၁၁။ အာရုံငါးပါး ကာမဂုဏ်တရား တို့သည် ထက်မြက်သောသန်လျက်သွား လှံသွားနှင့် တူသည်။

အလွန်ထက်မြက်သော သံလျက်သွား လှံသွားသည် ထိလေသမျှကို စူးရှဝင်သည်။ သန်လျက်သွား လှံသွားတို့ သည် ရန်သူစသည်ကို ထိုးသတ်ခုတ်ပိုင်းရန်သာဖြစ်သည်။

အလားတူ အာရုံငါးပါး ကာမဂုဏ်တရားတို့သည် အလွန်မြောက်မြားသော အစွမ်းရှိသဖြင့် မိမိနှင့် ထိခိုက်မိစေမူ ငြိတွယ်မိသော သူဟူသမျှတို့ကို စူးဝင်ထိရှတတ်ပါသည်။

ဥပမာ- အဆင်းဟူသော သန်လျက်သွား တစ်စင်း စူးဝင်ခံရသောသူသည် ငါးမျှားချိတ်မိသော ငါးကဲ့သို့ ထိုအဆင်းတည်းဟူသောသံလျက်သွား၏ စူးဝင်ခြင်းကို ရုတ်တရက် မနှုတ်ထွက်နိုင်ဘဲ ထိုအဆင်းသံလျက်သွား ၏ အလိုသို့သာမျောလျက် လိုက်ပါနေပါသည်။ ထိုသံလျက်သွား စူးဝင်မှုကြောင့် ရှေးက မိမိစောင့်ရှောက် မွေးမြူခဲ့သော သမာဓိပညာကိုသော်မှ သတိမရ ဂရုမစိုက်နိုင်တော့ဘဲ ပျက်စီးပြုန်းတီးခြင်းသို့ ရောက်ရသည်။

ကာမဂုဏ်ငါးပါးတည်းဟူသော သန်လျက်သွား ငါးပါးသည် သတ္တဝါတို့ကို ထိုးသတ်ဖျက်ဆီးရန်သာ ဖြစ်ပါသည်။ ကာမတဏှာကို မပယ်ခွာရသေးသော သတ္တဝါဟူသမျှသည် ရောက်လေရာရာ ထိုထိုဂတိတို့၌ မိမိထံသို့

တည့်မတ်စွာချိန်ရွယ်ထားသော အာရုံငါးပါး သန်လျက်သွားတို့၏ အကြားများသာလျှင် အကျဉ်းသမားရာဇဝတ်သားကဲ့သို့ နေထိုင်ကြရသည်။

ထိုအာရုံငါးပါးကာမဂုဏ်တရားတို့သည် ထိခိုက်လာသမျှသော သတ္တဝါတို့ကို ငဲ့ညှာမှုမရှိဘဲ မိမိသဘောအတိုင်းပင် စူးဝင်ကြလေသည်။

ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့သည် ထက်မြက်လှစွာသော သံလျက်သွား လှံသွားနှင့်တူကုန်သည်။ ဆင်းရဲပူပန်ရသည်ကများသည်။ ဤကာမဂုဏ်တရား၌ အာကိုးရာမရ အပြစ်တွေသာများသည်ဟု ဘုရားရှင်က ဟောပြောပြသည်။ (သတ္တိသူလူပမာ ကာမ)

၁၂။ အာရုံငါးပါးကာမဂုဏ်တရားတို့သည် အဆိပ်ပြည့်သော မြွေဆိုး၏ဦးခေါင်းနှင့် တူသည်။

မြွေဆိုးဦးခေါင်းသည် ကြမ်းတမ်းထက်မြက်သော အဆိပ်နှင့်ပြည့်စုံနေသည့်အတွက် စက်ဆုတ်ဖွယ် ကြောက်လန့်ဖွယ်သာဖြစ်ပါသည်။ မြွေဆိုး၏ ကိုယ်ထိမိ နင်းမိသောသူများ ကြီးစွာသော ဘေးကြီးသင့်သကဲ့သို့ အာရုံငါးပါး ကာမဂုဏ်တရားကို ထိမိနင်းမိသောသူများသည် အားကိုးရာမရ အပြစ်ကသာများသည်ဟု ဘုရားရှင်က ဟောကြား

ခဲ့ပါသည်။(မဇ္ဈိမပဏ္ဏာသ ပေါတလိယသုတ်)

- ကြောက်မက်ဖွယ်ဘေးကြီးဟူသည် ကာမဂုဏ်ငါးပါးအမည်ဖြစ်သည်။
- ဆင်းရဲဒုက္ခဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ဖြစ်သည်။
- အနာရောဂါဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ဖြစ်သည်။
- အိုင်းအမာကြီးသည် ကာမဂုဏ်ငါးပါး၏ အမည်ဖြစ်သည်။
- ကပ်ငြိစေ့နှောင်ခြင်းဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ဖြစ်သည်။
- အထူးရခက်သော ရွံ့ညွန်မှတ်ကြီးဟူသည် ကာမဂုဏ်ငါးပါး၏ အမည်ဖြစ်သည်။ (ဆက္ကနိပါတအင်္ဂုတ္တရ)

သိကြားမင်းစံရာ ဘုန်းသောကြာကဲ့သို့ ထီးနန်းစည်းစိမ်သည်လည်း သုကောင်းမြုပ်ရာသုဿန်သင်္ချိုင်းနှင့် တူစွာတကား။

ကာမ,ရူပ , အရူပ ဟူသော ဘုံသုံးပါးသည် ရဲရဲပြောင်ပြောင် မီးစွဲလောင်နေသော အိမ်ကြီးနှင့်တူစွ

တကား။

ဤလူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် သန္ဓေလည်းတည်နေရ၏။ အိုလည်းအိုရ နာလည်း နာရ၏။ သေလည်းသေရ၏။ သေပြီးတစ်ဖန် ပဋိသန္ဓေနေရပြန်၏၊ ပဋိသန္ဓေတည်နေပြီး၍ တစ်ဖန်အိုရ နာရပေရပြန်၏။

ပဋိသန္ဓေတည်ရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့သည် အလွန်ပင် ပင်ပန်းဆင်းရဲကြပါသည်။

ဤကဲ့သို့ ဇာတိ,ဇရာ,ဗျာဓိ,မရဏတို့၏ ထိန့်လန့် ကြောက်ရွံ့ဖွယ်အဖြစ်ကိုလည်းကောင်း၊ ဝတ္ထုကာမ, ကိလေသာ ကာမတည်းဟူသော ကာမနှစ်ပါး ကာမ, ရူပ, အရူပတည်းဟူသော ဘုံသုံးပါးတို့၏ သာယာဖွယ်နည်းပါး ပြီး အပြစ်တွေသာများသည်ကိုလည်းကောင်း၊ ဘုရားရှင် သည် သတ္တဝါတို့အား ဟောကြားပြသသည်။ ကာမဂုဏ် တို့မှ လွတ်မြောက်ရာ သမထ,ဝိပဿနာ အကျင့်ကိုလည်း ဟောပြောပြသည်။

ဤသို့သော စကားအစဉ်ဖြင့် ဘုရားရှင်သည် သတ္တဝါတို့အား မိမိအဆုံးအမ၌ တည်စေရန် မိမိ၏ တရားမှန်၌ ကျင့်စေရန် စည်းရုံးသိမ်းသွင်း ဟောဖော်ပြခဲ့ ပါသည်။

=================

## ဗုဒ္ဓ၏စကားအစဉ်လေးရပ် စွမ်းအားသတ္တိ

ဘုရားရှင်သည် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာဟူသော စကားအစဉ်လေးရပ်တို့ကို သတ္တဝါတို့အား အစဉ်းဟောပြောပြလေ့ရှိပါသည်။

ထိုစကားလေးရပ်ဟောပြောပြမှုကြောင့် ဟောပြောခံရသော ပုဂ္ဂိုလ်၏ စိတ်သန္တာန်ဝယ်-

- မသဒ္ဒါခြင်း
- ပျင်းရိခြင်း
- မေ့လျော့ခြင်း
- ပြန့်လွင့်ခြင်း
- တွေဝေခြင်း

ဟူသော စိတ်၏အပြစ်ဒေါသများ ကင်းစင်သွားသဖြင့် သစ္စာလေးချက် နက်နဲသောတရားကို နာယူနိုင်လောက်သော အခြေမှာ တည်ရှိသွားပါသည်။

ဒိဋ္ဌိ မာန အစရှိသော ကိလေသာများ ကင်းရှင်းနေသဖြင့် ဇမ္ဗူရစ်ရွှေစင်ပမာ ဆွဲတိုင်းထင် ငင်တိုင်းရနူးညံ့သော အခြေအနေမှာ တည်ရှိနေပါသည်။

ကာမစ္ဆန္ဒဗျာပါဒ စသော နီဝရဏတရားငါးပါး

ကင်းရှင်းနေပြီး နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အကျင့်လမ်းစဉ်၏ အလွန်ဝမ်းမြောက်ခြင်း(ပီတိပါမောဇ္ဇ) တရားတို့နှင့် ယှဉ်လျက်နေသည်။

သဒ္ဓါတရားနှင့် ပြည့်စုံသဖြင့် အလွန်ကြည်လင်နေ၍ သတ္တဝါတို့၏အလိုစရိုက်အားလျော်စွာ မဂ်ရောက်ဖိုလ်တည်ဖြစ်အောင် ဟောစွမ်းနိုင်သော တရားဒေသနာဖြင့် တရားကို ဟောကြားနိုင်ပါသည်။

လောကဥပမာအားဖြင့် အညစ်အကြေးကင်းအောင် ဆေးကြောဖွပ်လျှော်ပြီးသော အဝတ်အထည်ကို ခဝါသည်သည် မိမိအလိုရှိသော အဝါ၊အနီ၊အစိမ်း စသည် အရောင်ကို ဆိုးသောအခါ ထိုစင်ကြယ်နေသောအဝတ်က ဆိုးရည်ကို ကောင်းစွာခံယူသကဲ့သို့ အဝတ်သည် တလက်လက်အရောင်ဖြင့် တောက်ပနေသကဲ့သို့ တရားဟောခံ သောပုဂ္ဂိုလ်၏စိတ်အစဉ်ဝယ် သောတာပတ္တိမဂ်ဉာဏ် အမြင်တည်းဟူသော တရားမျက်စိအမြင်သည် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုလျက် အပါယ်သို့လား အမွေတို့ကို ဖယ်ရှားလျှက်လည်းကောင်း၊

ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာအညစ်အကြေးတို့ကို အကြွင်းမဲ့ ပယ်သတ်လျက်လည်းကောင်း၊

ဖြစ်ဖြစ်သမျှ ဥသုံအလုံးစုံသော သင်္ခါရတရားအစုသည် ပျက်စီးချုပ်ပျောက်ခြင်း သဘောရှိစွတကားဟု ပိုင်းခြားထင်ထင် သိမြင်လျက်လည်းကောင်း၊

လျင်မြန်သော ဝိပဿနာဉာဏ်ရှိသူ ထက်သော ဉာဏ်ပညာရှိသူဖြစ်ရကား တထိုင်တည်းမှာပင် သောတာပတ္တိမဂ်ဉာဏ်အမြင်သည် ထင်ရှားဖြစ်ပေါ်လာရပါသည်။

အညစ်အကြေးလိမ်းဆေး ညစ်ပေနေသော အဝတ်အထည်ကို ခဝါသည်သည် အနီ၊ အဝါ အစရှိသော အလိုရှိရာ ဆိုးရည်များကို ထပ်၍ဆိုးသော်လည်း အကျိုးမထူးနိုင်၊ မစွဲနိုင်သကဲ့သို့ ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ အစရှိသော နီဝရဏ ကိလေသာအညစ်အကြေး လိမ်းကျံနေသော သတ္တဝါတို့၏စိတ်ကို သစ္စာလေးပါးတည်းဟူသော ဆိုးရည်ကို ထပ်ဆိုးသော်လည်း အကျိုးမရနိုင်ပါ။

အညစ်အကြေးလိမ်းကျံနေသော အဝတ်အထည်ကို ကျောက်ပြင်၌ထင်ကာ ရေဖြင့်သွက်လျက် အညစ်အကြေးစွဲငြိရာအရပ်၌ ဆပ်ပြာစသည်ဖြင့် ပွတ်တိုက်ဖွပ်လျော်၍ စင်ကြယ်ပြီးသော အဝတ်အထည်ကိုသာ ခဝါသည်သည် အလိုရှိရာဆိုးရည်ကို ထပ်၍ဆိုးသော်လည်း အကျိုးမရနိုင်ပါ။

အညစ်အကြေးလိမ်းကျံနေသော အဝတ်အထည်ကို ကျောက်ပြင်၌တင်ကာ ရေဖြင့်သွက်လျက် အညစ်အကြေး စွဲငြိရာအရပ်၌ ဆပ်ပြာစသည်ဖြင့် ပွတ်တိုက်လျှော်၍ စင်ကြယ်ပြီးသော အဝတ်အထည်ကိုသာ ခဝါသည်သည် အလိုရှိရာဆိုးရည်ကို ထပ်၍ဆိုးလျှင် အကျိုးရှိပြီး အရောင် တလက်လက်ထွက်သကဲ့သို့ မြတ်စွာဘုရားတည်းဟူသော သစ္စာလေးမျိုး ဆေးရောင်ဆိုးပေးမည့် ဆရာသည် ကိလေသာအညစ်အကြေး လိမ်းကျံနေသောသတ္တဝါတို့၏ စိတ်အစဉ်တည်းဟူသော စိတ်အစဉ်ကို တရားဟောနေစဉ် ကျောက်ပြင်၌တင်ကာ သဒ္ဓါတရားတည်းဟူသော ရေစင်ဖြင့် ဆွတ်ကာဆွတ်ကာ ယင်း၏ သတိ,သမာဓိ, ပညာ ဤသုံးမျိုးဟူသော ဆပ်ပြာဖြင့် ပွတ်တိုက်ဖွတ်လျှော်တော် မူ၍ နီဝရဏကိလေသာ အညစ်အကြေးကင်းဝေး စင်ကြယ် ပြီးသောအခါ သတ္တဝါတို့၏ စိတ်အစဉ်တည်းဟူသော အဝတ်အထည်ကို သစ္စာလေးပါးတရားဆိုးရည်ကို ထပ်ဆိုး သောအားဖြင့် ဟောကြားလိုက်သောအခါ သတ္တဝါ၏ စိတ်အစဉ်၌ မဂ်ရောက် အမြင်ပေါ်ပေါက်ကာ သစ္စာ လေးပါးတရားဆိုးရည်ကို မည်သူတစ်ဦးတစ်ယောက်မျှ ဖျက်ဆီးမရလောက်အောင် စွဲထင်သွားပါတော့သည်။

ထို့ကြောင့် ဘုရားရှင်၏ စကားအစဉ်လေးရပ်သည် သတ္တဝါတိုင်း စိတ်အစဉ်ဝယ် နီဝရဏ စသော အညစ်အကြေးများ ကင်းစေရန် ကိလေသာအညစ်အကြေးများ လွင့်ပျောက်ပြီး သန့်ရှင်းကြည်လင်သော သဒ္ဓါတရား အမြင်ပေါက်စေရန်အတွက် စီမံဟောကြားသော တရားအစဉ်ဖြစ်ပါသည်။

ထိုတရားအစဉ် လေးပါး၏ အစွမ်းသတ္တိကြောင့် သတ္တဝါတို့၏ စိတ်အစဉ်သည် နူးညံ့ခြင်း၊ ကြည်လင်ခြင်း မပျင်းရိခြင်း၊ မမေ့လျော့ခြင်း၊ မပြန့်လွင့်ခြင်း၊ မတွေဝေခြင်း၊ စိတ်များဖြစ်ပေါ်ပြီး မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်ဖြင့် အသိတရား ယှဉ်သောစိတ်များ ဖြစ်ပေါ်လာရပါတော့သည်။

================

## အခန်း(၃)

## ဗုဒ္ဓ၏သာသနာပြုစည်းရုံးရေး အောင်ပွဲများ

### ၁။ တပ္ပုဿ ဘလ္လိကတို့ကို သာသနာပြုစည်းရုံး အောင်မြင်ခြင်း

**ပထမဦးဆုံး ဒွေဝါစိက သရဏဂုံတည်သူ(၂)ဦး**

မြတ်စွာဘုရားရှင်သည် သတ္တာသတ္တဟ လင်းလွန်း ပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခုနစ်ရက်ခံစားပြီး နောက်ဆုံးနေ့ဖြစ်သော ဝါဆိုလဆန်း(၅)ရက်၊ ဗုဒ္ဓဟူးနေ့ တွင် မျက်နှာသစ်လိုသောအကြံဖြစ်၍ သိကြားမင်းသည်

ကြေးဇုသီးကို ဆက်ကပ်သည်။ ထိုအသီးကို ဘုဥ်းပေးပြီး နောက် ဘုရားရှင်အား ကိုယ်လက်သုတ်သင်ခြင်းခေါ် သော ကျင်ကြီးကျင်ငယ်စွန့်ပစ်ခြင်းကိစ္စ ဖြစ်ပေါ်လာသည်။

(မြတ်စွာဘုရားရှင်သည် သုဇာတကပ်လှူသော ဆွမ်းဘုဥ်းပေးပြီးနောက်(၄၉)ရက်ကာလပတ်လုံး ဆွမ်းဘုဥ်း ပေးခြင်း မျက်နှာသစ်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ရေချိုးခြင်း၊ လျှောင်းစက်ခြင်းကိစ္စ အလျှင်းမရှိပေ၊ ဈာန် ချမ်းသာဖိုလ်ချမ်းသာဖြင့်သာ အချိန်ကုန်လွန်စေခဲ့ပါသည်)။

ထို့နောက် သိကြားမင်းသည် နဂါးပြည်မှဖြစ်သော ကွမ်းရိုးဒါန်ပူနှင့် အနောဝတတ်ရေအိုင်မှ ရေကို ဆက်ကပ် လှူဒါန်းလေသည်။ မြတ်စွာဘုရားရှင်သည် ခံတွင်းဆေးခြင်း၊ မျက်နှာသစ်ခြင်း၊ ကိစ္စပြီးလတ်သော် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတော်မူသည်။

ထိုအချိန်ကာလတွင် မြန်မာပြည် ဥက္ကလာဇနပုဒ်မှ ကုန်သည်ညီနောင်ဖြစ်သော တဖုဿ ဘလ္လိကတို့သည် မဇ္ဈိမဒေသသို့ ကုန်ကူးသန်းရောင်းဝယ်သွားလာရာမှ လင်းလွန်းပင်အနီး လမ်းမဖြင့် သွားလာနေကြဆဲ ဖြစ်သည်။

ထိုနေရာအရောက်တွင် လှည်းများသည် ရွှံ့နွံမရှိဘဲ ရွှံ့ညွန်၌နစ်ကျွံနေသည့်အလား တန့်ရပ်နေကြသည်။

ကုန်သည်ညီနောင်တို့သည် ထိုအကြောင်းကို စုံစမ်းလေ့လာနေစဉ် ရှေးဘဝက ဆွေမျိုးရင်းချာတော်စပ်ခဲ့ဘူးသော နတ်သားတစ်ပါးသည် သစ်ပင်ခွထက်၌ ကိုယ်ထင်ပြလျက်-

"အမောင်တို့ မြတ်စွာဘုရားသည် ဘုရားဖြစ်၍ မကြာသေးမီ လေးဆယ်ကိုးရက် ကာလပတ်လုံး ဆွမ်းအဟာရကို သုံးဆောင်တော်မမူဘဲ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူလျက် ယခုခါ လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေဆဲ ဖြစ်သည်။ အမောင်တို့သည် မြတ်စွာဘုရားကို ဆွမ်းအာဟာရဖြင့် မြတ်နိုးကော်ရော်ပူဇော်ကြကုန်လော့။ ယင်းသို့ ပူဇော်ခြင်းသည် မောင်တို့အတွက် နေ့ရှည် ရက်လျား စီးပွားချမ်းသာဖြစ်လိမ့်မည်"

ဟု ပြောကြားသည် ထိုနတ်စကားကိုကြားရ၍ ကုန်သည် ညီနောင်တို့သည် ဆွမ်းချက်နေလျှင် အချိန်ကြာလိမ့်မည်ဟု ဆင်ခြင်ပြီးလျှင် မိမိတို့တွင် အသင့်ပါလာသော မုံ့ကြွတ်ကြော်နှင့် ပျားဆုပ်မုန့်တို့ကို ယူဆောင်ပြီး ဘုရားရှင်ထံသို့ သွားရောက်ကာ ကပ်လှူကြလေသည်။

ဘုရားရှင်သည် သုဇာတယနာနို့ဆွမ်းကို ခံယူသော နေ့ကပင်' ယင်္ဂိကာရဗြဟ္မာလှူထားသော မြေသပိတ်

နေရဥ္စရာမြစ်၌ မျောထားခဲ့သောကြောင့် သပိတ်မရှိဖြစ်နေသည်။

> "ရှေးရှေးနောင်တော်ဘုရားတို့သည် လက်တော်ဖြင့် အဟာရကို အလှူမခံကုန်၊ ငါသည်ယခု အဘယ်အရာဖြင့် အလှူခံရအံ့နည်း"

ဟု ကြံစည်တော်မူသည်ရှိသော် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် ဣန္ဒနီလာကျောက်ညိုသပိတ်လေးလုံးကို ဘုရားရှင်အား လာရောက်လှူဒါန်းကြလေသည်။

ဘုရားရှင်သည် ထိုသပိတ်ကို အလှူမခံသောကြောင့် နတ်မင်းကြီးလေးပါးသည် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးကို လှူဒါန်းကြပြန်သည်။ မြတ်စွာဘုရားသည် ထိုကျောက်သပိတ်တို့ကို အလှူခံပြီးလျှင် သပိတ်တစ်လုံးတည်းဖြစ်စေသတည်းဟု အဓိဋ္ဌာန်တော်မူလိုက်ရာ အနားလေးရစ်ရှိသော သပိတ်တစ်လုံးတည်းဖြစ်သွားလေသည်။

မြတ်စွာဘုရားသည် ထိုသပိတ်ဖြင့် ကုန်သည်ညီနောင်တို့လှူသောမုန့်ကို အလှူခံဘုဉ်းပေးတော်မူပြီးနောက် ကုန်သည်ညီနောင်တို့နှင့် သင့်လျော်သော အနုမောဒနာတရားကို ဟောကြားတော်မူသည်။

ထိုအခါ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ကိုးကွယ်လည်းလျှောင်းပုန်းအောင်းရာဟူ၍ ဆည်းကပ်ကုန်ကြလျက် ဒွေဝါစိကသရဏဂုံတည် ဥပါသကာများဖြစ်ကြလေကုန်သည်။

"မြတ်စွာဘုရား တပည့်တော်တို့အား အမြဲမပြတ် ဆည်းကပ်ကိုးကွယ်ရန် ပူဇော်ဖွယ်တစ်ခုကို ချီးမြှင့်တော်မူပါဘုရား"

ဟု လျှောက်ထားသဖြင့် ဘုရားရှင်က လကျာ်လက်တော်ဖြင့် ဦးခေါင်းကိုသုံးသပ်၍ ဆံတော်ဓာတ်တော်တို့ကို ကုန်သည်ညီနောင်တို့အား ချီးမြှင့်လိုက်တော်မူသည်။

ကုန်သည်ညီနောင်တို့သည် ထိုဆံတော်ကို ရသဖြင့် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီးလျှင် ကုန်ရောင်းဝယ်ကိစ္စပြီးသောအခါ မိမိတို့နေရာ ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီသို့ ပြန်ရောက်ကြပြီးနောက် စေတီတည်ထား ကိုးကွယ်ထားကြလေသည်။

ဤမြန်မာပြည်သားကုန်သည်ညီနောင်တို့သည် ဗုဒ္ဓသာသနာဝယ်-

လူသားအနေဖြင့် ပထမဦးဆုံးဘုရားကို

ဖူးတွေ့ရသူ

- ပထမဦးဆုံး ဘုရားရှင်၏ တရားကိုနာရသူ
- ပထမဦးဆုံး ဆံတော်ချီးမြှင့်ပေးသနား ခံရသူ
- ပထမဦးဆုံး စေတီတည်ထားကိုးကွယ်ခွင့် ရသူများဖြစ်ကြသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာ့ဝယ် ဘုရားရှင်၏ သာသနာပြုဆောင်ရွက်ရာတွင် မိမိ၏အဆုံးအမကို ခံယူသောသူများအား သရဏဂုံ တည်စေခြင်းဖြင့် ဦးစွာ သာသနာပြုကြောင်း မှတ်သားရပါမည်။

သာသနာပြုစည်းရုံးရေးပုဂ္ဂိုလ်များသည် မိမိတို့ သာသနာပြုနယ်ပယ်တွင် ဗုဒ္ဓအဆုံးအမခံယူသော သူများ အား သရဏဂုံတည်ဆောက်စေခြင်းဖြင့် ဗုဒ္ဓဘာသာ ခံယူသူအဖြစ် သွတ်သွင်းပေးရမည် ဖြစ်ပါသည်။

==========

## ၂။ ပဥ္စဝဂ္ဂီတို့အား သာသနာပြုစည်းရုံးအောင်မြင်ခြင်း

ကပိလဝတ္ထုပြည်၏ အရှင်ဘုရင် သုဒ္ဓေါဓနေ၏ ပညာရှိပုရောဟိတ်(၈)ဦးအနက် အငယ်ဆုံး ပုရောဟိတ် ကောဏ္ဍညသည် ပညာဉာဏ်စူးရှထက်မြက်သူဖြစ်သည်။

သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးနောက် ခုနစ်ရက်အကြာ သားတော်၏ ကြန်အင်လက္ခဏာတို့ကို ပုရောဟိတ်တို့အား ဘခင်သုဒ္ဓေါဓနေဘုရင်ကြီးက ဖတ်ကြားလျှောက်ထား စေသည်။

ပုရောဟိတ်ခုနစ်ယောက်က လက်ညှိုးနှစ်ချောင်း ထောင်ကာ ဤသူသည် ဘုရားသော်လည်းကောင်း၊ စကြာဝတေးမင်းသော်လည်းကောင်း ဖြစ်လိမ့်မည်ဟု အဟောထုတ်ကြသည်။

ကောဏ္ဍညပုရောဟိတ်ငယ်က လက်ညှိုးတစ်ချောင်းသာထောင်၍ ဧကန်စင်စစ်ဘုရားဖြစ်လိမ့်မည်ဟု ဟောခဲ့သည်။

ကောဏ္ဍညသည် ထိုသို့ဟောပြီးနောက် ထိုဘုရား၏ တရားကိုဦးစွာနာကြားမည်ဟု ဆုံးဖြတ်ကာ ပုရောဟိတ် ခုနစ်ဦး၏ တူများဖြစ်ကြသော ဝပ္ပ၊အဿဇိ၊ မဟာနာမ်တို့ကို စိတ်တူသဘောတူခေါ်ကာ ဥရုဝေဠ

တောသို့ ကြိုတင်ထွက်ပြီး ရသေ့ပြုကာ သိဒ္ဓတ္ထမင်းသား တောထွက်အလာကိုစောင့်ရင်း တရားအားထုတ်နေခဲ့ ကြသည်။

သိဒ္ဓတ္ထမင်းသားသည် သက်တော်(၂၉)နှစ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်လေးပါးကို မြင်ပြီးနောက် ကြီးစွာသော သံဝေဂဉာဏ်ရပြီးလျှင် တောထွက်တော်မူသည်။

ပဉ္စဝဂ္ဂီဟုခေါ်သော ကောဏ္ဍညရသေ့အုပ်စုသည် သိဒ္ဓတ္ထမင်းတောထွက်လာပြီး ဘုရားဖြစ်ရန် တရား အားထုတ်သည်ကို ကောင်းစွာကြိုဆို၍ ဝေယျာဝစ္စအမှု တို့ကို ဆောင်ရွက်လုပ်ကိုင်ပေးခဲ့ကြသည်။

သိဒ္ဓတ္ထမင်းသားသည် ဥရုဝေဠတောတွင် ပဉ္စဝဂ္ဂီ တို့၏ အလုပ်အကျွေးကိုခံယူရင်း ဘုရားဖြစ်ရန် တရားကို ပြင်းစွာအားထုတ်ခဲ့ကြသည်။

ဒုက္ကရစရိယဟုခေါ်သော လူသားတို့ ကျင့်နိုင်ခဲ သော အကျင့်ကို အစာဖြတ်ရေဖြတ်ပြီး ကျင့်ခဲ့သည်။

သို့သော် ခြောက်နှစ်သာကုန်ခဲ့သည်။ ဘုရားဖြစ်ရန် ကျင့်စဉ် ဤလမ်းကို မရခဲ့၊ သို့ကြောင့် မိမိကိုယ်ကိုမိမိ ပြန်လည်ဆင်ခြင်သုံးသပ်ပြီးနောက် အစာရေစာကို ပြန်စား

ပြီး တရားပြန်ကျင့်ခဲ့သည်။

ထိုအခါကျမှ အစွန်းနှစ်ဖက်လွတ်သော မၛ္ဈိမပဋိပဒါခေါ် အလယ်လမ်းစဉ်မှန်ကို မဂ္ဂင်ရှစ်ပါးကျင့်စဉ်အမှန်ရခဲ့သည်။ ဘုရားလောင်းသည် အာနာပါနစျာန်ကို အခြေခံလျက် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးဖြင့် ဝိပဿနာတရားကို ပွားများအားထုတ်ခဲ့ရာ မိမိသန္တာန်၌ ဘဝပေါင်းများစွာက စွဲဝင်ကိန်းအောင်းနေသော အာသဝေါတရားတို့အကြွင်းမဲ့ကုန်ဆုံး၍ အမြတ်ဆုံးသမ္မာသမ္ဗောဓိဉာဏ်ရရှိပြီးဘုရားဖြစ်တော်မူခဲ့သည်။

အလောင်းတော်သိဒ္ဓတ္ထက လမ်းစဉ်မှားကိုပယ်လမ်းစဉ်မှန်သို့ပြောင်း၍ အားထုတ်သဖြင့် တရားထူးကိုရရှိခဲ့သော်လည်း ပဉ္စဝဂ္ဂီတို့ကား အမြင်မှားနေခဲ့ကြသည်။ အတ္တကိလမထအကျင့်မှားဖြစ်သော တရားထူးရနိုင်မည်ဟူ၍ စွဲယူနေခဲ့ကြပြီး ဘုရားလောင်းကို အကျင့်ပြောင်း၍ဘုရားမဖြစ်နိုင်တော့ပြီဟုဆိုကာ ဘုရားလောင်းကို စွန့်ခွာသွားခဲ့ပြီး မိဂဒါဝုန်တောသို့ သွားရောက်နေထိုင်ခဲ့ကြသည်။

ဗုဒ္ဓသည် ဗောဓိပင်အနီးပတ်ဝန်းကျင်၌ ခုနစ်ပါတ်မျှသီတင်းသုံးနေပြီးနောက် မိမိမြင်သောတရားထူးကိုဝေနေယျသတ္တဝါတို့အား ဖြန့်ဝေဟောကြားရန် အကြံ

ဖြစ်တော်မူသည်။

သို့ဖြစ်၍ အဘယ်သူအား ရှေးဦးစွာတရားဟောရပါအံ့နည်းဟု စဉ်းစားရာ မိမိတောထွက်လာစအချိန်က ဆည်းကပ်လေ့လာခဲ့ဖူးသော အဠာရရသေ့နှင့် ဥဒကရသေ့နှစ်ပါးကို ဦးစွာသတိရတော်မူသည်။

သို့သော် ထိုရသေ့နှစ်ပါးမှာ မကြာမီက ကွယ်လွန်သွားရှာပြီ ဖြစ်ကြောင်းသိရသဖြင့်-

> "ဤရသေ့ကြီးနှစ်ပါးကား ကြီးစွာသော ဆုံးရှုံးခြင်းဖြင့် ဆုံးရှုံးသွာရှာလေပြီ၊ သူတို့သည် အကယ်၍ ငါဟောကြားသောတရားကို ကြားနာရမည်ဆိုလျှင် လျှင်မြန်စွာ နားလည်သဘောပေါက်မည့်သူများ ဖြစ်ပေမည်"

ဟု စဉ်းစားမိတော်မူလေသည်။

ထို့နောက်တစ်ဖန် တရားဦးဟောကြားသင့်သူကို စဉ်းစားဖြစ်သောအခါ မိမိတရားကျင့်နေစဉ်က မိမိအား ဝတ်ကြီးဝတ်ငယ်ဖြင့် လုပ်ကျွေးပြုစုခဲ့ကြသော ပဉ္စဝဂ္ဂီငါးဦးတို့ကို သတိရတော်မူသည်။ ထိုပုဂ္ဂိုလ်များသည် ဉာဏ်ပညာထက်သန်၍ တရားစစ်တရားမှန်ကို တကယ်လိုလားတောင့်တသူများလည်းဖြစ်သည်။ သို့အတွက် သူတို့၏

အမြင်မှောက်မှားမှုကို ဖယ်ရှားပြီး တရားဟောမည်ဆိုလျှင် လမ်းမှန်သို့ ရောက်ရှိနိုင်ဖွယ်ရှိကြောင်းကို ဘုရားရှင်က သိမြင်တော်မူသည်။

သို့အတွက် ဘုရားရှင်သည် ပဥ္စဝဂ္ဂီတို့အား တရားဦး ဟောကြားရန် ဥရုဝေဠတောမှ(၁၈)ယူဇနာမျှဝေးသော မိဂဒါဝုန်တောသို့ ကြွတော်မူလေသည်။

ဘုရားရှင်သည် ပဥ္စဝဂ္ဂီတို့နေထိုင်ရာ ဣသိပတန မိဂဒါဝုန်တောသို့ ဝါဆိုလပြည့်နေ့ညနေပိုင်းတွင် ဆိုက် ရောက်တော်မူသည်။

မိမိတို့ ကျောင်းသခ်မ်းသို့ ဦးတည်လျက် တည်ငြိမ် သော အိန္ဒြေဖြင့်ကြွလာသော ဘုရားရှင်ကို ကောဏ္ဍည ရသေ့က အရင်လှမ်း၍ မြင်သည်။

"ငါ့ရှင်တို့---ဟိုမှာကြည့်ကြပါအုံး၊ ရဟန်းဂေါတမ တို့ဆီလိုက်လာနေပြီ၊ ကမ္မဋ္ဌာန်းအလုပ်ကို စွန့်ပြီး ဂိုဏ်းဆရာလုပ်ဖို့ နောက်လိုက်တပည့် ပရိသတ် တွေ လိုက်ရှာနေပြီးနှင့်တူသည်။သူ ငါတို့ကိုပြန်ခေါ် ဖို့ လာတာဖြစ်မည်"

ရှင်ကောဏ္ဍညသည် ကျန်လေးပါးကို လှမ်းပြော သည်။ ကျန်လေးပါးသည် ရှင်ကောဏ္ဍညစကားကို ကြားရ

သောအခါ စိတ်ဝင်စားစွာဖြင့် ကျောင်းသခ်န်းကလေး၏ အပြင်သို့ ထွက်လာကြပြီး ရှင်ကောဏ္ဍညလက်ညှိုးညွှန်ရာသို့ လှမ်းကြည့်ကြသည်။

"ဟုတ်တယ်၊ဟုတ်တယ် တပည့်တော်တို့ကို
သူ့တပည့် လုပ်ဖို့ လာခေါ်တာဖြစ်မှာပါဘဲ"

ဟု လေးပါးလုံးက တညီတညွတ်တည်း ထောက်ခံကြသည်။

ထို့နောက်သူတို့သည် ဘုရားရှင်ကို ခရီးဦးကြိုဆိုခြင်း သပိတ်သင်္ကန်းလှမ်းယူခြင်းစသော အရိုအသေပေးမှုများ မပြုလုပ်ရန် ကတိကဝတ်ထားကြသည်။ နေရာထိုင်ခင်းကို ခင်းပေးထားကြသည်။

သို့သော် ဘုရားရှင် မိမိတို့ ကျောင်းသခ်န်းအနီးသို့ ရောက်ရှိသော် ကတိကဝတ်မတည်နိုင်တော့ဘဲ ရှင်ကောဏ္ဍညကိုယ်တိုင် ရှေးဦးစွာထ၍ ဘုရားရှင်ကို ခရီးဦးကြိုဆိုပြုသည်။ သပိတ်သင်္ကန်းတို့ကို လှမ်းယူသည်။ ခြေဆေးရေ၊ ခြေဆေးခွက်များ ပြုပြင်ပေးခဲ့ကြသည်။

ခင်းပေးထားသောနေရာ၌ ဘုရားရှင်ထိုင်မိသောအခါ ရှင်ကောဏ္ဍညကပင်-

"ငါ့ရှင် ဂေါတမ ကျန်းမာရဲ့လား"

ဟု နှုတ်ဆက်စကား ဆိုသည်။ ဘုရားရှင်က-

"ရဟန်းတို့ ယခုငါသမ္မာသမ္ဗုဒ္ဓဖြစ်ပြီး သင်တို့သည် ငါကို ဂေါတမဆိုတဲ့ နာမည်နှင့်မခေါ် ဝေါ်ကြနဲ့။ ငါရှင်လို့လည်း မပြောကြားကြနှင့်၊ သေခြင်းကင်းရာ အမြိုက်နိဗ္ဗာန်ကို ဆင်ခြင်ဖို့အတွက် သင်တို့ကို ငါတရား ဟောမယ်။ နားထောင်ကြ"

ဟု မိန့်ကြားသည်။

ပဉ္စဝဂ္ဂီတို့က လက်မခံကြ။ အတ္တကိလမထ ကျင့်တုံးကတောင် ဘုရားမဖြစ်ဘဲ ယခုဘုရားဖြစ်တယ် ဆိုတာ ဟုတ်ပမလားဟု ချေပကြသည်။

ဘုရားရှင်က သုံးကြိမ်တိုင်တိုင် ပြောသည်။ ပဉ္စဝဂ္ဂီ တို့ကလည်း သုံးကြိမ်တိုင်တိုင်ငြင်းဆန်ကြသည်။

"ငါသည် ဘုရားဖြစ်ပြီဟူသော စကားကို ယခင်က ဆိုခဲ့ဘူးပါသလော"

ဟု မေးခွန်းထပ်ထုတ်မှ ပဉ္စဝဂ္ဂီတို့ ဘုရားရှင်အပေါ် ယုံကြည်ကြလေသည်။

မဟာသက္ကရာဇ်(၁၀၃)ဝါဆိုလပြည့်နေ့ ညနေ ဆည်းဆာချိန်ဖြစ်သည်။ နေမင်းသည် အနောက် လောကဓာတ်၌ ဝင်လုဆဲနေလုံးကနီရဲသောရောင်ဖြင့် တောက်ပလျက် အရှေ့လောကဓာတ်မှလည်း ထွန်းပသော

လဝန်းကြီးက ထွက်ပေါ်ပြူစအချိန်။

ဘုရားရှင်က လောကဌလူတို့သာယာကာ နှစ်သက်စွဲလမ်းတပ်မက်သော အဆင်း၊အသံ၊အနံ့၊အရသာ၊ အတွေ့အထိဟူသော အာရုံငါးပါးကာမဂုဏ်တရားတို့ကို လည်းကောင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ အစဉ်မပြတ် ရှာဖွေနေခြင်း အစဉ်မပြတ်ခံစားနေရခြင်းသည် ချမ်းသာစစ်မဟုတ်။ ဤရှာဖွေမှု ခံစားမှုတို့သည် ယုတ်ညံ့သောအကျင့်၊ ညစ်ညမ်းသောအကျင့် ၊ ပုထုဇဉ်လူများ၏အကျင့်၊ အကျိုးစီးပွားနှင့်ယှဉ်သောအကျင့်မဟုတ်ဟူ၍ အစွန်းတရားကို ဟောကြားလမ်းညွှန်ခဲ့ပါသည်။

တစ်ဖန် အခြားတစ်စွန်းဖြစ်သော မိမိကိုယ်ခန္ဓာကို ပင်ပန်းနွမ်းနယ်အောင် အဖန်ဖန်အားထုတ်ခြင်းသည် ဆင်းရဲသောအကျင့်ဖြစ်သည်။ အရိယာသူတော်စင်တို့အကျင့်မဟုတ်။ အကျိုးစီးပွားနှင့်မစပ်သော အကျင့်ဖြစ်သည်ဟု ဟောကြားခဲ့ပါသည်။

> "ရဟန်းတို့---ငါဘုရားသည် ဤအစွန်းနှစ်ပါးကို မကပ်ရောက်ဟူ၍ အလယ်လမ်းဖြစ်သော အကျင့်ကို ထိုးထွင်းသိမြင်ခဲ့ပြီး

ဟု ကြွေးကြော်ခဲ့သည်။

မိမိတွေ့ရှိခဲ့သော ထိုအထက်လမ်းအကျင့်များသည် မည်သည့် အကျိုးမဲ့သော အကျင့်မဟုတ်။ ကိုယ်ကို ညှင်းဆဲသောအကျင့်မဟုတ်။ ပညာမျက်စိပွင့်လာအောင် ပြုတတ်သောအကျင့်၊ အသိဉာဏ်ပေါ်လာအောင် ပြုတတ်သောအကျင့်၊ ကိလေသာအပူတွေ ငြိမ်းအေးအောင် ပြုနိုင်သောအကျင့်၊ ထူးခြားသောဉာဏ်အမြင်တွေ ပေါ်စေနိုင်သောအကျင့်၊ ဖောက်ထွင်းသိမြင်နိုင်သော ဉာဏ်အမြင်တွေ ပေါ်လာစေနိုင်သောအကျင့်၊ ဆင်းရဲခပ်သိမ်း ငြိမ်းစေနိုင်သောအကျင့်များဖြစ်ကြောင်း ရှင်းပြသည်။

ထိုအလယ်လမ်းစဉ်ဟူသည် အဘယ်နည်း။

ပညာဖြင့် သိရသော အမြင်မှန်မှု၊ အကြံအစည်မှန်မှု။

သီလဖြင့် ထိန်းသိမ်းရသော ကောင်းသောစကား၊ ကောင်းသောအလုပ်၊ ကောင်းသောအသက်မွေးမှု၊ တည်ကြည်မှုရကြသော ကောင်းသောအောက်မေ့မှု၊ ကောင်းသောတည်ကြည်မှုတို့ဖြစ်သည်။

ဤအလယ်အလတ်ကျင့်စဉ်ကို ပယ်ကြ၍ ကာမဂုဏ်အာရုံငါးပါးကို ခံစားလိုသောတရားက ခဏခဏဖြစ်ပြီး

ရလေလိုလေ အိုတစ္ဆေ(သမုဒယ)ရှိကြသည်။ ထိုသမုဒယ ဟူသောကြောင့် ပဋိသန္ဓေဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်းဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းခြင်း ဆင်းရဲ၊ မချစ်မနှစ်သက်သူနှင့် အတူနေရပြီး ဆင်းရဲ၊ ရတာ မလို လိုတာမရဆင်းရဲ၊ နောက်ဆုံး ခန္ဓာငါးပါးဆင်းရဲကို ဘဝအဆက်ဆက် ခံစားနေကြရသည်။ ထိုဆင်းရဲ(ဒုက္ခမှလွတ်) အမြိုက်ချမ်းသာ၊ အေးငြိမ်းသောသူ၏(နိရောဓ)ဆိုက် ရောက်မည်။ ထိုချမ်းသာရောက်ဖို့ ဆောင်ခြင်းဖြစ်သော အလယ်လတ်ကျင့်စဉ်အမှန်ကို ကျင့်ရမည်။

ဘုရားရှင်ဟောကြားခဲ့သည့် ထိုတရားတော် အဆုံး ဝယ် အရှင်ကောဏ္ဍညသည် သောတာပန်တည်ပြီး ဧဟိဘိက္ခုရဟန်းဖြစ်ပါတော့သည်။

ဗုဒ္ဓ၏ ပထမဦးဆုံးသာသနာပြုခရီးသည် အောင်မြင်ခဲ့ပေပြီ။

===============

## ၃။ ဘဒ္ဒဝဂ္ဂီညီနောင်တို့အား သာသနာပြုစည်းရုံး အောင်မြင်ခြင်း

ကောသလမင်းကြီးတွင် မအေတူ၊ ဖအေကွဲသား (၃၀)ယောက်ရှိသည်။ သူတို့သည် ရုပ်ရည်အဆင်းတင့်တယ် လှပကြသလို စိတ်နေသဘောထားလည်း အလွန်ပြည့်ဝ ကြသော ညီနောင်များဖြစ်ကြသည်။

သူတို့ကို ဘဒ္ဒဝဂ္ဂီညီနောင်ဟူ၍ အများကသိထား ကြသည်။ ခေါ်ဝေါ်ကြသည်။

ထိုညီနောင်တို့သည် တစ်ဦးနှင့်တစ်ဦး အလွန် ချစ်ခင်သံယောဇဉ်တွယ်တာကြပြီး ဥမကွဲသိုက်မပျက် အစုလိုက် အဖွဲ့လိုက် အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည်။ တောလည် ခရီးထွက်ကြလေ့ရှိသည်။

ထိုသားတို့တွင် အကြီး(၂၉)ဦးသည် အရွယ်ရောက် ကြသော် အသီးသီးအိမ်ထောင်ပြုခဲ့ကြပြီး အငယ်ဆုံးညီ တစ်ယောက်သာ အိမ်ထောင်မရှိဖြစ်၍ နေလေသည်။

မြတ်စွာဘုရားရှင်သည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဥ္စဝဂ္ဂီငါးဦးအား တရားဟောပြီးနောက် ကိုယ်တော်တစ်ပါးတည်း သပိတ်သင်္ကန်းကို ယူပြီးနောက် မိမိတရားအားထုတ်ခဲ့ရာ ဝေဠုတောသို့ ခရီးလှည့်လည် ကြွချီတော်မူသည်။

ထိုလမ်းခရီးကြားဝယ် ကပ္ပါသိကမည်သော တောအုပ်တစ်အုပ်ရှိသည်။ ဘုရားရှင်သည် ထိုတောအုပ်သို့ ဝင်၍ သစ်ပင်တစ်ပင်ရင်း၌ ခေတ္တခဏ သီတင်းသုံး နေထိုင်တော်မူလေသည်။

ထိုအချိန်ဝယ် ဘဒ္ဒဝဂ္ဂီညီနောင်(၃၀)တို့ကလည်း မယားအသီးသီးနှင့် ကပ္ပါသိကတောအုပ်ဝယ် ပျော်ပွဲစားထွက်နေခိုက်ဖြစ်သည်။

ညီနောင်(၃၀)တွင် အငယ်ဆုံးညီငယ်သည် မယားမရှိ၍ မိမိနှင့်အတူ ပျော်ပါးကစားရန် ပြည့်တန်ဆာမတစ်ယောက်ကို အခပေးကာ ခေါ်ဆောင်လာခဲ့သည်။

မင်းသားတို့ ပျော်ပါးသောက်စား၍ မူးယစ်ကြသော အခါ ပြည့်တန်ဆာမသည် မင်းသား၏ဥစ္စာပစ္စည်းများကို ခိုးယူကာ ထွက်ပြေးသွားလေသည်။

ထိုအခါ အဖော်မင်းသားတို့သည် မိမိတို့၏ညီငယ် ပြဿနာကို မိမိတို့၏ပြဿနာဟု ယူဆကြပြီး ကပ္ပါသိက တောအုပ်အတွင်းဝယ်ကို ပြည့်တန်ဆာမကို လိုက်လံကာ ရှာဖွေကြလေသည်။

ထိုသို့မင်းသားတို့ တစ်စုတဝေးကြီး တောအုပ် အတွင်း ပြည့်တန်ဆာမကို လိုက်ရှာကြရင်းက သစ်ပင်

တစ်ပင်အောက်ဝယ် ထိုင်နေသော ဘုရားရှင်ကို ဘွားကနဲ တွေ့မြင်သွားကြသည်။

မင်းသားတို့သည် ဘုရားကို ဘုရားဟူ၍မထင်မှတ်ကြ။ သာမန်တောထဲနေ ရသေ့ရဟန်းတစ်ပါးဟုသာ ထင်မှတ်ကြသည်။ ထိုရသေ့ရဟန်းကိုမေးလျှင် သတင်းစကား အစအန ရတန်ကောင်းရဲ့ဟူသော စိတ်အကြံဖြင့်သာ ဘုရားရှင်အနားသို့ ကပ်သွားကြသည်။ ဘုရားရှင်ကို ရှိမခိုးကြဘဲ သာမန်လမ်းကြုံတွေ့၍ သတင်းမေးသည့် သဘောဖြင့်-

"အရှင်ဘုရား--ဤနေရာမှနေ၍ မိန်းမတစ်ယောက် ဖြတ်သွားတာကို မြင်မိပါသလော"

ဟု မေးသည်။

ဘုရားရှင်က မင်းသားများကို-

"မင်းသားတို့-သင်တို့မှာ မိန်းမဖြင့် အဘယ်အလုပ်ရှိပါသလဲ"

ဟု မေးလိုက်သည်။

"အရှင်ဘုရား--တပည့်တော်တို့ ညီနောင်သုံးကျိပ်သည် မယားကိုယ်စီဖြင့် ဤကပ္ပါသိက တောအုပ်၌ ပျော်ပွဲစားထွက်ပြီး ပျော်ပါးနေကြပါသည်။ ညီငယ်

မင်းသားတစ်ယောက်မှာ မယားမရှိ၍ ပြည့်တန်ဆာမ တစ်ယောက်ကို အခပေးကာ ခေါ်ဆောင်လာခဲ့ရာ ထိုပြည့်တန်ဆာမသည် တပည့်တော်တို့သောက်စားမူးယစ်ပြီး မေ့လျော့စဉ် ဥစ္စာပစ္စည်းများကို ခိုးယူကာ ထွက်ပြေးတိမ်းရှောင် သွားပါသည်။ ယခု တပည့်တော်တို့ ထိုမိန်းမကို လိုက်ရှာနေကြပါသည်"

"မင်းသားတို့--သင်တို့အဖို့ မိန်းမပျောက်ကို ရှာခြင်းနှင့် မိမိကိုယ်ကို ရှာခြင်း ဤနှစ်မျိုးတို့တွင် အဘယ်ရှာခြင်းက မြတ်သည်ဟု သဘောကျနှစ်ခြိုက်ကြပါသနည်း"

ဘုရားရှင်၏ ရုတ်တရက်အမေးတွင် မင်းသားများစဉ်းစားတွေးတောမိကြသည်။

ထိုမင်းသားများသည်ကား ရှေးအတိတ်ကသေသောက်ကြူးသမားများ ဖြစ်ခဲ့ကြသည်။ ဘုရားလောင်းမဟာကုဏ္ဍိလဝက်မင်း၏ အဆုံးအမဩဝါဒကို ကြားနာခဲ့ရပြီး ငါးပါးသီလကို ထိန်းသိမ်းခဲ့ကြသည်။

ထိုမင်းသားများသည် ငါးပါးသီလကို ထိန်းသိမ်းခြင်းနှင့်အတူ ရှေးရှေးဘုရားရှင်တို့၏ လက်ထက်အသီးသီး၌လည်း သူတော်ကောင်းတရားကို ကြားနာခြင်း၊ သရဏဂုံ

ဆောက်တည်ခြင်း၊ အလှူပေးခြင်း၊ သမထ၊ ဝိပဿနာ ပွားများခြင်းများတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် မင်းသားတို့၏ ရှေးရှေးဘဝက ဆည်းပူးခဲ့သော ပါရမီအဟုန်တို့ကို ဆင်ခြင်မိပြီး မစ္ဆိမဘဝိက နောက်ဆုံးဘဝဖြစ်ရမည့် သာဝကမှန်း သိသဖြင့်

"မင်းသားတို့ ထိုသို့ ကိုယ်ကိုရှာခြင်းက မြတ်သည်ဟု သင်တို့ခံယူကြသော် သင်တို့ကို ငါတရားဟောပြမည်။ ထိုင်ကြကုန်ဦးလော့"

"ကောင်းပါပြီ အရှင်ဘုရား---၊ ဟောကြားတော်မူပါ"

ထိုအခါကျမှ ဘဒ္ဒဝဂ္ဂီညီနောင်တို့သည် ဘုရားရှင်ကို ရှိခိုးခြင်းအမှုပြုပြီး သင့်လျော်ကပ်ရာနေရာ၌ ထိုင်ကြသည်။

မြတ်စွာဘုရားသည် မင်းသားတို့ကို ဦးစွာပထမ ဒါန၏အကျိုး၊ သီလ၏အကျိုး၊ တတိယမဂ်ဖိုလ်ရောက်မှု ကျင့်စဉ်အကျိုးနှင့် စတုတ္ထ လူ့လောက လူ့ဘဝတို့ကို အာသာတင်းငန်း တက်ရယူလို ခံစားလိုပြီး ရှာဖွေနေကြသော ကာမဂုဏ်တို့၏အပြစ်များ တောထွက်ကျင့်ရခြင်း၏ အကျိုးများကို တဆင့်ပြီးတဆင့် ဟောပြောပြတော်မူသည်။

မင်းသားသုံးကျိပ်တို့သည် ဘုရားရှင်၏တရားကို နာရသောအခါ နူးညံ့သောစိတ်၊ ပိတ်ပင်ခြင်းကင်းသော စိတ်၊ တက်ကြွဝမ်းမြောက်သောစိတ်၊ ကြည်လင်သောစိတ် ရှိလာကြသည်။

ထိုအခါ ဘုရားရှင်သည် သစ္စာလေးပါးတရားကို ဆက်လက်ဟောကြားတော်မူရာ မင်းသားသုံးကျိပ်တွင် အချို့သည် သောတာပတ္တိမဂ် တည်ကြသည်။ အချို့သည် သကဒါဂါမိမဂ်ဖိုလ် တည်ကြသည်။ အချို့သည် အနာဂါမိဖိုလ် တည်ကြသည်။ ပုထုဇဉ်အဖြစ် တစ်ယောက်မျှ မကျန်ရှိတော့ပါလေ။

ထိုအခါ မင်းသားသုံးကျိပ်တို့သည် ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းကြသည်။

> "ချစ်သားတို့---လာကြကုန်လော၊ ရှင်ရဟန်းအဖြစ်ကို တောင်းကြသော သင်တို့သည် ခံယူကြကုန်လော့၊ တရားတော်ကို ငါဘုရား ဟောကြားခဲ့ပြီး ဖြစ်သည်။ သင်တို့သည် ဝဋ်ဆင်းရဲအဆုံးကို ရခြင်းငှာ အထက်မဂ်တည်းဟူသော မြတ်သော အကျင့်ကို ကျင့်ကြကုန်လော့"

ဟု မိန့်ကြားပြီး ရွှေလက်တော်ကို ဆန့်တန်း၍ ဧဟိဘိက္ခု

ဟု ခေါ်လိုက်သည်နှင့် တပြိုင်နက်ထဲ မင်းသားသုံးကျိပ်သည် အတိတ်ဘဝက သက်န်းပရိက္ခရာလှူခဲ့ဘူးသော ကုသိုလ် အဟုတ်တန်ခိုးကြောင့် ပရိက္ခရာရှစ်ပါးအပြီး ဝတ်ဆင် ပြီးသော(၆၀)ဝါရ ထေရ်ကြီးများကဲ့သို့ အသွင်ဖြင့် ဘုရားရှင် ကို ရှိခိုးကာ ရပ်တည်နေကြလေတော့သည်။

နောက်ပိုင်းတွင် ထိုမထေရ်များသည် ကောသလ တိုင်း၏အနောက်ပိုင်း ပါဝေယျပြည်၌ အနေများသော ကြောင့် ထိုမထေရ်များကို ပါဝေယျမထေရ်များဟု ထင်ရှား ခဲ့သည်။

ထိုမထေရ်တို့ကို အကြောင်းပြု၍ နောက်ပိုင်းတွင် ကထိန်သင်္ကန်းကို ဘုရားရှင်က ခွင့်ပြုတော်မူခဲ့သည်။

ထိုရဟန်းသုံးကျိပ်သည် နောင်သောအခါတွင် မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌နေစဉ် အနမတဂ္ဂသံယုတ် တိသမတ္တာသုတ်လာ အနမတဂ္ဂတရားကို ကြားနာရစဉ် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

မြတ်စွာဘုရားရှင်သည် မိမိ၏သာသနာတော် ပြန့်ပွားရေး၊ မိမိ၏တပည့်သား သံဃာရရှိရေးအတွက် ပုဂ္ဂလဇ္ဈာသယ၊ ကာလ၊ ဒေသ အခြေအနေတို့ကိုကြည့်၍ ဘဒ္ဒဝဂ္ဂီညီနောင်တို့ကို စည်းရုံးဟောပြောပြီး အောင်မြင် စွာ သာသနာပြုနိုင်ခဲ့ပါတော့သည်။

## ၄။ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်များအား သာသနာပြု စည်းရုံးအောင်မြင်ခြင်း

မဟာသက္ကရာဇ် ၁၀၃-ခု၊ ပြာသိုလပြည့်ကျော် အချိန်ကာလဖြစ်ပါသည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးလျက် ကျွတ်ထိုက်သူများကို နေ့စဉ် တရားဟောနေပြီး ချွတ်နေသော အချိန်ကာလဖြစ်သည်။

- အချို့သော ဝေနေယျသတ္တဝါတို့ကို သရဏဂုံ သီလ၌ တည်စေ၍လည်းကောင်း၊
- အချို့သော ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ်၌ တည်စေ၍လည်းကောင်း၊
- အချို့သော အဂ်၊မာဂဓတိုင်းသားများကို ရဟန်းအဖြစ်ရောက် မဂ်ပေါက်၊ဖိုလ်တည်စေ၍ လည်းကောင်း၊

သံသရာကျွတ်ပွဲသဘင်ကို နေ့စဉ်ဆင်ယင်ကျင်းပနေချိန်ဝယ် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားဖြစ်ပြီး တရားတော်များဟောကြားနေသည်ကို သိတော်မူ၍ သားတော်ကို ဖူးတွေ့လိုသဖြင့် အမတ်တစ်ယောက်ကို အခြံ အရံတစ်ထောင်ဖြင့် ဘုရားပင့်ရန် စေလွှတ်ခဲ့သည်။

အမတ်နှင့် အခြံအရံတို့သည် ဘုရားရှင်တရားဟောချိန်၌ရောက်သွားကြ၍ တရားဝင်ရောက်နာယူသွားရမှ အရဟတ္တဖိုလ် ဆိုက်ရောက်ကြပြီး ရဟန္တာဖြစ်ကြလေသည်။ အရဟတ္တဖိုလ်ရောက်ပြီးသောအခါမှစ၍ အရိယာပုဂ္ဂိုလ်တို့မည်သည် လောကီရေးရာများကို လျစ်လျူရှုပြီး ဓမ္မတာဖြစ်သည့်အားလျော်စွာ မင်းကြီးစေလွှတ်သောကိစ္စ ဘုရားအားမလျှောက်ထားမိဘဲ အရဟတ္တဖိုလ်တရားဖြင့်သာ မွေ့လျော်နေခဲ့သည်။

သုဒ္ဓေါဓနမင်းကြီးသည် အမတ်တို့ပြန်လာချိန်၌ ပြန်မရောက်သော် အလားတူ အမတ်တစ်ယောက်နှင့် အခြံအရံတစ်ထောင် ထပ်မံစေလွှတ်ပြန်သည်။ ထိုအမတ်နှင့် အခြံအရံတစ်ထောင်သည်လည်း ရဟန္တာဖြစ်သွားကြပြန်သည်။ သုဒ္ဓေါဓနမင်းကြီးသည် (၉)ကြိမ်လွှတ်ခဲ့ရာ (၉၀၀၉)ယောက်သော ပုဂ္ဂိုလ်တို့သည် ရဟန္တာချည်းသာဖြစ်ကြကုန်သည်။

နောက်ဆုံးတွင် မင်းကြီးသည် ဖွားဘက်တော်ကာဠုဒါယီအမတ်ကို အခြံအရံတစ်ထောင်နှင့် စေလွှတ်ပြန်ရာ ကာဠုဒါယီက မင်းကြီးထံ ရဟန်းပြုခွင့်တောင်းသည်။ မင်းကြီးက သားရဟန်းသာ ရအောင်ပင့်ပါလေ၊ ရဟန်းဝတ်ခွင့်ပြုသည်ဟု ခွင့်ပြုပေးခဲ့သည်။

ကာဠုဒါယီအမတ်နှင့် အခြံအရံတစ်ထောင်တို့သည်လည်း ဘုရားရှင်တရားဟောသည့်အချိန် ရောက်ရှိပြီး တရားဝင်နာရာမှ အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်ကုန်ကြသည်။ ကာဠုဒါယီ ရဟန္တာဖြစ်ပြီးနောက် မင်းကြီးမှာလိုက်သောစကားနှင့် ကတိကို မမေ့ချေ။ သို့အတွက် တပေါင်းလပြည့်နေ့တွင် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီး ရာသီဥတုသာယာပုံ ခရီးသွားရန်သင့်ပုံ၊ ဖခမည်းတော်ရှိရာ ကပိလဝတ်သို့ကြွရန်သင့်ပုံတို့ကို ဂါထာ(၆၀)တို့ဖြင့် လျှောက်ထားပန်ကြားလေသည်။

"ချစ်သားကာဠုဒါယီ-အဘယ့်အကြောင်းကြောင့် ချိုမြိန်သာယာသောအသံဖြင့် ကပိလဝတ်သို့ သွားရောက်ရန် ခရီးမွမ်းစကား လျှောက်ထားပြောဆိုပါသနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့ကို ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဖူးမြော်လိုလှပါပြီ၊ ဆွေတော် မျိုးတော်တို့အား သင်္ဂြိုဟ်ချီးမြှောက်မှုပြုတော်မူပါလော့"

"ကောင်းပြီ- ချစ်သားကာဠုဒါယီ၊ ငါဘုရားသည် ဆွေတော် မျိုးတော်များကို သင်္ဂြိုဟ်ချီးမြှောက်မှုပြုပေအံ့၊ရဟန်းသံဃာအပေါင်းအား ထိုအကြောင်း

ကို ပြောကြားကုန်လော့"

ထို့နောက်ဘုရားရှင်သည် အင်္ဂတိုင်း၊ မာဂဓတိုင်းသား ရဟန္တာပေါင်းတစ်သောင်းနှင့် ကပိလဝတ်ပြည်သား ရဟန္တာတစ်သောင်း စုစုပေါင်းရဟန္တာနှစ်သောင်းခြံရံလျက် တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ကပိလဝတ်သို့ ကြွတော်မူလေသည်။ (ရာဇဂြိုဟ်နှင့် ကပိလဝတ်သည် ယူဇနာ ၆ဝ ကွာဝေးသည်။)

ကာဠုဒါယီရဟန္တာသည် ဘုရားရှင်ကပိလဝတ်သို့ ကြွလာပြီဖြစ်ကြောင်းကို ဣဒ္ဓိဝိဓ အဘိညာဉ်ဖြင့် ကောင်းကင်သို့ပျံတက်၍ သွားရောက်အကြောင်းကြားလေသည်။ သုဒ္ဓေါဒနမင်းကြီးသည် ကာဠုဒါယီရဟန္တာကို ဖူးမြော်ရပြီး မိမိသားဘုရားကြွလာပြီဖြစ်ကြောင်း သတင်းကောင်းကို ကြားရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ကာဠုဒါယီကို ဆွမ်းကပ်သကဲ့သို့ ဘုရားအတွက် ဆွမ်းကိုပါ စီမံပေးသည်။ ကာဠုဒါယီရဟန္တာသည် နေ့စဉ်ရှာန်အဘိညာဉ်ဖြင့်ကြွ၍ ဘုရားရှင်ရောက်သည့်နေရာကို ပြောကြားသလို မင်းကြီးလှူသောဆွမ်းကို ဘုရားရှင်နှင့်တကွ ရဟန္တာများအတွက်ပါ စီမံပေးလေသည်။

ဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၄ခု၊ ကဆုန်လပြည့်ကျော်(၁)ရက်နေ့တွင် ကပိလဝတ်သို့ ရောက်တော်မူ

သည်။ သာကီဝင်မင်းတို့သည် ဘုရားရှင်မရောက်ခင် ကထဲကပင် ဘုရားရှင်သီတင်းသုံးမည့် နိဂြောဓသာကီဝင်၏ ဥယျာဉ်၌နေရာထိုင်ခင်းကို စီမံထားကြသည်။

ဘုရားရှင်ရောက်လာသောအခါ ထိုနေရာ၌ သီတင်းသုံးတော်မူသည်။ သာကီဝင်မင်းတို့သည် ဇာတိမာန် ခက်ထန်ထောင်လွှားကြသူများဖြစ်ကြသဖြင့် ဘုရားရှင်ကို ငါတို့အောက် အသက်အရွယ်အလွန်ငယ်သူ ညီငယ်၊ တူငယ်၊ သားငယ်၊ မြေးငယ်ဖြစ်လေသည်ဟု ကြံစည်ကြပြီး ငယ်ကုန်သောသူတို့ကိုသာ အမောင်တို့ ရှိခိုးကြကုန်လော့ ငါတို့သည် အမောင်တို့နောက်မှ ထိုင်နေကြကုန်အံ့ဟု ဆိုကြသည်။

သာကီဝင်မင်းတို့သည် မြတ်စွာဘုရားကို ရှိမခိုးဘဲ နေကြသည်ရှိသော် ဘုရားရှင်သည် သာကီဝင်မင်းတို့၏ ဇာတိမာန်ပြင်းသည့် ထိုအတွင်းစိတ်ဆန္ဒကို သိမြင်တော်မူပြီးကာ-

> "ဤငါ၏ ဆွေမျိုးမာနတို့သည် ကိုယ်ကျိုးမပြီး အချည်းနှီး အိုမင်းကြသဖြင့် ငါ့ကို ရှိမခိုးကုန်၊ ဘုရားမည်သည် မည်သို့သဘောရှိသည်ကို ဤမာန ဆိုးများသိစေရန် ဘုရားရှင်၏ အားအစွမ်းကိုပြအံ့"

ဟု ကြံစည်ပြီးလျှင် စတုတ္ထဈာန်သမာပါတ်ကို ဝင်စားပြီးလျှင်

စကြာ၀ဠာတိုက်တစ်သောင်းအနှံ့ အလင်းရောင်ပြန့်စေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူပြီးလျှင် -

"အထက်နှင့်အောက်၊ရှေ့နောက်ရှုပကာ၊ ၀ဲယာနှစ်ဘက်မျက်စိတော်၊ နားတော်၊ နှာတော်၊ပုခုံးတော်၊ လက်တော်၊ နံပါးတော်၊ ခြေတော်၊လက်ချောင်း ခြေချောင်းတော်နှင့် အကြား အကြား၊တဆူတဆူသော မွေးညှင်းတော်၊ တစ်ခုတစ်ခုသော မွေးညှင်းတော်"

ဤ(၁၂)ဖော်သော ဌာနအစုတို့၌ ယခုမီးလျှံ၊ ယခုရေအယာဉ်၊ ယခုရေအယာဉ်၊ ယခုမီးလျှံ အပြန်ပြန်ပြောင်းလွှဲဖူးတိုင်းဖူးတိုင်း အဆင်ကွဲစေလျက် အံ့ဩချီးပ၍ မာဂဓစိတ် သာကီ၀င်အပေါင်းတို့၏ဦးထိပ်၌ ခြေတော်မှုန်များကို တသည်းသည်းတဖွဲဖွဲ ကြဲချသည့်ပမာ ရေမီးအစုံစုံတန်ခိုးပြာဋိဟာကို ပြတော်မူသည်။

ထိုအခါကျမှ ဘခင်သုဒ္ဓေါဒနမင်းကြီးစသော သာကီ၀င်များသည် အံ့ဖွယ်တရဲ ယောယမိုက်ပြာဋိဟာကို မြင်တွေ့ကြပြီးနောက် ဘုရားရှင်ကို ရှိခိုးဦးချကြတော့သည်။ ထို့နောက် ဘုရားရှင်သည် ကောင်းကင်တွင် ရတနာစင်္ကြံကို ဖန်ဆင်းပြီးလျှင် တရားဟောတော်မူသည်။

မြတ်စွာဘုရားသည် အတ္တမာန်မာနကြီးမားကြပြီး ရှိခိုးရမှန်း၊ ရိုသေရမှန်းမသိသော မိမိအမျိုး သာကီဝင်များကို တန်ခိုးပြာဋိဟာပြပြီး မိမိကိုရိုသေလာအောင် အဆုံးအမကို ခံယူလာအောင် ဤသို့သောနည်းဖြင့် စည်းရုံးသိမ်းသွင်း ခဲ့ပါသည်။

ဗုဒ္ဓသည် တန်ခိုးအရာဖြင့် စည်းရုံးသိမ်းသွင်းနိုင်သလို သာသနာပြုပုဂ္ဂိုလ်များသည်လည်း မိမိတို့၏အကျင့်သီလကောင်းဖြင့်လည်းကောင်း သမာဓိကောင်းဖြင့်လည်းကောင်း စည်းရုံးသိမ်းသွင်းနိုင်ပါသည်။

==================

## ၅။ ညီတော်နန္ဒအား သာသနာပြု စည်းရုံး အောင်မြင်ခြင်း

မြတ်စွာဘုရားရှင် ကပိလနေပြည်တော်သို့ ရောက်၍ သုံးရက်မြောက်သောနေ့တွင် သားတော်ကြီးအတွက် ထီးနန်းလွှဲအပ်ရန် အခြေအနေမပေးတော့သည်ကို သိရှိသဘောပေါက်ပြီး သားတော်နန္ဒကို ထီးနန်းလွှဲအပ်ရန် စိတ်ဆန္ဒဖြစ်ပေါ်မိသည်။

သို့တွက် အိမ်ရှေ့မင်းဥသျှောင်တော်ထုံးဖွဲ့ရန် အတွက် မင်းသားငယ်ကာလက ထုံးဖွဲ့ရင်းရှိသော ဥသျှောင်ဆံထုံးကို ဖြန့်ခြင်းမင်္ဂလာ၊ အိမ်ရှေ့မင်းဟူ၍ ကမ္ပည်းတံဆိပ်ခပ်နှိပ်ထားသည့် ရွှေပြားသင်းကျစ်တော်ကို နဖူး၌တပ်ဆင်ခြင်းမင်္ဂလာ၊ အိမ်ရှေ့စံနန်းတော်အပ်နှင်းပွဲမင်္ဂလာ၊ နှမတော် ဇနပဒကလျာဏီနှင့် လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာ၊ အိမ်ရှေ့ထီးဖြူတော်စိုက် ဆောင်အပ်နှင်းသောမင်္ဂလာတို့ကို ဆင်ယင်ကျင်းပပြုလုပ်လေသည်။

ထိုမင်္ဂလာပွဲတွင် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းဆက်ကပ်ကျွေးမွေးသည်။ ဘုရားရှင်သည် နန္ဒမင်းသားကို ရဟန်းပြုလိုသဖြင့် သပိတ်ကိုထမ်းယူစေကာ ကျောင်းတော်သို့ခေါ်သွားသည်။

နန္ဒမင်းသားသည် သပိတ်တော်ကို ဘုရားရှင်က လှေကားရောက်လျှင်ယူနိုး၊ မုခ်ဦးရောက်လျှင်ယူနိုး၊ နန်းရင်ပြင်ရောက်လျှင်ယူနိုးနှင့် လိုက်ပါသွားပါသည်။ ဘုရားရှင်ကို အလွန်ချစ်ကြောက်ရိုသေသဖြင့် သပိတ်တော်ကို ပြန်ယူပါဟူ၍လည်း မလျှောက်ထားဝံ့ပါချေ။

နန္ဒမင်းသားသည် ဘုရားရှင်နောက်သို့ လုံးဝမလိုက်လို။ ဒီကြားထဲ နှမတော် ဇနပဒကလျာဏီက လေသာပြူတင်းမှနေ၍ မောင်တော်မြန်မြန်ပြန်လာခဲ့နော်ဟု လှမ်းမှာလိုက်သောစကားကို နားထဲကမထွက်ပေ။ အမြဲကြားယောင်နေမိပြီး မြန်မြန်ပြန်ချင်နေသည်။

ကျောင်းတော်သို့ရောက်သော် ရဟန်းပြုမည်လားဟု မေးတော်မူရာ မပြုလိုပါဟု ပြန်မလျှောက်ရဲသောကြောင့် ပြုပါမည်ဟု ဝန်ခံလိုက်ရသည်။ ထိုအခါ ဘုရားရှင်က ရဟန်းများကို နန္ဒမင်းသားအား ရဟန်းပြုပေးစေသည်။

နန္ဒမင်းသားသည် ရဟန်းပြုပြီးသော်လည်း ရဟန်းဘဝ၌မပျော်ပိုက်၊ တရားအားမထုတ်နိုင်၊ ဇနပဒကလျာဏီထံသို့သာ စိတ်ကရောက်နေသည်။

သို့တွက် ကျောင်းကနေ(၂)ကြိမ်တိတိ ထွက်ပြေးရန် ကြိုးစားခဲ့သည်။ ထွက်ပြေးတိုင်းလည်း ဘုရားရှင်နှင့်

မိပြီး ပြန်လာခဲ့ရသည်သာဖြစ်သည်။

ဤသို့ဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းကိုပြန်သွားရသည်။ ထိုကျောင်း၌လည်း မပျော်ပိုက်၊ ဇနပဒကလျာဏီထံသို့ ပြန်လိုသောစိတ်ဆန္ဒကသာများနေသည်။ သို့အတွက် မိမိအဖော်ရဟန်းများကို မိမိသာသနာ့ဘောင်၌ မပျော်ပိုက်ပဲ ရဟန်တရားတော်ကိုကျင့်နေရသည်။ ဤမြတ်သောအကျင့်ကို ဆက်လက်မကျင့်ဆောင်နိုင်တော့ပါ။ လူထွက်ပါတော့မည်ဟု ပြောကြားလေသည်။

ထိုစကားကိုဘုရားရှင်သည် ကြားတော်မူ၍ ခေါ်တော်မူကာ အကျိုးအကြောင်းမေးတော်မူသည်။ နန္ဒကလည်း နှမတော်ဇနပဒကလျာဏီကိုသာ သတိရအောင့်မေ့နေကြောင်း။ ရဟန်းတရားအားထုတ်၍မရကြောင်း အကြောင်းစုံပွင့်လင်းစွာ လျှောက်ထားပြသည်။

ဘုရားရှင်က နန္ဒမင်းသားကို နတ်ပြည်သို့သွားလိုလားဟု မေးတော်မူရာသွားလိုပါသည်။ ဒါပေမယ့် တန်ခိုးရှိသော ပုဂ္ဂိုလ်များ၏အရာမဟုတ်လားဟုဘုရားရှင်ကို သာမန်ပုဂ္ဂိုလ်ဟုပင်ထင်ကာ ပြန်မေးလေသည်။

ဘုရားရှင်ကသင်သွားလို၊ မသွားလိုမှုသာ ပမာနဖြစ်သည်ဟု မိန့်ကြားတော်အခါ သွားလိုကြောင်းလျှောက်၍

ဘုရားရှင်ကနန္ဒမင်းသားကို လက်ရုံးဆွဲကိုင်ကာ တာဝတိံသာသို့ တက်လှမ်းကြွခဲ့လေသည်။

လမ်းခရီးတွင် ဘုရားရှင်က မီးလောင်ထားသော လယ်ကွက်တစ်ခုအတွင်းမီးသင့်ထားသော သစ်ငုတ်ပေါ်၌ နားရွက်၊ နှာခေါင်း၊ အမြီးများ အစုတ်စုတ်အပြတ်ပြတ် ဖြစ်ကာထိုင်နေသော မျောက်အိုမ တစ်ကောင်ကို ပြတော်မူပြီး မျောက်အိုမနှင့် ဇနပဒကလျာဏီ မည်သူကလှကြောင်း မေးသည်။

နန္ဒရဟန်းသည် မျောက်အိုမနှင့် နှမတော်ဇနပဒကလျာဏီကို အကိုဘုရားနှယ် နှိုင်းမှနှိုင်းယှဉ်ပလေဟု ခံစားမိပြီး ဇနပဒကလျာဏီက နှိုင်းယှဉ်ဘက်မရှိ အလှရှင်ဖြစ်ကြောင်း လျှောက်ထားလေသည်။

ဘုရားရှင်ကတာဝတိံသာသို့ရောက်သော် သိကြားမင်းထံသို့ ခစားရန်သွားသော ခိုခြေသွေး နီတွေးသော ခြေချောင်းအဆင်းရှိသော နတ်သမီးငါးရာတို့သည် ဘုရားရှင်ကိုရှိခိုးကာ ရပ်တည်လာကြသည်။ ဘုရားရှင်သည် နန္ဒရဟန်းကို နတ်သမီးများကိုပြကာ -

ဇနပဒကလျာဏီနှင့် နတ်သမီးများ မည်သူကပိုလှသနည်းဟုမေးပြန်ရာ နတ်သမီးများအလှနှင့် နှိုင်းစာလျှင်

ဇနပဒကလျာဏီအလှသည် အလှစာရင်းမသွင်း နိုင်တော့ပါ။ နတ်သမီးများအလှက တုဘက်မရှိပါဟု လျှောက်ထားလေသည်။

ဘုရားရှင်က သင်သည် သုံးပါးသော သီလ, သမာဓိ,ပညာဟူသော သိကြားသာသနာတော်၌ မြတ်သောအကျင့်နှင့်မွေ့လျော်ပါလျှင် ဤနတ်သမီး များကိုရရန် ငါတာဝန်ခံသည်ဟု မိန့်ကြားတော်မူသည်။

နောင်တော်ဘုရား ညီတော်အတွက် နောင်တော်က ဤခိုသွေးအဆင်းရှိ နတ်သမီးများရရန် အာမခံလျှင် တပည့်တော် သိက္ခာသုံးပါး ရဟန်းတရားအကျင့်ကို ကောင်းစွာကျင့်ပါမည်ဟု နန္ဒရဟန်းက ဝန်ခံလျှောက်ထားလျှင် ဘုရားရှင်သည် နန္ဒကို လူ့ပြည်သို့ ပြန်ခေါ်လာခဲ့ပြီး တရားကို ကျင့်စေသည်။

ဘုရားရှင်သည် တခြားရဟန်းများကို ခေါ်တော်မူကာ "ချစ်သားတို့ သွားကြကုန်၊ သင်ချစ်သားတို့သည် နန္ဒရဟန်းကို သူခစားဟု ပြောဆိုခြင်း၊ အဝယ်တော်ကြီးဟူသော ပြောဆိုခြင်းဖြင့် ကဲ့ရဲ့စကားပြောကြားကြကုန်လော့ဟူ၍ စေခိုင်းတော်မူလေသည်။

ရဟန်းတို့သည် နန္ဒရဟန်းတရားအားထုတ်ရာ

ကျောင်းပတ်ဝန်းကျင်သို့ သွားကြပြီ။

ဂေါတမီ၏သား ညီတော်နန္ဒရဟန်းသည် နတ်သမီးတို့ကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်နေသတဲ့၊ ဘုရားရှင်သည် ရှင်နန္ဒာအတွက် နတ်သမီးများရရန် အာမခံသတဲ့ ဟူသော သတင်းစကားကို အနှံ့အပြားကြားသိကြစေသည်။

ထိုအခါ ရှင်နန္ဒ၏ သူငယ်ချင်းရဟန်းများသည် ရှင်နန္ဒထံသို့သွား၍-

ရှင်နန္ဒသည် သူခစားကြီးဆိုပါကလား၊ အဝယ်တော်ကြီး ဆိုပါကလား၊ နတ်သမီးများကို ရလိုသောကြောင့် မြတ်သောအကျင့်ကို ကျင့်သုံးနေသည်ဆိုပါကလား၊ ဘုရားရှင်က နတ်သမီးများရရန် အာမခံတော်မူသည် ဆိုပါကလားဟူ၍ ပြောဆိုကဲ့ရဲ့ ရှုံ့ချစကားပြောကြားကြသည်။

ထိုစကားများကို ကြားရသော ရှင်နန္ဒသည် အခံရခက် ရှက်စနိုးစက်ဆုတ်မှုဖြစ်ပြီး တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ကပ်လျက် မမေ့မလျော့တရားအားထုတ်ရာ မကြာမြင့်မီ ရဟန္တာဖြစ်ရလေသည်။

ဘုရားရှင်သည် နန္ဒကို အကာကိုပေး၍ အနှစ်ရစေသောနည်းဖြင့် စည်းရုံးသိမ်းသွင်းခဲ့ရပါသည်။ တဏှာရမက်

များနေသော ပုဂ္ဂိုလ်၏စိတ်ကို တဏှာရမက်ဟူသော အကာကိုပေးပြီး ထိုအကာမှ အနှစ်ကိုရအောင်ထုတ်ယူ စည်းရုံးသိမ်းသွင်းခဲ့သော သာသနာပြုနည်းဖြင့် ရှင်နန္ဒကို ရဟန္တာဘဝရောက်အောင် စည်းရုံးသိမ်းသွင်းအောင်မြင်ခဲ့ပါသည်။

================

## ၆။ အင်္ဂုဒတ္တနှင့်တပည့်များ ဒါယကာများကို သာသနာပြု စည်းရုံးအောင်မြင်ခြင်း

အင်္ဂုဒတ္တပုဏ္ဏားကြီးသည် မဟာကောသလမင်းကြီး၏ ပုရောဟိတ်တစ်ဦးဖြစ်သည်။ မဟာကောသလမင်း နတ်ရွာစံ၍ ပသေနဒီကောသလမင်း နန်းတက်သောအခါ မင်းကိုခွင့်ပန်၍ ရသေ့ပြုလုပ်သွားသည်။

ထိုအင်္ဂုဒတ္တပုဏ္ဏားနောက်သို့ တပည့်တစ်ထောင်လည်း လိုက်ပါ၍ ရသေ့ပြုကြသည်။ ထိုရသေ့တို့သည် အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်း(၃)ခုတို့၏ နယ်စပ်၌နေထိုင်ပြီး ရသေ့တရားကို ကျင့်ကြသည်။

ရသေ့ကြီး၏တပည့်များကို ဆုံးမရာ၌-

"တပည့်တို့ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့တွင် တစ်ပါးပါးကြံစည်မိသော ရသေ့သည် မြစ်အတွင်းမှ သဲတစ်ဆုပ် တစ်ဆုပ်ကို သယ်ဆောင်ပြီးလျှင် ဤနေရာ၌ပုံရမည်"

ဟု လမ်းညွှန်ဟောကြားထားသည်။

ရသေ့ငယ်တို့သည် ထိုဝိတက်များဖြစ်တိုင်း သဲများလာရောက်ပုံကြရာ သဲပုံကြီးဖြစ်လာတော့သည်။ ထိုသဲပုံ၌ အဟိဆတ္တမည်သော နဂါးမင်းသည် လာရောက်နေလေ

သည်။

အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကုရုတိုင်းနေသူအပေါင်းတို့သည် ထိုရသေ့များကို လစဉ်လစဉ် ပူဇော်မှုပြုကြလေသည်။

အဂ္ဂိဒတ္တရသေ့ကြီးသည် ထိုသူများကို-

"တပည့်တို့ တော၊တောင်၊ဥယျာဉ်၊ သစ်ပင်များကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြကုန်လော့၊ ထိုသို့ ကိုးကွယ်ကြသော် ခပ်သိမ်းသောဆင်းရဲအပေါင်းမှ လွတ်မြောက်ကြပေလိမ့်မည်"

ဟူ၍ ဆုံးမဩဝါဒပေးလေသည်။ မိမိ၏တပည့်ရသေ့များကိုလည်း ဤအဆုံးအမနှင့်ပင် ဆုံးမလေသည်။

ထိုအချိန်ကာလမှာပင် ဂေါတမဘုရားပွင့်တော်မူလေသည်။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မိုးသောက်ကာလ ကျွတ်ထိုက်သောသူတို့ကို ဆင်ခြင်ကြည့်လတ်သော် အဂ္ဂိဒတ္တရသေ့နှင့်တပည့်အပေါင်းကျွတ်တမ်းဝင်မည်ကို ဆင်ခြင်မိလေသည်။

ဘုရားရှင်သည် ညနေတရားပွဲတွင် ရှင်မောဂ္ဂလာန်မထေရ်ကို ထိုရသေ့များထံ သွားရောက်ရန် လမ်းညွှန်သည်။

ရှင်မောဂ္ဂလာန်က-

"ရသေ့များ များပြား၍ မိမိတစ်ပါးတည်း၏ ဩဝါဒကို ခံယူကြမည်မဟုတ်ပါ။ အရှင်ဘုရားပါကြွလာမှ သင့်ပါမည်"

ဟု ပြန်လျှောက်ထား၏။

ဘုရားရှင်က-

"သင်သာ ရှေ့ကသွားနှင့်ပါ။ ငါဘုရားရှင် လိုက်လာမည်"

ဟု ကတိဝန်ခံချက်ပေးမိန့်ကြားသည်။

ရှင်မောဂ္ဂလာန်သည် ဘုရားရှင်၏ လမ်းညွှန်ချက်အရ ရသေ့များထံကြွသည်။ ရသေ့များစုရုံးနေရာ၌ ဩဝါဒပေးပါက မကြည်ညို၍ ထကြွသောင်းကျန်းက ခက်မည်။ သို့အတွက် အဂ္ဂိဒတ္တရသေ့ကြီးထံသာ သွားတွေ့မည်ဟု စဉ်းစားဆင်ခြင်ပြီး တန်ခိုးတော်ဖြင့် မိုးကိုသည်းစွာရွာချစေသည်။

ရသေ့များသည် မိုးသည်းစွာရွာသဖြင့် မိမိတို့၏ သစ်ခက်တဲကျောင်းအသီးသီးသို့ ဝင်နေကြလေသည်။

ရှင်မောဂ္ဂလာန်သည် အဂ္ဂိဒတ္တရသေ့ကြီးတဲကျောင်း

သို့ သွားပြီး-

"အို-အဂ္ဂိဒတ္တ"

ဟု ငယ်နာမည်ကို ခေါ်လိုက်သည်။

ရသေ့ကြီးသည် ထိုအသံကိုကြားလျှင် ဤလောက၌ ငါ့ကို အဂ္ဂိဒတ္တဟူသောအမည်ဖြင့် ခေါ်စွမ်းနိုင်သောသူမည်သည်မရှိပါချေ။ ဘယ်သူကများ ငါ့ကိုအဂ္ဂိဒတ္တအမည်ဖြင့် ခေါ်ပါသလဲဟု မာန်မာနခက်ထန်စွာဖြစ်ပေါ်လာမိသည်။

"ငါ့ကို အဂ္ဂိဒတ္တလို့ခေါ်တာ ဘယ်သူလဲ"

"ငါပါ အဂ္ဂိဒတ္တ"

"အဘယ်ကို ပြောလိုပါသလဲ"

"အဂ္ဂိဒတ္တ ယနေ့ညတစ်ညတာမျှ သင့်ထံမှာ တည်းခိုပါရစေ၊ နေရာပေးပါ"

"ဤအရပ်မှာ ရသေ့တစ်ဦး၌ သစ်ခက်တဲကျောင်းတစ်ကျောင်းသာရှိသည်။ သင့်အတွက်ပေးစရာနေရာမရှိပါ"

"အဂ္ဂိဒတ္တ လူတို့ထံသို့ လူတို့လာကြမြဲမမှတာ၊ နွားတို့ထံ နွားတို့လာကြမြဲမမှတာ၊ ရဟန်းတို့ထံသို့

ရဟန်းတို့ လာကြမြဲ ဓမ္မတာဖြစ်ပါသည်။ ဤသို့ မလုပ်ပါနှင့် တည်းခိုရန် တစ်နေရာစီစဉ်ပေးပါ"

"သင်သည် ရဟန်းဖြစ်ပါသလော"

"ငါရဟန်းဖြစ်ပါသည်"

"သင်ဟာဘယ်လိုရဟန်းဖြစ်ပါသလဲ၊ သင့်မှာ ရသေ့ ရဟန်းပရိက္ခရာများ ဘာမျှပါတာလဲ မရှိပါကလား၊ ရဟန်းပရိက္ခရာများ ဘယ်မှာပါသလဲ"

"အဂ္ဂိဒတ္တ ငါ့မှာရဟန်းပရိက္ခရာ အစုံရှိပါသည်။ ပရိက္ခရာများကို ယူဆောင်၍ ခရီးသွားရသည်မှာ ဆင်းရဲလှပါသည်၊ လိုအပ်မှသာလျှင် ရဟန်းအသုံး အဆောင်ကို ယူဆောင်လာပါသည်"

အရှင်မောဂ္ဂလာန်က လေးနက်စွာပြောသော စကားကို ရသေ့ကြီးသဘောမပေါက်။ ပရိက္ခရာမပါဘဲ လာ၍သာ ရှင်မောဂ္ဂလာန်အပေါ် အမျက်ထွက်လေသည်။

ရှင်မောဂ္ဂလာန်သည် ရသေ့၏စိတ်အကြံကိုသိ၍ "အဂ္ဂိဒတ္တ ငါ့ကိုစိတ်မဆိုးပါနှင့်။ နေရာဌာနကိုသာ ညွှန်ကြားပါ"

"သင့်အတွက် နေရာမရှိပါ"

အဂ္ဂိဒတ္တက တိုတောင်းစွာ ပြန်ပြောသည်။ ထိုအခါ ရှင်မောဂ္ဂလာန်က သဲပုံကြီးကို ညွှန်ပြပြီး-

"အဲဒီ သဲပုံကြီးမှာ ဘယ်သူနေပါသလဲ"

ဟု စိတ်ရှည်စွာ ပြန်မေးလေသည်။

"နဂါးတစ်ကောင်နေသည်"

ဟု တိုတောင်းစွာ ပြန်ပြောလေသည်။

"ဒါဆို အဲဒီသဲပုံမှာ ငါနေပါရစေ"

"ငါပေးခြင်းငှာ မစွမ်းနိုင်ပါ။ နဂါးမင်းက ပြင်းထန်ကြောက်မက်ဖွယ်ကောင်းလှပါသည်"

"ရှိပါစေ၊ သင်ကသာ နေခွင့်ပြုပါ"

"ဒါဆို သင့်ဘာသာ နေသင့်မနေသင့်ကို ဆုံးဖြတ်၍ နေပါ"

ရှင်မောဂ္ဂလာန်သည် အဂ္ဂိဒတ္တရသေ့ထံမှ ခွင့်ပြုချက်ရသော် ထိုသဲပုံကို ရှေ့ရှုသွားလေသည်။

အဟိဆတ္တနဂါးသည် ရှင်မောဂ္ဂလာန်မိမိသဲပုံသို့ လာသည်ကိုမြင်သော် မိမိနေရာကိုလာရမလားဟု စိတ်ဆိုးကာ ရဟန်းကိုသတ်ရန် အခိုးတထောင်းထောင်း လွှတ်လေသည်။ ရှင်မောဂ္ဂလာန်ကလည်း ဤနဂါးက သူသာအခိုး

လွတ်နိုင်သည်ဟု ထင်မှတ်နေသည်ဟု ကြံစည်ကာ တန်ခိုးဖြင့် အခိုးပြန်လွှတ်သည်။ နဂါးမင်း၏အခိုးသည် ရှင်မောဂ္ဂလာန်ကို မထိခိုက်ဘဲ ရှင်မောဂ္ဂလာန်၏ အခိုးကသာ နဂါးကို ထိခိုက်လေသည်။

နဂါးသည် ပိုမိုဒေါသထွက်ခါ အလျှံတပြောင်ပြောင် လွှတ်လေသည်။ ရှင်မောဂ္ဂလာန်ကလည်း တေဇောကသိုဏ်းဝင်စားပြီး မီးအလျှံတပြောင်ပြောင်ပြန်လွှတ်ရာ နဂါးမင်း၏တစ်ကိုယ်လုံးသည် မီးဟုန်းဟုန်းတောက်သကဲ့သို့ ရှိနေလေသည်။

အဂ္ဂိဒတ္တရသေ့နှင့် တပည့်တို့သည် သဲပုံပတ်ဝန်းကျင်၌ မီးဟုန်းဟုန်းတောက်နေသည်ကို တအံ့တဩ မြင်ကြရပြီး ဆရာရသေ့ကြီးက-

"နဂါးမင်းသည် ရဟန်းကို မီးဟုန်းဟုန်းတောက်စေပြီး ရဟန်းသည် ငါ့စကားကို နားမထောင်၍ပျက်စီးခြင်းမလှပျက်စီးရလေပြီ။ ကောင်းလေစွ"

ဟု ရေရွတ်လေသည်။

ရှင်မောဂ္ဂလာန်သည် အဟိဆတ္တနဂါးမင်းကို မာန်မာနကင်းအောင် ဆုံးမပြီး သဲပုံပေါ်၌ သီတင်းသုံး နေထိုင်သည်။ ထိုအခါ နဂါးမင်းသည် သဲပုံကို မိမိအခွေဖြင့်

ရစ်ပတ်လျက် ပါးပြင်းဖြင့် ရှင်မောဂ္ဂလာန်ကို ဆောင်းမိုးပေးထားသည်။

ရသေ့အပေါင်းသည် နံနက်လင်းသော် ရဟန်း ကို သိအောင်စုံစမ်းအံ့ဟုဆိုပြီး သဲပုံကို လာ ရောက်လှမ်းကြည့်ကြသည်။ သဲပုံပေါ်၌ထိုင်ပြီး နဂါးမင်းက ပါးပြင်းဖြင့် မိုးထားသည်ကို မြင်ကြသော် ရှင်မောဂ္ဂလာန် နားသို့ သွားပြီး -

"နဂါးမင်းက သင့်ကို မနှိပ်စက်ဘူးလား"

ဟု မေးကြသည်။

"နဂါးက ငါ၏အပေါ် ထီးပမာ ပါးပြင်းဖြင့် မိုးပေးထားသည်ကို သင်တို့မမြင်ဘူးလော"

ဟု ဖြေကြားရာ ရသေ့တို့မှာ လက်ဖျစ်တီး၍ အံ့ဩချီးမွမ်းကြကာ ရှင်မောဂ္ဂလာန်ကို ဝိုင်းရံနေကြလေတော့သည်။

ထိုခဏမှာပင် ဘုရားရှင်ကြွလာသည်။

ရှင်မောဂ္ဂလာန်သည် ဘုရားရှင်ကိုမြင်သော် နေရာမှထ၍ ရိုသေစွာရှိခိုးလေသည်။ ထိုအခါ ရသေ့အပေါင်းတို့က-

"ဤရဟန်းကြီးက သင့်ထက်မြတ်ပါသလော"

ဟု မေးကြရာ-

"ဤရဟန်းမြတ်က ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံသော ငါ၏ဆရာဖြစ်ပေသည်။ ငါကားသူ၏တပည့်ဖြစ်ပေသည်"

ဟု ဖြေကြားလိုက်သည်။

ဘုရားရှင်က သဲပုံပေါ်၌ ထိုင်တော်မူသည်။

"ဤနဂါးမင်းကို ဆုံးမသည်ကား တပည့်၏တန်ခိုးသာရှိပေသည်။ ဆရာဖြစ်သောရဟန်း၏ တန်ခိုးကား ဘယ်လိုများရှိနေပါလိမ့်"

ဟု ရသေ့အပေါင်းသည် ဘုရားရှင်ကို လက်အုပ်ချီကာ ချီးမွမ်းစကားပြောဆိုသည်။

ဘုရားရှင်သည် အဂ္ဂိဒတ္တကို -

"သင်၏တပည့်များနှင့် ဆည်းကပ်သူများကိုအဘယ်တရား ဟောပါသလဲ"

ဟုမေးတော်မူသည်။ အဂ္ဂိဒတ္တရသေ့ကလည်း မိမိဟောသော တရားအစုံကို ပြောပြလျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်က တော၊တောင်၊သစ်ပင်၊ ဥယျာဉ်ကြီးကျယ်မှုသည် ဆင်းရဲဒုက္ခမှလွတ်မြောက်နိုင်သော အရာမဟုတ်၊ မြင့်မြတ်သော ကိုးကွယ်မှုမဟုတ်၊ ဘုရား၊

တရား၊ သံဃာ ရတနာသုံးပါးကိုးကွယ်မှုကသာ သံသရာဆင်းရဲမှ လွတ်မြောက်သော ကိုးကွယ်မှု၊ မြင့်မြတ်သော ဘဝငြိမ်းချမ်းရာရောက်စေသော ကိုးကွယ်မှုဖြစ်ကြောင်း အကျယ်တဝင့် ဟောကြားပြသသည်။

ဘုရားရှင်၏တရားတော်အဆုံးဝယ် အလုံးစုံသော ရသေ့များသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြသည်။ ဘုရားရှင်ထံ ရဟန်းအဖြစ်တောင်းခံကြသည်။ ဘုရားရှင်က "ဧဟိဘိက္ခု"ခေါ်ကာ ရဟန်းပြုပေးလိုက်သည်။

ထိုအချိန်မှာပင် အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကုရုတိုင်းသားများသည် ရသေ့များကိုပူဇော်ရန် ပစ္စည်းများဖြင့် ရောက်လာကြသည်ကိုမြင်သော်-

"အဘယ်သို့နည်း-ငါတို့ဆရာ အဂ္ဂိဒတ္တကပင် မြတ်သလော၊ ရဟန်းဂေါတမကပင် မြတ်သလော၊ ငါတို့ဆရာထံ ရဟန်းဂေါတမလာပုံထောက်တော့ ငါတို့ဆရာကသာ မြတ်သည်ဖြစ်ရမည်"

ဟု ထင်မိကြသည်။

ထိုအခါ ဘုရားရှင်က လူတို့၏စိတ်အကြံကိုသိ၍ အဂ္ဂိဒတ္တကိုပင် ဖြေရှင်းခိုင်းသည်။

အဂ္ဂိဒတ္တကလည်း မိမိပရိသတ်ကို မိမိကိုယ်တိုင် ဖြေရှင်းလိုပါကြောင်း လျှောက်ထားပြီး တန်ခိုးအစွမ်းဖြင့် ခုနစ်ကြိမ်တိုင်တိုင် ကောင်းကင်သို့ပျံတက် သက်ဆင်းပြလုပ်ပြီး ဘုရားရှင်ကိုရှိခိုးကာ

"ဘုရားရှင်သည်သာ တပည့်တော်၏ ဆရာသခင် ကျေးဇူးရှင်ဖြစ်ပါသည်"

ဟု လျှောက်ထားလေသည်။

ဤသို့ အဂ္ဂိဒတ္တက မိမိသည်တပည့်၊ ဘုရားရှင်ကသာမိမိဆရာဖြစ်ကြောင်း မိမိ၏ပရိသတ်ကိုရှင်းပြလိုက်ရာ ပရိသတ်အပေါင်းတို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုး ကြလေသည်။ ဘုရားရှင်သည် ထိုပရိသတ်ကို ရတနာသုံးပါး နှင့်စပ်သောတရားကို ဟောကြားတော်မူသည်။

ဘုရားရှင်သည် မိမိထက်လည်း အသက်များစွာကြီးသော ဆရာကြီးတစ်ဆူအဖြစ် လူအများနှင့် တပည့်များ၏ ယုံကြည်ကိုးကွယ်မှုခံနေသော အဂ္ဂိဒတ္တရသေ့ကြီးကို ဤသို့တပည့်တစ်ဦးအဖြစ်လည်းကောင်း၊ တရားစစ် တရားမှန်ပြ၍လည်းကောင်း၊ စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါသည်။

ဤစည်းရုံးရေးတွင် နဂါးကိုလည်းနိုင်ခဲ့သည်။ ရသေ့

များကိုလည်း အကျွတ်တရားရစေပြီး ရဟန္တာဖြစ်စေရသည်။ လူအပေါင်းကိုလည်း တရားစစ်တရားမှန် လက်ခံယုံကြည်နိုင်အောင် လက်တွေ့ပြနိုင်ခဲ့၍ အလွန်အောင်မြင်သော စည်းရုံးရေး အောင်မြင်မှုပင်ဖြစ်ပါသည်။

=====================

## ၇။ ကာဠသိဘာရဒွါဇပုဏ္ဏားကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

ကောနာဋ္ဌရွာသား လယ်ပိုင်ရှင် ကာသိဘာရဒွါဇ ပုဏ္ဏားသည် လယ်ထွန်မင်္ဂလာ အခမ်းအနားကျင်းပသော နေ့ဖြစ်သည်။ မိမိအလုပ်သမား(၅၀၀)တို့ကို ပုဆိုးသစ် ဝတ်စေသည်။ နွားတို့ကို အလှတန်ဆာဆင်သည်။ ထွန်တုံး ထွန်တံတို့ကို ရွှေပိန်းချထားသည်။ မိမိကိုယ်တိုင်လည်း သန့်ရှင်းစင်ကြယ်ပြီး မွန်မြတ်သော အဝတ်အစားတို့ကို ဝတ်စားဆင်ယင်သည်။

ထိုနေ့ လယ်ထွန်မင်္ဂလာပွဲအတွက် မွန်မြတ်သော နို့ဃနာထမင်းကိုချက်၍ လယ်တဲ၌တပည့်သားလုပ်သား တို့ကို ကျွေးမွေးပြုစုနေသည်။

ထိုအချိန်တွင် ဘုရားရှင်သည် ထိုပုဏ္ဏားကို ချေချွတ်ရန် အချိန်တန်ပြီဟု သိတော်မူ၍ တစ်ပါးတည်း သပိတ်ပိုက်လျက် ထိုလယ်တောသို့ ကြွတော်မူသည်။

ဘုရားရှင်သည် ကာသိဘာရဒွါဇပုဏ္ဏား မြင် လောက်ရာ၊ စကားကြားလောက်ရာ မြင့်သောအရပ်၌ ရပ်တော်မူပြီးလျှင် နေအထောင်၊ လအထောင် အရောင်တို့ ထက် လွန်ကဲတောက်ပြောင်သော ပီတမည်သော

ကိုယ်ရောင်တော်ကို လွှတ်လိုက်သည်။ ယင်းအရောင်တော်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးသည် ရွှေသား၊ ရွှေတုံးကြီးကဲ့သို့ ဖြစ်နေသည်။

နို့ယနာစားနေကြသော လယ်လုပ်သားလူအပေါင်းတို့သည် ဗုဒ္ဓအသရေတော်ဖြင့် ပြောင်ပြောင်ဝင်းဝင်းထွန်းလင်းတောက်ပလျက် ရပ်နေတော်မူသော ဘုရားရှင်ကို မြင်ရသောအခါ ဖူးမြင်ရန် စားလက်စနို့ယနာတို့ကိုထားပြီး လက်ရေဆေးကာ ဘုရားရှင်ကို ဦးတိုက်ရှိခိုးကာ ရပ်တည်နေကြလေသည်။

ထိုအခြင်းအရာကို မြင်တွေ့ရသော ပုဏ္ဏားသည်-

"ဤရဟန်းဂေါတမသည် ငါ၏အလုပ်ပျက်အောင် တမင်သက်သက် လာရောက်နှောင့်ယှက်ခြင်း ဖြစ်သည်"

ဟု အောက်မေ့ကာ နှလုံးမသာမယာဖြစ်ပြီး ဘုရားရှင်ကို သေချာစွာကြည့်မိလိုက်သည်။ ဘုရားရှင်၏ လက္ခဏာကြီးငယ်နှင့် ပြည့်စုံမှုကို စူးစမ်းတွေ့ရသောအခါ-

"ဤရဟန်း ဂေါတမသည် အကယ်၍ စီးပွားဖြစ်ထွန်းရေးအလုပ်ကို လုပ်ဆောင်ခဲ့လျှင် ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံး၌ လူတကာ၏ ဦးခေါင်းထက်ဝယ်

ပစ္စုပ္ပန်ဘဝတွင်ပင် ပြည့်စုံနိုင်မည်မဟုတ်ပါ။ ဤရဟန်းဂေါတမအဖို့ရာ မည်သည့်အကျိုးစီးပွား မဆိုပြီးမြောက်ပြည့်စုံနိုင်မည်သာဖြစ်သည်။ ထိုသို့ ဖြစ်ပါလျက် ရဟန်းဂေါတမသည် ပျင်းရိသည့် အတွက် အလုပ်အကိုင်ကို မလုပ်ကိုင်ဘဲ လူအများ ထံလိုက်လံဆွမ်းခံစားပြီး ကိုယ်ခန္ဓာကြံ့ခိုင်ရေးကို သာ အသားပေးလျက် လှည့်လည်ကျက်စားသွား လာနေဘိ၏"

ဟု တွေးတောကြံစည်မိလေသည်။

ဘုရားရှင်ကို-

"အို-ရဟန်း၊ ငါသည် သင်ကဲ့သို့လက္ခဏာကြီးငယ် နှင့် ပြည့်စုံသူမဟုတ်သော်လည်း လယ်ထွန်၊မျိုးကြဲ မှုကိုပြု၍ စားသောက်နေထိုင်ခဲ့၏။ သင်သည် လည်း လယ်ထွန်၊မျိုးကြဲမှုကိုပြု၍ ငါကဲ့သို့ချမ်းသာ စွာနေပါလော၊ လက္ခဏာကြီးငယ်နှင့်ပြည့်စုံသော သင့်အဖို့ အဘယ်မည်သော အကျိုးစီးပွားသည် မပြီးမြောက်ဘဲ ရှိပါအံ့နည်း"

ဟု မထီမဲ့မြင်စကားကို ပြောကြားလေသည်။

"ပုဏ္ဏား-ငါသည် သင်ကဲ့သို့ပင် လယ်ထွန်၏၊ မျိုး

လည်းကြ၏၊ လယ်ထွန်ပျိုးကြပြီး ချမ်းသာစွာ စားသောက်နေထိုင်ပေ၏"

ထိုအခါ ပုဏ္ဏားသည် ဘုရားရှင်တို့၏ လက္ခဏာကြီးငယ်ကို သေချာစွာကြည့်ဖြစ်သည်။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးများနှင့် ပြည့်စုံသည်ကို တွေ့ရသည်။

"ဤရဟန်းဂေါတမသည် ငါကဲ့သို့ လယ်ထွန် ပျိုးကြပြီး ချမ်းသာစွာနေသည်ဟု ပြောနေသည်။ သူ့ထံမှာ ထမ်းပိုး၊ ထွန်တံ၊ နှင်တံ စသည်လဲမတွေ့ရပါချေ။ မုသားစကားပြောနေသလား။ ဒါပေမယ့် ဤကဲ့သို့ လက္ခဏာနှင့်ပြည့်စုံသော ယောကျ်ားသည် မုသားစကားမပြောဆိုနိုင်ရာ"

ဟု စဉ်းစားဆင်ခြင်ပြန်သည်။

ထိုခဏမှာပင် ဘုရားရှင်ကို ချစ်မြတ်နိုးမိ၍ ရဟန်းဟု ရိုင်းပြစွာမခေါ်တော့ဘဲ---

"ကျွန်ုပ်သည် အရှင်ဂေါတမ၏ ထမ်းပိုး၊ ထွန်တံ၊ ထွန်သွား၊နှင်တံ၊ ခိုင်းနွားတို့ကို မမြင်ရပါ။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် အရှင်ဂေါတမ လယ်ထွန်သည်၊ ပျိုးကြသည်၊ ချမ်းသာစွာ နေရသည်ဟု ပြောပါဘိသနည်း"

ဟု မေးလေသည်။

"ပုဏ္ဏား- ငါဘုရား၏ သဒ္ဓါတရားလေးပါးသည် လယ်ကို ထွန်ရင်းအကြောင်းမှန် မျိုးစေ့မည်ပါသည်။ ဣန္ဒြေခြောက်ပါး စောင့်စည်းမှုသည် သဒ္ဓါမျိုးစေ့ ကျေးငှက်များရန် မိုးရွာခြင်းမည်ပါသည်။ ငါဘုရား၏ မဂ်ပညာလေးပါးသည် ထမ်းပိုး၊ထွန်တုံးမည်ပါသည်။ မကောင်းမှုမှ ရှက်ခြင်း၊ ကြောက်ခြင်းသည် ထွန်တန်အစုံမည်ပါသည်။ စိတ်ကိုအဦးထားသောသမာဓိတရားသည် ချည်ကြိုး၊ဖွဲ့ကြိုးမည်ပါ၏၊ ဝိပဿနာပညာနှင့်ယှဉ်သော သတိသည် ထွန်သွားနှင်တံမည်ပါသည်"

"ပုဏ္ဏား-သင်သည် လယ်ကိုလုံခြုံစေရန် ခြံကာထားသကဲ့သို့ ငါဘုရားသည် စိတ်အစဉ်တည်းဟူသော လယ်ကို ကာယသုစရိုက်၊ ဝစီသုစရိုက်တည်းဟူသော စည်းစောင့်ဖြင့် လုံခြုံစေ၏။ သုံးစွဲအပ်သော ပစ္စည်းလေးဖြာ၌ အနေသန(၂၁)ပါးမဖြစ်အောင် ကောင်းစွာ စောင့်စည်းပေး၏။ ဝမ်း၌သမမျှတစွာ စားသုံးခြင်းဖြင့် စောင့်စည်း၏၊ မှန်သောစကားဖြင့် အရိယ မဟုတ်သောသူတို့ ပြောသောစကား ဟူ

သော ပေါင်းမြက်ကိုဖယ်ရှားရိတ်ဖြတ် အမြစ်ပြတ် သုတ်သင်ခဲ့၏။ အရဟတ္တဖိုလ်ဖြင့် ထွန်တုံးကိုချွတ်၊ လယ်ကိုလွှတ်၍ တန့်ရပ်နား၍ အပန်းဖြေနေပြီ ဖြစ်သည်။"

"ပုဏ္ဏား-ငါဘုရား၏ ကာယိက၊ စေတသိက ဝီရိယ နှစ်ပါးသည် ထွန်၌ က,အပ်သော ဝန်ဆောင်နွား အစုံမည်၏။ ထိုနွားတစ်ယှဉ်းသည် ကာမယောဂ စသည်လေးတန် အနှိပ်စက်မခံရသော နိဗ္ဗာန်သို့ ရောက်အောင် ထမ်းဆောင်နိုင်သည်ဖြစ်၍ ထို နိဗ္ဗာန်သို့ ငါကဲ့သို့လယ်သမားယောကျ်ား အရောက် သွားခဲ့ပြီးဖြစ်၍ စိုးရိမ်ခြင်း အလျှင်းမရှိတော့ပါ။ ထိုနိဗ္ဗာန်သို့ ပညာဉာဏ်ဖြင့် ရောက်သွားခဲ့ပါပြီ။"

"ပုဏ္ဏား-ငါသည် ကိုယ်တွင်း၌ ဓမ္မလယ်ကို လေး သချေ်နှင့်ကမ္ဘာ(၁)သိန်းပတ်လုံး ထွန်ခဲ့ပြီးပြီ၊ ငါ ဘုရား၏ တရားလယ်ထွန်မှုသည် နိဗ္ဗာန်ဟူသော အသီးကို သီးအပ်ပြီ၊ ငါဘုရားတစ်ဦးတည်းသာ နိဗ္ဗာန်အသီးကို သီးစေသည်မဟုတ်။ စင်စစ်မူကား တစ်စုံတစ်ယောက်သည် ကိုယ်သန္တာန်တွင်း၌ ဓမ္မ လယ်ကို သမ္မပ္ပဓာန်နှ် လုံ့လဝီရိယနွားကာ၍ ကာလ

မပျက် ထွန်ယက်သည်ရှိသော ခပ်သိမ်းသော ဆင်းရဲ ဒုက္ခမှ အပြီးသတ်ကျွတ်လွတ်ရပါသည်"

ဘုရားရှင်က ပုဏ္ဏားကြီးကို အရဟတ္တဖိုလ်အထွဋ်တင်ပြီး နိဗ္ဗာန်တရားကို ဤသို့ဟောကြားလိုက်သည်။

ကာသိဘာရဒွါဇပုဏ္ဏားသည် ဤနက်နဲသော တရားကို ကြားနာရသောအခါ-

"ငါ၏ လယ်ထွန်ခြင်းအတွက် ရရှိအပ်သော ကောက်ပဲသီးနှံကို စားရသော်လည်း နောက်တစ်နေ့ရောက်၍ ဆာလောင်မွတ်သိပ်မြဲဖြစ်ရသည်။ အရှင်ဂေါတမ၏ ဓမ္မလယ်ထွန်ခြင်းကား နိဗ္ဗာန်ဟူသော အမြိုက်သီးကို သီးပေ၏။ ထိုတရားလယ်ထွန်မှု၏ အမြိုက်သီးကို စားသုံးရသည်ရှိသော် ခပ်သိမ်းသောဆင်းရဲမှ အပြီးတိုင်လွတ်မြောက်နိုင်၏"

ဟု ထင်လင်းစွာ သိမြင်သွားသည်။ ဘုရားကိုလည်း အလွန်ကြည်ညိုသွားလေသည်။

ကြည်ညိုသွားမှုတို့၏ ထုံးစံအတိုင်း ပုဏ္ဏားသည် မိမိစားသုံးရန်အတွက် ထားသောအဖိုးတစ်သိန်းထိုက်သော ရွှေခွက်ပေါ်၌ ပိတ်ဖြူဖုံးလွှမ်းပြီး ဘုရားရှင်ထံ အနီးသို့သွားကာ-

"အရှင်ဂေါတမ နို့ယနာကို စားသုံးတော်မူပါ။ အရှင်ဂေါတမသည် နိဗ္ဗာန်တည်းဟူသော အသီးအနှံ အကျိုးရှိသည့် ဓမ္မလယ်ထွန်မှုကို ပြုတတ်သော ကြောင့် လယ်ထွန်ယောကျ်ားပါတည်း"

ဟု လျှောက်ထားပြီး ယနာနို့ဆွမ်းကို ရိုသေစွာ ဆက်ကပ်လေသည်။

"အိုပုဏ္ဏား-တရားဂါထာ သီဆိုဟော၍ ရအပ်သော ဆွမ်းကို ငါဘုရားသုံးဆောင်ခြင်းငှာမထိုက်၊ ဤဂါထာသီဆိုမှုဖြင့်ရသော ဆွမ်းကိုစားသုံးခြင်းသည် အသက်မွေးစင်ကြယ်သော ဘုရားရှင်တို့၏အလေ့အထမဟုတ်ပါ။ အဆူဆူသော ဘုရားရှင်တို့သည်လည်း ဂါထာဖြင့်သီဆို၍ရသောဆွမ်းကို ပယ်တော်မူပါသည်။ ပုဏ္ဏား-- - အသက်မွေးမှုစင်ကြယ်မှုသဘောရှိက ဤကောင်းကင်၌ လက်ကိုဆန့်သည့် အလား တစ်စုံတစ်ခုသော အမျိုး၌မျှ ငြိကပ်တွယ်တာ၊မှုမထားဘဲ လေးပါးပစ္စည်းတရားသဖြင့် ရှာခြင်းသည် အဆူဆူသော ဘုရားရှင်တို့၏ စင်ကြယ်သော အသက်မွေးမှုပင်ဖြစ်သည်။"

ထိုစကားကို ကြားရသောအခါ ပုဏ္ဏားသည်-

"အရှင်ဂေါတမသည် ငါ၏နို့ယနာကို ပယ်တော်မူ၏။ ဤဘောဇဉ်သည် မအပ်စပ်သောဘောဇဉ် ဖြစ်သကဲ့သို့ ငါကားဘုန်းကံမဲ့သူဖြစ်စွတကား၊ အလှူဒါနကို ပေးလှူရန်အခွင့်ကို မယူခဲ့ချေတကား"

ဟုနှလုံးမသာယာဖြစ်လေသည်။

"ဤယနာ့နို့ဆွမ်းကို အရှင်ဂေါတမ အလှူမခံ၊ ဤမှအခြားတစ်ပါးသော ငါ၏လှူဖွယ်ကို အရှင်ဂေါတမသည် အလှူခံပါမူ ကောင်းလေစွ"

ဟု ကြံစည်မိပြန်သည်။

ဘုရားရှင်သည် ထိုအကြောင်းကို သိရှိ၍ -

"ငါဘုရားသည် အချိန်ပိုင်း ဤမျှဖြင့် ဤပုဏ္ဏားကို သဒ္ဓါကြည်ညိုဖြစ်စေမည်ဟု ဆွမ်းခံချိန်ကို ပိုင်းခြားပြီးမှ လာခဲ့သည်။ ပုဏ္ဏားသည် ယခုအခါ နှလုံးမသာမယာဖြစ်ပေပြီ၊ ထိုနှလုံးမသာယာမှုဖြင့် ငါဘုရားအပေါ် ပြစ်မှားလိုက်လျှင် မြတ်သောနိဗ္ဗာန်တရားကို ထိုးထွင်း၍ သိခြင်းငှာ စွမ်းနိုင်တော့မည်မဟုတ်"

ဟု ဆင်ခြင်တော်မူပြီး ပုဏ္ဏား၏သဒ္ဓါတရားကို ဖြစ်ပွားစေခြင်း၊ နှလုံးမသာယာခြင်းကို ပယ်ဖျောက်ရန်အတွက်-

"ပုဏ္ဏား နို့ဃနာမှတစ်ပါး ဆွမ်း၊ အဖျော်တို့ဖြင့် ဘုရား ဘုန်းဂုဏ် အလုံးစုံနှင့်ပြည့်စုံသေမြတ်သော သီလဂုဏ်နှင့်ပြည့်စုံသော အာသဝေါကုန်ခမ်းပြီး သော ရဟန္တာပုံဂ္ဂိုလ်မြတ်များကို ဆည်းကပ်ခစား ပြုစုပါက အံ့ဖွယ်ရှစ်ဖြာ ငါဘုရားသာသနာသည် ကုသိုလ်တရားလိုလားသူတို့၏ ကောင်းမှုမျိုးစေ့ ပျိုးရာဖြစ်၏"

ဟူ၍ဟောတော်မူသည်။

"ဤနို့ဃနာကို မြတ်စွာဘုရားအတွက် ဆောင်ယူ အပ်လေသည်။ သို့ဖြစ်၍ ငါသည်ဤနို့ဃနာကို မိမိ သဘောအတိုင်း အခြားတစ်စုံတစ်ယောက်ကို မပေးထိုက်ချေ"

ဟု ကြံစည်မိလျှင်-

"အရှင်ဂေါတမ --- ထိုသို့ဖြစ်လျှင် ဤနို့ဃနာကို အဘယ်သူအား လှူရပါမည်နည်း"

လျှောက်ထားသည်။

"ပုဏ္ဏား ဤလောက၌ ငါဘုရားနှင့် တပည့်သား သံဃာကို ဖယ်ထား၍ ဤဃနာနို့စား၍ အစာကြေ မည့်သူကို ငါမမြင်ပါ၊ သို့အတွက်သင်သည် ဤနို့

ဃနာကို စိမ်းရှင်သည့် မြက်ပင်မရှိရာအရပ်သို့ စွန့်ပါ၊ သို့မဟုတ် ပိုးမရှိသောရေ၌ မျှောလိုက်ပါ"

ဟု မိန့်ကြား၏။

ထိုအခါ ပုဏ္ဏားသည် ထိုနို့ဃနာကို ပိုးမရှိသောရေ၌ မျှောလေရာ ပစ်ချသောခဏ၌ပင် နို့ဃနာသည် မီးဖုတ်ထားသော သံတုံးကိုရေချက တရှဲရှဲမြည်ကာ အခိုးထွက်သကဲ့သို့ တရှဲရှဲမြည်ကာ အခိုးများထွက်လေသည်။

ထိုအခါ ပုဏ္ဏားသည် ထိတ်လန့်ကြောက်ခွဲ့ကာ ဘုရား၏ခြေတော်ရင်း၌ဝပ်ကာ-

"အရှင်ဂေါတမ နှစ်သက်ဖွယ် ရှိပါပေစွတကား၊ လောကဥပမာအားဖြင့် မှောက်ထားသော ဝတ္ထုကို လှန်လိုက်သကဲ့သို့၊ ဖုံးအုပ်ထားသောအရာကိုဖွင့် လှစ်လိုက်သကဲ့သို့၊ မျက်စိလည် လမ်းမှားသူအား လမ်းမှန်ကို ပြောကြားသကဲ့သို့ အမိုက်မှောင်၌ မီးထွန်းပြသကဲ့သို့ အရှင်ဂေါတမသည် ကျွန်ုပ်ကို များစွာသောအကြောင်းဖြင့်တရားတော်ကို ထင်ရှားစွာပြတော်မူပါ၏။ အရှင်ဂေါတမ ကျွန်ုပ်သည် အရှင်ဘုရားကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုး

ကွယ်ရာဟူ၍ ဆည်းကပ်သိမှတ်ပါ၏ဘုရား။ အရှင်ဂေါတမ ကျွန်ုပ်သည် အရှင့်ထံ၌ ရှင်ရဟန်းအဖြစ်ကို ရပါရစေ"

ဟု လျှောက်ထားတောင်းပန်လေသည်။

ကာသိဘာရဒွါဇပုဏ္ဏားသည် ဘုရားရှင်ထံ၌ ရှင်ရဟန်းအဖြစ်ကို ရပြီးနောက် မသေခင် အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာဖြစ်ခဲ့ရလေသည်။

ဗုဒ္ဓသည် ကာသိဘာရဒွါဇပုဏ္ဏားအား သူ၏ လုပ်ငန်းဆောင်တာ လယ်ယာထွန်ယက်မှုဖြင့် ဥပမာပြု၍ ပုဏ္ဏားသဘောပေါက်နားလည်အောင် စည်းရုံးဟောပြောခဲ့ရာ ကာလ၊ ဒေသ၊ ပုဂ္ဂလနှင့် လိုက်လျောညီစွာ စည်းရုံးဟောပြောတော်မူ၍သာ အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

=================

## ၈။ ဝေရဉ္ဇပုဏ္ဏားကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

မြတ်စွာဘုရားသည် ဝါတော်(၁၂)ဝါအရ၌ ဝေရဉ္ဇ ပြည်သို့ ကြွတော်မူသည်။ ဝေရဉ္ဇပြည်အနီး နဠေရုမည်သော ဘီလူးသိမ်းဆည်းအပ်သော တမာပင်အနီး၌ ရဟန်းငါးရာ ခြံရံလျက် သီတင်းသုံးနေထိုင်ချိန်ဖြစ်သည်။

ဝေရဉ္ဇပုဏ္ဏားသည် ဘုရားရှင်၏ ဂုဏ်တော်ကိုးပါး နှင့်ပြည့်စုံသောသတင်းကို ကြားထားပြီး ထိုဂုဏ်နှင့်ပြည့်စုံ သော ဘုရားရှင်အား ဖူးမြော်ခြင်းသည် ကောင်းမြတ်သည် ဟု လက်ခံထားပြီး ဘုရားရှင်ထံသို့ လာခဲ့သည်။

ဘုရားရှင်ထံသို့ရောက်သည်တွင် ဘုရားရှင်သည် မိမိထက်အသက်များစွာငယ်ပြီး မိမိကို မကြိုဆို၊ ဂါရဝ မပြုသဖြင့် စိတ်မကြည်မလင်ဖြစ်ကာ-

"ရှင်ဂေါတမ-ကျွန်ုပ်ကြားဖူးထားပါသည်။ အရှင် ဂေါတမသည် အိုကုန် ကြီးကုန် ရင့်ကုန် ရှေးမီကုန် အဆုံးရွယ်ရောက်ကုန်သော ပုဏ္ဏားတို့ကို ရှိလည်း မခိုး၊ ခရီးဦးလည်း မကြိုဆို ထိုင်ရန်နေရာဖြင့်လည်း မဖိတ်ဟု ကြားဖူးပါသည်။ အရှင်ဂေါတမ- ယခု ကျွန်ုပ်ကြားဖူးသည့်စကားသည် မှန်နေပါ၏။ အရှင်

ဂေါတမ ထိုရှိခိုးမှုမပြုခြင်းသည် လုံးဝမသင့်လျော်ပါ"

ဟု ကဲ့ရဲ့ရှုတ်ချစကား ပြောလေသည်။

"ပုဏ္ဏား နတ်, မာရ်နတ်, ဗြဟ္မာနှင့်တကွသော ဩကာသလောက၊ ရဟန်း၊ပုဏ္ဏား၊မင်းများ၊လူများနှင့်တကွသော သတ္တလောကတွင် ငါဘုရားက ရှိခိုးထိုက်သူ၊ ခရီးဦးကြိုထိုက်သူ၊ နေရာဖြင့်ဖိတ်ထိုက်သူ တစ်ဦးမျှ မရှိပါ။ ပုဏ္ဏား အမှတ်မထင် အကြင်သူကို ငါဘုရားသည် ထိုအမှုများကို ပြုငြားအံ့။ ထိုသူ၏ ဦးခေါင်းသည် မြေသို့ပြုတ်ကျလေရာ၏"

ဟု မိန့်ကြားလေသည်။

ထိုသို့ ဘုရားရှင်က မိန့်ကြားသော်လည်း ပုဏ္ဏားသည် ဘုရားရှင်ကို ဤလောကတွင် အကြီးမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်သည်ကို မရိပ်မိ၊ မသိရှိဘဲ ဘုရားရှင်၏ အမှန်အတိုင်းပြောသော ထိုစကားကိုပင် မခံမရပ်နိုင်ဖြစ်ကာ-

"အရှင်ဂေါတမသည် အရသာကင်းသော သဘောရှိသူဖြစ်၏"

ဟု စွပ်စွဲပြန်သည်။ ထိုစွပ်စွဲချက်မှာ လောက၌ရှိခိုးခြင်း၊

ခရီးဦးကြိုဆိုခြင်း၊ အရိုအသေပြုခြင်းများသည် တစ်ဦးနှင့်တစ်ဦး ညီညွတ်အောင်ပြုတတ်မှု(သာမဂ္ဂီအရသာ)ဟု ခေါ်သည်။ ထိုသာမဂ္ဂီအရသာမပြုမှုကိုပင် အရသာကင်းသည်ဟု ပုဏ္ဏားကဆိုလိုပါသည်။

"ပုဏ္ဏား--ငါဘုရားကို အရသာကင်းသောသဘောရှိသူဖြစ်သည်ဟု ပြောဆိုခြင်းသည် နည်းပရိယာယ်အားဖြင့် မှန်ပါ၏။ ငါဘုရားသည် ရူပါရုံ သဒ္ဒါရုံစသောအာရုံငါးပါး၌ သာယာခြင်းတို့ကို ပယ်အပ်ကုန်ပြီ။ သို့တွက် ငါဘုရားသည် အရသာကင်းသော သဘောရှိသည်ဟု နည်းပရိယာယ်အားဖြင့် ဆိုခြင်းသည် မှန်၏။ သင်ပုဏ္ဏားရည်ရွယ်ပြောသော နည်းပရိယာယ် အကြောင်းမျိုးကား ငါဘုရား၌ လုံးဝမရှိပါ။"

ပုဏ္ဏားသည် မိမိအလိုရှိအပ်သော သာမဂ္ဂီရသကင်းခြင်းအပြစ်ကိုတင်၍ မရသောအခါ-

"အရှင်ဂေါတမသည် အသုံးမရှိသူဖြစ်၏"

ဟု ဒုတိယစွပ်စွဲချက်ဖြင့် ထပ်မံစွပ်စွဲပြန်သည်။ ဤဆိုလိုချက်မှာ အသက်ကြီးသူတို့အား ရှိခိုးခြင်းစသည်ကို လောက၌ ညီညွတ်အောင်သုံးဆောင်ခြင်း(သာမဂ္ဂီဘောဂ)

ဟု အသိအမှတ်ပြုထားသည်။ ထိုအမှုကို ဘုရားရှင်က မပြုသောကြောင့် ဘုရားရှင်ကို အသုံးမရှိသူဟု စွပ်စွဲခြင်း ဖြစ်သည်။

"ပုဏ္ဏား--ငါဘုရားကို အသုံးမရှိသူဟု ပြောဆိုခြင်းသည် နည်းပရိယာယ်အားဖြင့်မှန်၏၊ ငါဘုရားသည် တဏှာဖြင့် ရူပါရုံ၊ သဒ္ဒါရုံစသည့် အာရုံငါးပါးကို သုံးဆောင်မှုကို ပယ်အပ်ပြီ၊ သုံးဆောင်မှု မရှိတော့သို့တွက် ဤနည်းပရိယာယ်အားဖြင့် မှန်၏။ သင်ရည်ရွယ်ပြောသော နည်းပရိယာယ်အားဖြင့်မူ မမှန်ပါ"

ပုဏ္ဏားသည် ဤစွပ်စွဲချက်အအောင်မြင်သောအခါ တတိယစွပ်စွဲချက်ကို ထပ်မံထပ်၍စွပ်စွဲပြန်သည်။

"အရှင်ဂေါတမသည် မပြုထိုက်ဟူသော အယူ (အကိရိယဝါဒ) ရှိသူဖြစ်သည်"

ဤစွပ်စွဲချက်အဓိပ္ပါယ်မှာ လောက၌လူများအပေါင်းသည် အသက်ကြီးသူတို့အား ရှိခိုးခြင်းစသော အမျိုးကောင်းတို့၏ အကျင့်ကို ကျင့်ကြရသည်။ ဘုရားရှင်က ထိုဂုဏ်ကိုမကျင့်ဟု ဆိုလိုပါသည်။

"ပုဏ္ဏား ငါဘုရားသည် မပြုထိုက်ဟူသောအယူရှိ

> သူဟု ဆိုလိုခြင်းသည် နည်းပရိယာယ်အားဖြင့် မှန်ပါသည်။ ငါဘုရားသည် ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး၊ ထိုမှတပါး အခြားမကောင်းမှုများကို မပြုထိုက်မပြုကောင်း ဟူ၍ ဟောပေသည်။ ဤသို့ဟောခြင်းသည် မပြု ထိုက်သော အကိရိယဝါဒရှိသူဟုဆိုက မှန်ပါသည်။ သင်ပုဏ္ဏားရည်ရွယ်ပြောဆိုသော နည်းပရိယာယ် အကြောင်းမျိုးကား ငါဘုရားတွင် မရှိပါ။"

ပုဏ္ဏားသည် အခြားတစ်မျိုးဖြင့် အပြစ်တင်ပြန် သည်။

အရှင်ဂေါတမသည် ဖြတ်အပ်၏ဟူသော အယူ (ဥစ္ဆေဒဝါဒ) ရှိသူ ဖြစ်၏။

ပုဏ္ဏား၏ဆိုလိုချက်မှာ ဘုရားရှင်၏ အသက်ကြီးသူ တို့အား ရှိခိုးခြင်းစသည် မပြုသောအမှုသည် လောက စဉ်လာဓမ္မတာ စာရိတ္တကြီးကို ဖြတ်တောက်ပြစ်သူဟု ဆိုလိုခြင်းဖြစ်ပါသည်။

> "ပုဏ္ဏား ငါဘုရားသည် ဖြတ်တောက်ရန် ဟော ပြောလေ့ရှိသူဟု ပြောဆိုသည်မှာ နည်းပရိယာယ် အားဖြင့် မှန်ပါသည်။ ငါဘုရားသည် ရာဂ၊ ဒေါသ

မောဟတို့ကို ဖြတ်တောက်ရန် ထိုမှတစ်ပါး အခြား မကောင်းမှုတို့ကို ဖြတ်တောက်ရန် ဟောခဲ့ပါ၏။ ဤဟောပြောချက်အရ ငါဘုရားသည်ဖြတ်တောက်ရန်ဟောကြားသူဟု ဆိုသည်က နည်းပရိယာယ်အရမှန်ပါသည်။ သင်ရည်ရွယ်ပြောသော နည်း ပရိယာယ်အကြောင်းကား ငါဘုရားတွင် မရှိပါ။"

ပုဏ္ဏားသည် ထပ်မံ၍ အပြစ်တင်ပြန်သည်။

"အရှင်ဂေါတမသည် စက်ဆုတ်ခြင်းသဘောရှိသူဖြစ်၏"

ပုဏ္ဏား၏ဆိုလိုချက်မှာ ဘုရားရှင်သည် အသက်ကြီးသူတို့အား ရှိခိုးခြင်းစသော ကုလစာရိတ္တကို စက်ဆုတ်၍သာ မပြုခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"ပုဏ္ဏား ငါဘုရားကို စက်ဆုတ်တတ်သည်ဟု ပြောခြင်းသည် နည်းပရိယာယ်အားဖြင့် မှန်ပါ၏၊ ငါဘုရားသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊မနောဒုစရိုက်များနှင့် အခြားမကောင်းမှုများကို စက်ဆုတ်ခြင်းသဘောရှိသူဟုပြောက မှန်ပါ၏။ သင်ရည်ရွယ်သောသဘောကား ငါ့တွင်မရှိပါ"

ပုဏ္ဏားသည် တဖန်ထပ်၍ အပြစ်တင်ပြန်သည်။

"အရှင်ဂေါတမသည် ဖျက်ဆီးတတ်သူ အဖျက်သမားကြီးဖြစ်၏"

ပုဏ္ဏား၏ဆိုလိုချက်မှာ ဘုရားရှင်သည် လောက၌ အကြီးမြတ်ဆုံးဖြစ်သည့် ဝုဍ္ဍါပစာယနဂုဏ်ကို ဖျက်ဆီးတတ်သူဟု မှတ်ယူခြင်းဖြစ်ပါသည်။

"ပုဏ္ဏား ငါဘုရားကို အဖျက်သမားကြီးဟု ပြောသည်မှာ နည်းပရိယာယ်အားဖြင့်မှန်ပါ၏။ ငါဘုရားသည် ရာဂ၊ ဒေါသ၊ မောဟနှင့် အခြားအကုသိုလ်များကို ဖျက်ဆီးရန် ဟောလေ၏။ ဤနည်းပရိယာယ်အားဖြင့် မှန်ပါ၏၊ သင်ပြောသော နည်းပရိယာယ်အကြောင်းမျိုးကား ငါ့တွင်မရှိပါ"

ပုဏ္ဏားက တစ်ဖန်ထပ်မံ၍ စွပ်စွဲပြန်သည်။

"အရှင်ဂေါတမသည် ပူပန်စေတတ်သူဖြစ်၏"

ပုဏ္ဏား၏ဆိုလိုချက်မှာ အသက်ကြီးသူတို့အား အရိုအသေမပြုခြင်းသည် အသက်ကြီးသူတို့ကို စိတ်နှလုံးပူပန်မှုကို ဖြစ်စေသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"ပုဏ္ဏား ငါဘုရားသည် ပူပန်စေတတ်သူဟု ပြောဆိုခြင်းသည် နည်းပရိယာယ်အားဖြင့် မှန်ပါ၏။ ငါဘုရားသည် ဒုစရိုက်ဆယ်ပါးနှင့် အကုသိုလ်တရား

များသည် လူအပေါင်းတို့အား ပူပန်စေတတ်သော တရားများ ဖြစ်ကြသည်။ ထိုတရားများကို စွန့်လွှတ်ရန် ဟောပြောခဲ့သည်။ ဤပူပန်စေတတ်သော အကုသိုလ်တရားများကို စွန့်လွှတ်ရန် ဟောပြောခဲ့၍ နည်းပရိယာယ်အရ မှန်ပါသည်။ သင်ပြောသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတွင်မရှိပါ။"

ပုဏ္ဏားက ထပ်မံစွပ်စွဲပြန်သည်။

"အရှင်ဂေါတမသည် နတ်ရွာပဋိသန္ဓေမှ ကင်းသူဖြစ်၏"

ပုဏ္ဏား၏ ဆိုလိုချက်မှာ အသက်ကြီးသူတို့အား အရိုအသေပြုခြင်းသည် နတ်ရွာသို့ရောက်စေသော အကြောင်းဖြစ်သည်။ ယခု ရဟန်းဂေါတမက ထိုကိစ္စကို မပြုခြင်းသည် နတ်ရွာသွားရန် ပဋိသန္ဓေယူရန် တားမြစ်ရာရောက်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

"ပုဏ္ဏား ငါဘုရားကား ပဋိသန္ဓေနေခြင်း ကင်းပြီးသောပုဂ္ဂိုလ်ဖြစ်၏ဟု ပြောဆိုခြင်းသည် နည်းပရိယာယ်အားဖြင့် မှန်၏။ ငါဘုရားသည် အနာဂတ်ကာလ၌ ပဋိသန္ဓေနေမှုကို ဖယ်ရှားပြီးပုဂ္ဂိုလ် ဖြစ်

သည်။ ရှေးဘုရားများနည်းတူ လာခြင်းကောင်းသော ငါဘုရားသည် ပဋိသန္ဓေနေခြင်းကင်းခဲ့ပါပြီ၊ ဤအကြောင်းတရားများကြောင့် ပဋိသန္ဓေကင်းသူဟု ဆိုခြင်းသည် နည်းပရိယာယ်အရ မှန်ပါသည်။ သင်ပြောသော နည်းပရိယာယ်အကြောင်းမျိုးကား ငါဘုရားတွင်မရှိပါ။"

ပုဏ္ဏားကြီးသည် ဘုရားရှင်ကို ထပ်မံစွပ်စွဲစရာမရှိတော့၍ ရပ်သွားသည်။ ဘုရားရှင်သည် ပုဏ္ဏားကြီး၏ မသိမှု အမိုက်တိုက်တွင်လွှမ်းမိုးမှုကို အလွန်သနားတော်မူသည်။

"ဤပုဏ္ဏားသည် စဉ်းစားဉာဏ်မရှိ၊ ဆံဖြူသွားကျိုးဖြစ်နေသူကို ငါဘုရားထက် ကြီးသူဟုထင်မှတ်နေသည်။ မိမိကိုယ်ကို ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဘေးတို့ ဝိုင်းဝန်းနှိပ်စက်နေသည်။ သံသရာသစ်ငုတ်ကြီး ဖြစ်နေသည်။ ယနေ့သေပြီး နက်ဖြန်၌ ပက်လက် အိပ်ကလေးအဖြစ်ကို ရောက်မည်တို့ကို စိုးစဉ်းမျှမသိပါချေတကား။ သို့သော် ငါဘုရားထံ ကြီးစွာသော လုံ့လဖြင့်ရောက်လာသော ပုဏ္ဏားကြီးကို အကျိုးရှိသောလာခြင်းဖြစ်အောင် ငါပြုအံ့"

ဟု ဘုရားရှင်သည် ကြံစည်ဆင်ခြင်တော်မူသည်။

"ပုဏ္ဏား ကြက်မသည် ဥရှစ်လုံး၊ ဆယ်လုံး၊ ဆယ့်နှစ်လုံး ဥသည်ဆိုပါစို့၊ ထိုဥများကို ကြက်မက ကောင်းစွာဝပ်၍ အပူပေး၍ ကြက်နံ့ထုံစေ၍ ပြု စေသဖြင့် ဥအတွင်းမှ ကြက်ငယ်အပေါင်းသည် ခြေ သည်းဖျား၊ နှုတ်သီးဖျားဖြင့် ဥခွံကို ရှေးဦးစွာ ဖောက်ခွဲ၍ ချမ်းသာစွာပေါက်ဖွားလာသော ထို ကြက်ငယ်ကို အဘယ်သို့ ခေါ်ဆိုအပ်ပါသနည်း၊ အကြီးဟူ၍ ခေါ်သလော၊ အငယ်ဟူ၍ခေါ်ပါ သလော"

"အရှင်ဂေါတမ ကြက်ငယ်အပေါင်းတို့တွင် ဥခွံကို ဦးစွာဖောက်ထွက်လာသော ကြက်ငှက်ကို အကြီး ဟု ဆိုရပါမည်၊"

"ပုဏ္ဏား ဤအတူပင် အဝိဇ္ဇာတည်းဟူသော ဥခွံ အတွင်း၌ ရောက်ရှိနေကြသော အဝိဇ္ဇာဥခွံဖြင့် ထက်ဝန်းကျင် မြှေးယှက်အပ်သော သတ္တဝါအပေါင်း တို့တွင် အဝိဇ္ဇာဥခွံကိုဖောက်ခွဲကာ ငါတစ်ဦးတည်း သာ လောက၌ အတုမရှိ ထွတ်မြတ်သော အရ ဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရှေးဦးစွာသိမြင် ဆိုက်ရောက်ခဲ့သူ ဖြစ် ခဲ့သည်။ငါဘုရားသည်သာ

ဤသတ္တလောက၌ အကြီးမြတ် ဆုံးဖြစ်သည်"

ဟုမိန့်ကြားပြီး ဘုရားရှင်က မိမိဘုရားဖြစ် ရန် ဤကျင့်စဉ်များနှင့် နောက်ဆုံးဒုက္ကရစရိယ ကျင့်စဉ်ကိုကျင့်ပြီး ဘုရားဖြစ်ခဲ့ပုံအလုံးစုံကို မိန့်ကြားတော်မူသည်။

ထိုသို့ဘုရားရှင်က မိမိသဗ္ဗညုတဉာဏ်တော်ရပုံ၊ ဘုရားဖြစ်ပုံ အကြောင်းစုံ ပြောပြပြီးသောအခါ ပုဏ္ဏားကြီးသည် ကိုယ်ရောစိတ်ပါ ပီတိတရားပျံ့နှံ့ပြည့်စုံကာ ဘုရားရှင်ကို ဤလောက၌ အရိယာဇာတ်အားဖြင့် အမြင့်မြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း သိရှိလက်ခံခဲ့သည်။ ထို့နောက်မိမိ၏ စွပ်စွဲ အပြစ်တင်ချက်မှားသည်ကိုလည်း သိရှိပြီး မိမိကိုယ်ကို စက်ဆုတ်ရွံရှာမိသွားသည်။

ထို့နောက်ဘုရားရှင်ကို တောင်းပန်၍ သရဏဂုံဆောက်တည်ကာ ဥပါသကာအဖြစ် ခံယူခဲ့သည်။

ဗုဒ္ဓသည် ဤသို့အားဖြင့် မိမိအားလည်းကောင်း၊ တရားတော်အားလည်းကောင်း၊ ယုံမှားသံသယဖြစ်နေကြသော ဂုဏ်အားဖြင့်ထင်ရှားကျော်ကြားနေသော ပုဏ္ဏားကြီး၏အမှားကို မိမိ၏မှန်ကန်သောတရားဖြင့် ကရုဏာ မေတ္တာထားပြီး စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

♣ ♣ ♣ ♣ ♣ ♣ ♣

## ၄။ ကြမ်းတမ်းသောအာဠာဝကဘီလူးကို သာသနာပြု စည်းရုံးအောင်မြင်ခြင်း

အာဠဝီပြည့်ရှင် အာဠာဝကမင်းသည် တောကစား ထွက်ရာတွင် သမင်သည် မိမိတာဝန်ကျရာနေရာဘေးမှ ထွက်ပြေးလွတ်မြောက်သွားသဖြင့် အများဗိုလ်ပါ၏ ကဲ့ရဲ့မှု ကို မခံလိုသဖြင့် တစ်ပါးတည်းသမင်နောက်သို့ အရှိန်အဟုန် ပြင်းစွာဖြင့်လိုက်သည်။ သို့အတွက် နောက်လိုက်အဖော်များ နှင့်ကွဲသွားသည်။

မင်းသည် သမင်ကိုမိသောအခါ သတ်ဖြတ်ပြီး မှူးမတ်ဗိုလ်ပါတို့ကို မိမိသမင်ဖမ်းနိုင်ကြောင်းပြလိုသဖြင့် သမင်ကိုထမ်းပြီး ပြန်လာခဲ့သည်။ မိမိ၏နောက်လိုက်များ မတွေ့တော့သဖြင့် မိမိမြို့ဘက်သို့ ပြန်လာခဲ့သည်။

မြို့နှင့်မနီးမဝေးညောင်ပင်တစ်ပင်သို့ ရောက်လတ် သော် ပင်ပန်းသဖြင့် ခဏဝင်နားသည်။ ထိုညောင်ပင်၌ အာဠာဝကဘီလူးသည် မိမိညောင်ပင်အောက်သို့ ဝင်လာသူ မှန်သမျှကို ဖမ်းယူစားသောက်ခွင့်ကို ဝေဿဝဏ် နတ်မင်းကြီး ထံမှ အခွင့်အရေးရထားသူဖြစ်သည်။

ဘီလူးသည် မင်းကြီး သမင်ထမ်းပြီး မိမိအပင် အောက်သို့ဝင်လာသောအခါ ကိုယ်ထင်ပြပြီး သတ်စားမည့်

အကြောင်းပြောသည်။ မင်းကြီးက မိမိကိုလွှတ်ပြီး သမင်ကို စားရန်မေတ္တာရပ်ခံသည်။ ဘီလူးက သမင်ရောလူပါ မိမိပိုင်နက်ထဲရောက်လာ၍ နှစ်ခုစလုံးပိုင်ဆိုင်ကြောင်း ပြောပြသည်။

ထိုအခါမင်းကြီးက မိမိကိုလွှတ်ပေးပါက တစ်နေ့လူတစ်ယောက်နှင့်ထမင်းတစ်အိုးပို့ပေးပါမည်ဟု ဝန်ခံကတိပေးသည်။ မိမိဘက်က မပို့ဖြစ်ပါက မိမိကိုလာစားပါဟု ထပ်မံကတိပြုသည်။ သို့အတွက် ဘီလူးက လွှတ်ပေးလိုက်သည်။

မင်းကြီးသည် လမ်းတွင်မိမိဗိုလ်ပါများနှင့် ပြန်တွေ့ပြီး အာဠဝီပြည်တွင်းသို့ ပြန်ဝင်ခဲ့သည်။ နန်းတော်သို့ရောက်သော် မြို့ဝန်ကိုခေါ်ယူပြီး ထိုကိစ္စကို ပြောပြသည်။ မြို့ဝန်က အချိန်အပိုင်းအခြားထားခဲ့ပါသလားဟု မေးသောအခါ မင်းကြီးက မထားခဲ့ကြောင်းပြောသည်။

မြို့ဝန်က မင်းကြီးအားနှစ်သိမ့်ပြီး ထောင်ထဲ၌ အသတ်ခံရတော့မည့် ထောင်သားများကို အသက်ချမ်းသာလိုသူထွက်ခဲ့ဆိုပြီး အိမ်ပြန်ရေမိုးချိုးစေကာ ဘီလူးထံ ထမင်းအိုးကို ပို့စေသည်။ ပြန်လာက အသက်လွှတ်မည်ဟု မှာကြားလိုက်သည်။ ဘီလူးသည် လာသမျှသော လူနှင့် ထမင်းအိုးတို့ကို စားလေသည်။

ဤသို့သောနည်းဖြင့်ပို့ရာ နောက်ဆုံးပို့သူမရှိဖြစ်လာသည်။ မြို့ဝန်က မင်းကြီးနှင့်ညှိပြီး လူအိုများကိုဖမ်းကာ ပို့စေပြန်သည်။ လူအိုများမရသောအခါ မွေးကင်းစကလေးများကို ဖမ်းယူပြီးပို့စေပြန်သည်။ မိခင်များက ကလေးများကိုခေါ်ယူပြီး အခြားသို့ ထွက်ပြေးကြသည်။

ပို့စရာကလေးမရှိသောအခါ မင်းကြီးက မိမိသားငယ်ကို မိဖုရားလက်မှယူစေပြီး ပို့စေသည်။ ဘုရားရှင်သည် ထိုမင်းသားငယ်ဘီလူးထံ ပို့မည့်မနက်တွင် လောကကိုကြည့်သည်ရှိသော် ထိုမင်းသားငယ်၏ ရှေးကောင်းမှုကိုလည်းကောင်း၊ အာဠဝကဘီလူးသောတာပတ္တိဖိုလ်ရမည့် ရှေးကောင်းမှုကိုလည်းကောင်း မြင်တော်မူသည်။

သို့အတွက် ဘုရားရှင်သည် သာဝတ္ထိမှ ယူဇနာ (၃၀)ကွာဝေးသော အာဠဝီပြည် အာဠဝကဗိမာန်သို့ ကြွလေသည်။

ထိုအချိန်တွင် အာဠဝကဘီလူးသည် ဟိမဝန္တာတောင် ဘီလူးတို့၏ အစည်းအဝေးသို့ သွားနေသည်။ ဘုရားရှင်သည် တံခါးစောင့်ဂဒြဘကို ခွင့်ပန်ပြီး အာဠဝကဗိမာန်အတွင်းဝင် သီတင်းသုံးနေသည်။

ဂန္ဓဘသည် ထိုကိစ္စကို အာဠဝကထံလိုက်ပြီး သတင်းပို့သည်။ ထိုအချိန်ဝယ် အရိယာဖြစ်သော သာတာဂိရိနတ်ဘီလူးနှင့် ဟေမဝတနတ်ဘီလူးတို့ကလည်း ထိုအကြောင်းကိုသိ၍ အာဠဝကကို ဘုရားရှင်ကြွလာ သီတင်းသုံး၍ ကောင်းမြတ်ကြောင်းပြောပြကြသည်။

အာဠဝက လက်မခံ၊ သူမရှိတုံး သူ့ဗိမာန်ထဲဝင်နေရ မလားဟု ဒေါမာန်ပွားကာ-

"သင်တို့ဆရာ ဂေါတမကဘဲ စွမ်းမလား၊ ငါကပဲ စွမ်းမလားဆိုတာ ကြည့်ကြသေးတာပေါ့"

ဟုကြုံးဝါးပြီး ယူဇနာ(၆၀)ရှိသော ကေလာသတောင်ကို ဖနောင့်နှင့်ဆောင့်နင်းလိုက်ရာ ကေလာသတောင်မှ ကျောက်လွှာတို့သည် အစိတ်စိတ်ကွာကျလေသည်။

"အာဠဝကဆိုတာ ငါပဲကွ"ဟု ကြွေးကြော်လိုက်သောအသံသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံးပျံ့နှံ့လွှမ်းမိုး သွားသည်။

အာဠဝကသည် သူ၏ဗိမာန်ရှိရာပြန်လာပြီး ဘုရားရှင်ကို မာန်နတ်ကဲ့သို့ပင် လက်နက်(၉)မျိုးတွင် တစ်မျိုးပြီးတစ်မျိုးနှင့်တိုက်ခိုက်သည်။ ဘုရားရှင်ကို အန္တရာယ်ပြု၍ မရသောအခါ နောက်ဆုံးမိမိ၏အစွမ်း

ထက်သော ဘွဲ့ဖြူလက်နက်ဖြင့် ပစ်လွှတ်တိုက်ခိုက်သည်။ ထိုလက်နက်သည် ဘုရားရှေ့တွင် ခြေသုတ်ပုဆိုးပမာ ကျရောက်လေသည်။

အာဠဝကသည် ထိုအခြင်းအရာကိုမြင်သော် ဦးချိုကျိုးသောနွားလားကဲ့သို့ အစွယ်ထုတ်ပြီးသောမြွေကဲ့သို့ ဖြစ်ကာ -

" ရဟန်းဂေါတမသည် မေတ္တာဖြင့်နေ၍သာ ငါ့လက်နက်များ အစွမ်းမထက်ဖြစ်ရသည်။ ယခုအခါ ငါသည် ရဟန်းဂေါတမကိုချုပ်ခြယ်စကားပြော၍ မေတ္တာစိတ်နှင့်ကင်းအောင် ပြုလုပ်မှ သင့်မည်"

ဟုကြံစည်ပြီး

" ရဟန်းဂေါတမ သင်သည်ငါ့ခွင့်ပြုချက်မရှိပါဘဲ အဘယ်ကြောင့် သူများနေရာဝင်ပြီး မိန်းမတို့အလယ်မှာ ထိုင်နေပါသလဲ၊ အရှင်မပေးသော သူတစ်ပါးပစ္စည်းကို သုံးဆောင်ခြင်း၊ မိန်းမတို့နှင့် ရောထွေနေခြင်းသည် ရဟန်းနှင့် မသင့်သည် မဟုတ်ပါလော၊ ရဟန်းဂေါတမ ရဟန်းတရား၌ တည်မူဖြစ်က ဤဗိမာန်တော်မှ ထွက်ခွာပါ"

ဟုပြောသည်။

ဘုရားရှင်သည် ကြမ်းတမ်းသူကို အကြမ်းနည်းဖြင့် ဆုံးမ၍မရဟု ဆင်ခြင်ပြီး ကောင်းပါပြီးထွက်ပါသည်ဟု ချိုသာစွာပြောပြီး ဗိမာန်မှထွက်သည်။

အာဠဝကသည် " ရဟန်းဂေါတမသည် ပြောဆိုလွယ်သူဖြစ်သည်၊ ငါ၏စကားတစ်ခွန်းတည်းဖြင့်ထွက်သည်။ ထိုသို့သောပုဂ္ဂိုလ်ကိုငါသည် တစ်ညလုံး စစ်တိုက်နေမိသည်"

ဟု နူးညံ့သောစိတ်ဝင်လာသည်။

" ယခုထွက်ပေးသည်မှာ ပြောဆိုလွယ်သောကြောင့် ထွက်ပေးသလော၊ စိတ်ဆိုးလို့ ထွက်ပေးတာလား သိရအောင် တစ်ဖန်စမ်းဦးမည်"

ဟုကြံစည်ပြီး ရှင်ဂေါတမတစ်ဖန်ပြန်ဝင်ပါဦးဟု ခိုင်းလိုက်ပြန်သည်။

" ဒကာ အာဠဝက ကောင်းလှပါပြီ "

ဘုရားရှင်က ချိုသာစွာပြော၍ ပြန်ဝင်သည်၊ အာဠဝကသည် ရဟန်းဂေါတမတကယ်ပြောဆိုလွယ်သူဟုတ်မဟုတ် စမ်းသပ်လိုသဖြင့် သုံးကြိမ်တိတိ ဝင်ထွက်ခိုင်းသည် ဘုရားရှင်ကလည်း အာဠဝကဆိုတိုင်း ပြုလုပ်သည်။

"ငါသည် ရဟန်းဂေါတမကို တစ်ညလုံးထွက်လိုက်

ဝင်လိုက်လုပ်ခိုင်းပြီး ပင်ပန်းစွမ်းစေပြီးမှ ခြေတို့ကို
ကိုင်ကာ ဂင်္ဂါတစ်ဘက်ကမ်းကို ပစ်လွှတ်မည်"

ဟု စိတ်အကြံဖြစ်သည်။ ထိုအကြံကို ဘုရားသခင်ကသိ၍

"ဒကာ သင့်စိတ်ထဲတွင် ဤကဲ့သို့သော အကြံဖြစ်
သည်၊ ငါ့အတွက်တော့ သင်ပြုလိုသမျှပြုလေ"

ဟု မိန့်ကြားလိုက်သည်။

အာဠဝကသည် ယခင်က မိမိဗိမာန်အနီးသို့ ရောက်လာကြသော ရသေ့၊ ရဟန်းများကို ပြဿနာမေး၍ မရလျှင် ခြေနှစ်ချောင်းကိုင်ကာ ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ရောက်အောင် ပစ်လွှတ်လေ့ရှိသည်။

"ရဟန်းဂေါတမ သင့်ကိုပြဿနာမေးမည်၊ ပြဿနာ
မဖြေဆိုနိုင်လျှင် သင့်နှလုံးသားကို ဖောက်ခွဲ
ဖျက်ဆီး၍ ဂင်္ဂါတစ်ဘက်ကမ်းသို့ ပစ်လွှင့်မည်"

ဟု ခြိမ်းခြောက်စကားပြောဖြစ်သည်။

"ဒကာ ငါ့နှလုံးကို ဖောက်ခွဲဖို့ ရူးသွပ်အောင်ပြုလုပ်ဖို့
ခြေနှစ်ချောင်းကိုင်ပြီး မြစ်တစ်ဖက်လွှင့်ပစ်ဖို့ တတ်
နိုင်သူကို ငါဘုရားတစ်ခါမျှမမြင်ဘူးပါ၊ သို့သော်
သင်မေးလိုသော ပြဿနာရှိလျှင်မေးပါ၊ ငါဖြေပေး
ပါမည်"

ထိုအခါ အာဠဝကသည် မိမိ၏မိဘများလက်ထက်က သင်ပေးထားသော မေးခွန်း(၄)ရပ်ကို မေးသည်။

လောက၌ အဘယ်တရားသည် အမြတ်ဆုံးဥစ္စာဖြစ်သနည်း။

"အမြတ်ဆုံးဥစ္စာသည် သဒ္ဓါ"

"အဘယ်တရားသည် နေ့စဉ်ကျင့်သုံးလျှင် လူနတ်နိဗ္ဗာန်ချမ်းသာကို ပို့ဆောင်နိုင်ပါသနည်း။"

"ဒါန,သီလ,ဘာဝနာတရားသည် လူနတ်နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သည်"

"အရသာတို့တွင် အဘယ်အရသာသည် အချိုဆုံးဖြစ်သနည်း"

"သစ္စာတရားသည် အချိုဆုံးဖြစ်သည်"

"အဘယ်တရားဖြင့် အသက်ရှင်ခြင်းသည် အမြတ်ဆုံးဖြစ်သနည်း"

"ပညာဖြင့်အသက်ရှင်ခြင်းသည် အမြတ်ဆုံးဖြစ်သည်"

ဘီလူးသည် အလွန်ကျေနပ်နှစ်သက်သွားပြီး မေးခွန်းကို ဆက်မေးသည်။

"အဘယ်တရားဖြင့် ဩဃရေပြင်ကို ကူးမြောက်နိုင်ပါသနည်း"

"သဒ္ဓါတရားဖြင့် ဩဃရေပြင်ကို ကူးမြောက်နိုင်ပါသည်"

"အဘယ်တရားဖြင့် သံသရာကို ကူးမြောက်နိုင်ပါသလဲ"

"အပ္ပမာဒတရားဖြင့် သံသရာကို ကူးမြောက်နိုင်သည်"

"အဘယ်တရားဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါသလဲ"

"ဝီရိယဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည်"

"အဘယ်တရားဖြင့် ကိလေသာအညစ်အကြေးမှ ကင်းဝေးနိုင်သည်"

"ပညာဖြင့် ကိလေသာအညစ်အကြေးမှ ကင်းဝေးစေနိုင်သည်"

ဘုရားရှင်အဖြေအဆုံးတွင် ဘီလူးသည် နှစ်သက်ပီတိဖြစ်ပြီး သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထိုအချိန်မှာပင် မင်းချင်းတို့သည် အာဠဝက

မင်းသားလေးကိုဆောင်ယူလာပြီး ဘီလူးထံပို့ကြသည်။ ဘီလူးသည် အရိယာဖြစ်ပြီးဖြစ်၍ မင်းသားလေးကို ဘုရားရှင်ထံဆက်ကပ်လိုက်သည်။ ဘုရားရှင်က လက်ခံပြီး-

"မင်းသားကား ကျန်းမာချမ်းသာ၍ အသက်ရှည်စေ ဘီလူးလည်း ကျန်းမာချမ်းသာ၍ အသက်ရှည်ပါစေ"

ဟု ဆုပေးတော်မူသည်။

ဘုရားရှင်က ဤမင်းသားငယ်ကို ကြီးပြင်းအောင် ကျွေးမွေးပြီးလျှင် ငါဘုရားအား တစ်ဖန်ပြန်ပေးရမည်ဟု မိန့်ကြားပြီး မင်းသားငယ်ကို မင်းချင်းတို့ထံ ပြန်ထည့်ပေးလိုက်သည်။ ဤသို့လက်အဆင့်ဆင့် လွှဲပြောင်းပေးသောကြောင့် မင်းသားကို "ဟတ္ထာဠဝကမင်းသား"ဟု အမည်တွင်ခဲ့သည်။

ဘုရားရှင်၏ ဟောပြောဆုံးမစည်းရုံးမှုကြောင့် ကြမ်းတမ်းသော အာဠဝကဘီလူးသည် အရိယာဖြစ်ခဲ့ရသည်။

ဘီလူးကြီးအကျွတ်တရားရပြီး မင်းသားငယ် အသက်ချမ်းသာမှု သတင်းသည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားကြရာ အာဠဝီတစ်ပြည်လုံးအုတ်အော်သောင်းနင်းဖြစ်ခဲ့ရသည်။

နားဖြင့် ကြားကြရာ အာဠဝီတစ်ပြည်လုံးအုတ်အော်သောင်းနင်းဖြစ်ခဲ့ရသည်။

ထို့နောက် အာဠဝီပြည်သားတို့သည် အာဠဝက ဘီလူးအတွက် ဗိမာန်အသစ်ဆောက်တည်ပေးပြီး ပန်းနံ့သာ စသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ကြလေသည်။

ကြမ်းတမ်းသော အာဠဝကကို သည်းခံခြင်း၊ မေတ္တာ၊ ပြဿနာကို မှန်ကန်စွာဖြေဆိုပေးခြင်း စေတနာတို့ဖြင့် ဘုရားရှင်သည် စည်းရုံးအောင်မြင်ခဲ့ပါတော့သည်။

====================

## ၁၀။ သစ္စကပရဗိုဇ်ကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

ဝေသာလီပြည် မဟာဝုန်တော၌ ဘုရားရှင်သီတင်းသုံးနေသောအချိန်ဖြစ်သည်။

ဝေသာလီပြည်သည် ဝဇ္ဇီတိုင်းသား မင်းညီမင်းသားတို့၏စည်းလုံးညီညွတ်မှုကြောင့် အလွန်ဝပြောစည်ပင်သာယာနေသော အချိန်ဖြစ်သည်။ ထိုဝဇ္ဇီတိုင်းသားမင်းညီမင်းသားတို့ကို သင်ကြားပြသပေးနေသောဆရာမှာ သစ္စကပရဗိုဇ်ဖြစ်သည်။

သစ္စကပရိဗိုဇ်၏မိဘများသည် ရှေးကတစ်ဦးလျှင် ဝါဒ(၅၀၀)စီအတတ်ဖြင့် ဝါဒပြိုင်ရန် ဝေသာလီသို့ ရောက်ရှိလာကြပြီး ဝါဒပြိုင်ကြရာ သူမနိုင်-ငါမနိုင် သရေဖြစ်ခဲ့ကြသည်။ ထိုအခါ ပညာရှိကိုမြတ်နိုးကြသော ဝဇ္ဇီတိုင်းသားတို့က သူတို့နှစ်ဦးကို လက်ထပ်ပေးပြီး ဝေသာလီမှာနေစေသည်။ စားနပ်ရိက္ခာအလုံအလောက်ထောက်ပံ့ပေးထားပြီး မိမိတို့ကို ပညာသင်ပေးစေသည်။

ထိုလင်မယားမှာ သစ္စာ၊လောလာ၊ ပဋာစာရာနှင့် ဘာစာရဝတီဟူသော သမီးလေးယောက်နှင့် သစ္စကဟူသောသားတစ်ယောက်တို့ ဖွားမြင်ခဲ့သည်။ သူတို့သည်

ာမျိုးဘိုးတူဆိုသကဲ့သို့ အမိဘက်မှဝါဒငါးရာ၊ အဖဘက်မှ
ါဒငါးရာ ဝါဒတစ်ထောင်တတ်မြောက်ခဲ့ကြသည်။

နောင်တွင် သမီးလေးယောက်သည် ဇမ္ဗူဒိပ်ကျွန်း
လှည့်လည်ပြီး ဝါဒပြိုင်ပွဲပြုလုပ်ခဲ့ရာ သာဝတ္ထိပြည်၌
ျှင်သာရိပုတ္တရာနှင့်တွေ့ပြီး ဝါဒပြိုင်ရာမှ ရှုံးနိမ့်ပြီး
ာက္ခုနီမဝတ်သွားခဲ့သည်။ နောင်တွင် ရဟန္တာဖြစ်သွား
ကြသည်။

မောင်ငယ်သစ္စကသာ ဝေသာလီတွင်နေရစ်ခဲ့ပြီး
လိစ္ဆဝီမင်းသားတို့၏ ဆရာအဖြစ်နေခဲ့သည်။ မိမိကိုယ်
မိမိလည်း ပညာရှိကြီးအဖြစ် အမြဲကြုံးဝါးသူဖြစ်သည်။

တစ်နေ့တွင် သစ္စကသည် လမ်းလျှောက်ထွက်ရင်း
ဘုရားရှင်၏တပည့် အဿဇိနှင့်တွေ့ပြီး သင်တို့ဆရာက
သင်တို့ကို ဘယ်လိုဆုံးမသလဲဟု မေးသည်။

ရှင်အဿဇိက ခန္ဓာငါးပါးမမြဲပုံ၊ အတ္တမဟုတ်ပုံ
ဘုရားရှင်က လမ်းညွှန်ဟောကြောင်း ပြန်ဖြေပြသည်။

ထိုအခါ သစ္စက က-ရဟန်းဂေါတမ၏ ဟောပြောမှု
သည် ရှက်ဖွယ်ကောင်းလှသည်။ တစ်နေ့ငါသည် ရဟန်း
ဂေါတမရဲ့ ယုတ်မာတဲ့အမြင်ကို ချွတ်မည်ဟုကြုံးဝါးထား

ခဲ့သည်။

ထိုအချိန်တွင် လိစ္ဆဝီမင်းမျိုးငါးရာခန့်သည် လွှတ်တော်၌ စည်းဝေးတိုင်ပင်နေကြသည်။ သစ္စကသည် ထိုမင်းသားတို့ စည်းဝေးသည်ကိုမြင်၍ လွှတ်တော်သို့ တက်သွားပြီးလျှင်-

"လိစ္ဆဝီတို့ လာကြ၊ ယနေ့ငါသည် ရဟန်းဂေါတမရဲ့ တပည့် အဿဇိနှင့်တွေ့ခဲ့တယ်။ သူ့ဆရာဟောတဲ့ ဝါဒကိုလဲ ငါသိခဲ့ရတယ်၊ သူ့ဆရာရဟန်းဂေါတမ ကိုဝါဒတင်ပြီး ဝါဒများကို ယနေ့ငါချတ်ပြမယ်၊ သန်စွမ်းတဲ့ ယောက်ကျားဟာ သိုးငယ်အမွေးကို ဆွဲပြီး ရှေ့တွန်းနောက်ဆွဲလုပ်သလို အရက်ဆိုင်မှ အရက်အလုပ်သမားဟာ မုန့်ညက်ဖြန့်ရန် ခင်းထားတဲ့ဖျာကို ရေကန်ထဲမှာ ဆွဲတွန်းသလို သန်စွမ်းတဲ့ အရက်သမားဟာလဲ သေအိပ်ကိုမှောက်လှန်ဆွဲခါ လှုပ်သလို ရဟန်းဂေါတမကို ဝါဒတင်ပြီး ဝါဒ လမ်းစဉ်နှင့်ဆွဲခါတွန်းလှန်ပြလိုက်မယ်၊ ယနေ့ရဟန်း ဂေါတမနှင့်ငါစကားပြောမယ်၊ သင်တို့လိုက်ခဲ့ကြ"

ဟု ခေါ်သည်။

ထိုအခါ လိစ္ဆဝီမင်းသားအားလုံးသည် သစ္စက

နောက်ကလိုက်ကြပြီး ဘုရားရှင်ထံရှိရာ မဟာဝုန်တောသို့ သွားကြသည်။

သစ္စကသည် ဘုရားရှင်နှင့်တွေ့ဆုံ နှုတ်ဆက်ပြီး -

"ရဟန်းဂေါတမ တပည့်တွေကို ဘယ်လိုဆုံးမသလဲ"

ဟုမေးသည်။ ဘုရားရှင်က-ရှင်အဿဇိဖြေဆိုသည့်အတိုင်း အဖြေပေးသည်။

ထိုအခါ သစ္စက-က

"ရဟန်းဂေါတမ မျိုးစေ့မှန်သမျှ မြေမှာတည်ပြီး ကြီးပွားရသလို လုပ်စရာမှန်သမျှ မြေပေါ်မှာ တည်ပြီးလုပ်ရသလို သတ္တဝါမှန်သမျှ ရုပ်စသော ခန္ဓာငါးပါးပေါ်မှာ မူတည်ပြီး ကုသိုလ် အကုသိုလ် တွေ ပြုလုပ်ရပါတယ်"

ဟု ပြောသည်။

ဘုရားရှင်က-

"အဂ္ဂိဝေဿန ရုပ်ဝေဒနာစတဲ့ ခန္ဓာငါးပါးဟာ ငါ့ရဲ့အတ္တတွေဘဲလို ပြောပါသလား"

ဟု ထပ်မေးသည်။

သစ္စက က ဟုတ်မှန်ကြောင်းဝန်ခံသည်။

ဘုရားရှင်က ထပ်မေးသည်။

"ကောသလဘုရင်နှင့် အဇာတသတ်မင်းတို့သည် ရေမြေအစိုးရသူတွေဖြစ်သည်။ သူတို့က သတ်ဖြတ်သင့်သူကိုသတ်ဖြတ်နိုင်သော အာဏာရှိပါသလား"

ဟု မေးသည်။

"သစ္စက က ရှိပါသည်။ လိစ္ဆဝီတို့မှာလည်း ထိုကဲ့သို့ အာဏာရှိပါသည်"

ဟု ဖြေသည်။

ဘုရားရှင်က ထပ်မေးသည်။

"သင်က ရုပ်ဟာ ငါရဲ့အတ္တဘဲလို့ဆိုတယ်။ အဲဒီရုပ်ပေါ်မှာ ငါ့ရဲ့ရုပ်ဒီလိုဖြစ်ရမယ်၊ ငါရဲ့ရုပ်ဟာ ဒီလို မဖြစ်ရဘူးဆိုပြီး သင်မှာ အာဏာရှိပါသလား"

ထိုသို့မေးသောအခါ သစ္စကပရိဗိုဇ်သည် ဘယ်လိုဖြေရမှန်းမသိတော့ဘဲ ဆိတ်ငြိမ်သွားတော့သည်။

ဘုရားက နောက်တစ်ကြိမ်ထပ်မေးသည်။ သစ္စက မဖြေဆိုနိုင်တော့။ တိတ်ဆိတ်၍သာနေတော့သည်။

"သစ္စက ငါဘုရားရှင်က တရားသဖြင့် သုံးကြိမ်မေးတာကို မဖြေလျှင် သင်ဦးခေါင်းကို သုံးစိပ်ကွဲ

လိမ့်မယ်"

ဘုရားရှင်က ထိုသို့မိန့်ကြားသောခဏမှာပင် အလျှံတပြောင်ပြောင်မီးတောက်နေသော သံလျက်ကိုကိုင်စွဲသော ဘီလူးသည် ရုတ်တရက်ပေါ်လာပြီး သစ္စက၏ဦးခေါင်းကို ခွဲရန်ချိန်တွယ်လျက် ပေါ်လာသည်။ ထိုဘီလူးကို သစ္စကနှင့် ဘုရားသာမြင်သည်။

ထိုအခါ သစ္စကသည် ကြောက်ရွံ့ထိတ်လန့်ပြီး ဘုရားရှင်ကို မေးခွန်းထပ်မေးခိုင်သည်။ ဘုရားရှင်က ယခင်မေးခွန်းကိုပင် ထပ်မေးသည်။ သစ္စကသည် ရုပ်အပေါ်မှာ ဒီလိုဖြစ်ရမယ်၊ မဖြစ်ရဘူး အမိန့်ပေးနိုင်သောအာဏာ မရှိကြောင်း ဝန်ခံပြောဆိုရတော့သည်။ ဘုရားရှင်က ဝေဒနာသည် သင်္ခါရ ဝိညာဉ်တို့ကို ဆက်မေးရာ သစ္စကသည် အားလုံးအာဏာမရှိကြောင်း ဝန်ခံအဖြေပေးရတော့သည်။

ဘုရားရှင်က ဆက်လက်ပြီး ရုပ်,ဝေဒနာစသည်ကို မြဲ, မမြဲကိုမေးသည်။ သစ္စကက မမြဲကြောင်း ဝန်ခံဖြေဆိုသည်။ ဘုရားရှင်က မမြဲတဲ့ရုပ်ဝေဒနာစသည်သည် ဆင်းရဲတဲ့သဘော ဖောက်ပြန်တဲ့သဘော ရှိမရှိ ဆက်မေးသည်။ သစ္စကက ဆင်းရဲတဲ့သဘော ဖေါက်ပြန်တဲ့သဘော

ရှိကြောင်း ဆက်လက်ဝန်ခံဖြေသည်။

မမြဲဆင်းရဲတဲ့ ရုပ်ဝေဒနာစသည်ကို ငါ့ဥစ္စာ ဒီဟာ ငါ့အတ္တလို့ ရှုနေရန် သင့်-မသင့်မေးရာ မသင့်ကြောင်း သစ္စကက ဝန်ခံဖြေသည်။

"ဘုရားရှင်က သစ္စက အနှစ်ကိုအလိုရှိတဲ့ယောကျ်ား ဟာ အနှစ်လိုချင်လို့သစ်ပင်ရှာခုတ်တယ်၊ ငှက်ပျော ပင်ကိုတွေ့လို ခုတ်မိတယ်၊ အဲဒီငှက်ပျောပင်မှာ ဘာအနှစ်မျှ မရှိသလို သင်ကိုသင်ဝါဒ ငါမေးသမျှ ဘာမျှအနှစ်မရှိ ဖြစ်နေတယ်။ ပြီးတော့ သင်က ဝေသာလီပရိသတ်ကို ငါကအပြစ်တင်ဆိုလိုက်လျှင် မတုန်မဲ့ မလှုပ်မဲ့ မယိမ်းယိုင်မဲ့ လက်ကတီးကြားက ချွေးမယိုထွက်မဲ့ ရဟန်းအပေါင်းရှိတဲ့ ဂိုဏ်းရှိတဲ့ ဂိုဏ်းဆရာ သမဏကိုလည်းကောင်း၊ ကိလေသာ ကို ပယ်သတ်ပြီးတဲ့ တရားအားလုံးကို မှန်စွာသိပြီး တဲ့ ဘုရားလို့ ဝန်ခံထားတဲ့သူကိုသော်မှ ငါမတွေ့ မမြင်ဘူးပေမယ့် စိတ်မရှိတဲ့ထင်းတုံးသော်မှ ဝါဒ လမ်းစဉ်နှင့် ငါကအပြစ်တင်လိုက်ရင် တုန်သွား ရမယ်၊ လူဆိုက အဘယ်ဆိုဘွယ်ရာ ရှိမလဲလို့ ဒီစကား သင်ပြောခဲ့တယ်၊ ယခုတော့ သင့်နဖူးက

ချွေးတွေအပေါ် ရုံဖေါက်ပြီး မြေကြီးမှာကျကုန်နေပါပေါ့လား”

ဘုရားရှင်က ဤသို့ပြောသောအခါ သစ္စကသည် ဘာမျှမပြောနိုင်ဘဲ တွေဝေငေးမှိုင်နေရသည်။

ထို့နောက် လိစ္ဆဝီတို့က သစ္စကကို ပြက်ရယ်ပြုရာ သစ္စကက ထိုလိစ္ဆဝီများကို ငေါက်ငမ်းဟန့်တားပြီး ဘုရားရှင်ကို သူသိလိုသော သေက္ခရဆိုင်ရာ မေးခွန်းများကို မေးသည်။ ဘုရားရှင်က အသေးစိတ်ဖြေပြသည်။

နောက်ဆုံးတွင် သစ္စကသည် ဘုရားရှင်ကို ဝန်ချတောင်းပန်ပြီးလျှင် ဘုရားရှင်ကို ဆွမ်းစားပင့်ပြီး ပြန်ခဲ့လေတော့သည်။

(နောင်တွင် သစ္စကပရိဗိုဇ်သည် ကျွတ်တမ်းဝင်သွားပါသည်။)

အတွေးအခေါ် အယူအဆမှားနေသော သစ္စကပရိဗိုဇ်ကို ဘုရားရှင်က လောကသဘာဝလက်တွေ့ဥပမာဖြင့် နှိုင်းယှဉ် ယှဉ်ပြပြီး အမှန်တရားရအောင်၊ ရောက်အောင် စည်းရုံးသိမ်းသွင်းအောင်မြင်နိုင်ခဲ့ပါသည်။

==================

## ၁၁။ လူသတ်သမား အင်္ဂုလိမာလကို စည်းရုံး အောင်မြင်ခြင်း

ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကြီးနှင့် မန္တာဏီပုဏ္ဏေးမတို့မှာ သားတစ်ယောက်မွေးဖွားခဲ့သည်။ ထိုသားမွေးဖွားသော ညဉ့်အချိန်တွင် ကောသလမင်းကြီး၏ သံလျက်အပါအဝင် တစ်ပြည်လုံးရှိ လက်နက်များ အလျှံ တပြောင်ပြောင် တောက်ပကုန်သည်။

နံနက်လင်းသော် ထိုအကြောင်းကို ပုရောဟိတ် ပုဏ္ဏားကြီးက မင်းကြီးအားလျှောက်ထားရှင်းပြသည်။ စောရနက္ခတ်နှင့်ယှဉ်၍ မွေးသည့်အတွက် ခိုးသူဖြစ်ပါမည်။ တစ်ဦးတည်းဆိုးခိုးသူသာဖြစ်ပါမည်ဟု လျှောက်ထားသည်။

ကောသလမင်းကြီးက တစ်ဦးတည်းခိုးသူဖြစ်၍ တိုင်းပြည်အတွက် အန္တရာယ်မရှိ၊ ဆက်လက်မွေးမြူပါဟု ခွင့်ပြုသည်။

ပုရောဟိတ်ကြီးသည် သားကို သူတစ်ပါးတို့အား နှိပ်စက်သူမဖြစ်ရန်ဟူသော အတိတ်ဖြင့် "အဟိံသက"ဟု အမည်ပေးခဲ့သည်။

အဟိံသက အရွယ်ရောက်သော် ဖခင်ပုရောဟိတ် ကြီးက ဒိသာပါမောက္ခဆရာထံအပ်၍ ပညာသင်စေသည်။

အဟိံသက၏ ကြိုးစားမှု ရိုးသားမှု တပည့်ဝတ္တရားကျေပွန်မှု တို့ကြောင့် ဒိသာပါမောက္ခဆရာကြီးနှင့်ဆရာကတော်တို့က အဟိံသကကို ချစ်မြတ်နိုးပြီး အစစအရာရာ အားကိုးတကြီး ခိုင်းစေခြင်း၊ အခွင့်အရေးပေးခြင်းတို့ကို ပြုလုပ်သည်။

ပညာတော်ရှ ဆရာကြီးတို့ဇနီးမောင်နှံက ဦးစားပေးသော အဟိံသကကို အခြားကျောင်းသားများက မနာလို ဝန်တိုဖြစ်ကြသည်။ ဂျောက်ချရန် အမြဲစဉ်းစားကြသည်။

ဆရာကြီးကတော်၏ဦးစားပေးမှုကို ခံရသော အဟိံသကကို ဆရာကြီးကတော်နှင့် ဖေါက်ပြန်ပြစ်မှားသည်ဟု စွပ်စွဲကာ ဆရာကြီးထံ ဂုံးချောကြသည်။

ပထမတစ်ကြိမ်နှစ်ကြိမ် ပြောဆိုဂုံးချောသည်ကို ဆရာကြီးက လက်မခံ၊ နောက်ခဏခဏပြောပါများသော် သံသယဝင်လာသည်။ ဆရာကြီးကတော်၏ အဟိံသက အပေါ် ချစ်ခင်ရင်းနှီးစွာနေမှု ဆရာကြီးကတော်က ရင်းရင်းနှီးနှီးခိုင်းစေမှုအပေါ်၌ ဆရာကြီးက သံသယဝင်ပြီးလျှင် အဟိံသကကို သတ်လိုသောဆန္ဒဖြစ်ပေါ်မိသည်။ သို့သော် မိမိကိုယ်တိုင်သတ်က မိမိကို တပည့်ကိုသတ်သောဆရာ အဖြစ် မြင်ကြပြီး နောင်မည့်သည့်တပည့်မျှ စာလာမသင်ဘဲ

ရှိကြမည်။ ပညာပရိယာယ်ဖြင့် အတတ်ပညာတစ်ခု ပြီးမြောက်အောင် သင်ယူဖို့အတွက် လူတစ်ထောင်ကို သတ်ပြီး လက်ညှိုးတစ်ထောင်ရမှသာလျှင် ပညာသင်ယူမှု ပြီးမြောက်မည်ဟုပြော၍ အဟိံသကသည် လူသတ်က အသတ်ခံရသော မိဘဆွေမျိုးတို့သည် တစ်နေ့တွင် အဟိံသကကို တုန့်ပြန်၍သတ်ကြလိမ့်မည်။

ဆရာကြီးသည် ဤသို့စဉ်းစားပြီး အဟိံသကကို ခေါ်၍လူတစ်ထောင်သတ်၍ လက်ညှိုးတစ်ထောင်ရအောင် လုပ်ပြီးမှ ပညာသင်ယူမှုပြီးမည့်အကြောင်းပြောပြသည်။ အဟိံသကက သူတို့အမျိုးသည် သူတစ်ပါးကိုသတ်သော အမျိုးမဟုတ်ကြောင်းပြောပြသည်။

လူမသတ်က ပညာမရနိုင်ပါဟု ဆရာကြီးက ပြောသောအခါ ပညာကိုရယူလိုသော အဟိံသကသည် ဆရာကိုရှိခိုးပြီးလျှင် လက်နက်ငါးပါးကိုယူ၍ တောအုပ်သို့ ဝင်သည်။ တောအုပ်ထဲသို့ဝင်လာသမျှလူကိုသတ်၍ လက်ညှိုးများကို ဖြတ်ယူသည်။ လက်ညှိုးများကိုဖြတ်ပြီး သစ်ပင်တွင် ချိတ်ဆွဲထားရာ ကျီးငှက်စသည်တို့ယူငင် စားသောက်မှုကြောင့် လက်ညှိုးများပျက်စီးကုန်၍ အရေအတွက်ကို မရတော့ချေ။

သို့တွက် အဟိံသကသည် လက်ညှိုးများကို ကြိုးဖြင့် သီ၍ လည်တွင်ဆွဲကာယူဆောင်သည်။ ထိုသို့ယူဆောင်သောကြောင့် အဟိံသကနာမည်ပျောက်၍ အင်္ဂုလိမာလဟု အမည်တွင်လေသည်။ အင်္ဂုလိမာလ၏ သတ်ဖြတ်မှုကြောင့် တောအုပ်ထဲသို့ ထင်းခွေထင်းရှက်သူ၊ သစ်ခုတ်စသည်ဖြင့် သွားလာသူ မရှိတော့ချေ။ ထိုအခါ အင်္ဂုလိမာလသည် ရွာတွင်းသို့ဝင်၍ တံခါးများကိုထိုးနှက်ရိုက်ချိုးပြီး လူကို ဖမ်းယူသတ်ပြီး လက်ညှိုးကိုယူလေသည်။

အင်္ဂုလိမာလာ၏ရန်ကြောင့် ကျေးလက်တောရွာများမှ လူများသည် မိမိတို့ရွာတွင် မနေဝံ့တော့ဘဲ သာဝတ္ထိမြို့သို့ လာရောက်ကြပြီး သစ်ခက်တဲ ဆောက်ကာ နေကြပြီး မင်းကြီးကြားအောင်လည်း နန်းရင်ပြင်သို့ စုဝေးသွားကြကာ ခိုးသူရန်ကို နှိမ်နင်းပေး၍ ကယ်ပေးပါရန် အော်ဟစ်ငိုကြွေးမြည်တမ်းကြသည်။

ပုရောဟိတ်ပုဏ္ဏားသည် ထိုခိုးသူများမိမိ၏ သား အဟိံသကဖြစ်လိမ့်မည်ဟု မှတ်ထင်ကာ မိမိမယားကို အကျိုးအကြောင်းပြောပြသည်။ မိခင်သည် သားဟူသော ချစ်ခြင်းမေတ္တာဖြင့် သားကိုသွားရောက်ခေါ်ပေးရန် ပြောပြသည်။ ပုရောဟိတ်က မိမိခေါ်၍ မရနိုင်ကြောင်း ပြောသော

အခါ ပုဏ္ဏေားမက မိမိသားကိုမိမိသွားခေါ်မည်ဟု ပြောဆိုကာ သားရှိရာတောအုပ်သို့ ထွက်ခွာရန်စီစဉ်သည်။

ထိုအချိန်တွင် ကောသလမင်းကြီးကလည်း ပြည်သူတို့၏ အော်ဟစ်သံကြောင့် အင်္ဂုလိမာလကို ကိုယ်တိုင် တပ်နှင့်ချီတက်ပြီး ဖမ်းယူရန် စီမံလေသည်။

နောက်နေ့မိုးသောက်သော် ဘုရားရှင်သည် လောကကိုကြည့်သည်ရှိသော် အင်္ဂုလိမာလကိုမြင်တော်မူပြီး အင်္ဂုလိမာလကျွတ်သည်အဖြစ်ကိုလည်းကောင်း၊ မိမိမကြွရောက်က အင်္ဂုလိမာလသည် မိခင်ကိုသတ်မိ၍ သံသရာဝဋ္ဋဒုက္ခမှမလွတ်နိုင်ဖြစ်သည်ကိုလည်းကောင်း သိမြင်တော်မူသည်။

ထိုနေ့တွင် ကောသလမင်းကြီးကလည်း အင်္ဂုလိမာလကိုဖမ်းရန် စစ်ချီတက်ရန် အသင့်ဖြစ်နေသည်။

အင်္ဂုလိမာလမှာလည်း လက်ညှိုးတစ်ချောင်းသာလိုတော့၍ ယနေ့မည်သူကိုတွေ့တွေ့ အရင်တွေ့သူကို သတ်၍ လက်ညှိုးများယူကာ ဆရာထံပြန်ရန် စီမံနေသည်။

ပုဏ္ဏေားမကြီးကလည်း သားကိုရှာပြီး ပြန်ခေါ်ရန် သားရှိမည်ထင်သောတောသို့ အစာရိက္ခာယူပြီး ထွက်ခွာခဲ့သည်။

ဘုရားရှင်သည် ဆွမ်းခံကြွ၍ ဆွမ်းစားပြီးနောက် အင်္ဂုလိမာလရှိရာသို့ ထွက်ခဲ့သည်။ အင်္ဂုလိမာလသည် ဘုရားရှင်ကိုမြင်သောအခါ ငါ၏နောက်ဆုံးလက်ညှိုးဖြတ်ရမည့်သူတွေ့ပြီဟု အားရဝမ်းသာစိတ်ဖြင့် ပြင်းထန်လျှင်မြန်စွာ ပြေးလိုက်သည်။

ဘုရားရှင်သည်ရှေ့မှ အလင်းအပြင်ကိုပြ၍ မိမိသည် အလယ်မှနေပြသည်။ အင်္ဂုလိမာလသည် အစွန်း၌ ဖြစ်သည်။ ဒီတခါ ဒီရဟန်းကို ငါအမိလိုက်ဖမ်းတော့အံ့ဟု အားအစွမ်းကုန်ပြေးလိုက်သည်။ ဘုရားရှင်သည် တလင်း အစွန်းရောက်ပြီး အင်္ဂုလိမာလက တလင်းအလယ်၌ ဖြစ်နေသည်။ အင်္ဂုလိမာလသည် တလင်းကွင်းပြင်၌ရဟန်းကို အမှီလိုက်၍ဖမ်းအံ့ဟုကြံစည်ကာ လျှင်စွာပြေးလိုက် ပြန်သည်။ ဘုရားရှင်သည် အင်္ဂုလိမာလရှေ့မှ မြောင်းကို လည်းကောင်း၊ တစ်ဘက်ဆည်ကန်ကိုလည်းကောင်း ပြတော်မူ၍ သုံးယူဇနာရှိသောအရပ်တို့သို့ ခေါ်ဆောင်၍ ကြွတော်မူသည်။

အင်္ဂုလိမာလသည် ပင်ပန်းနွမ်းနယ်၍ ခံတွင်းမှ တံတွေးခြောက်ကပ်လာသည်။ ကိုယ်မှ ချွေးတို့သည် ကျကုန်၏။

"ဤရဟန်းသည် အံ့ဩဖွယ်ရှိပေသည်"

ဟု အင်္ဂုလိမာလသည် ကြံစည်တွေးတောမိသည်။ ဤရဟန်းကို ပရိယာယ်ဖြင့်ဖမ်း၍ သတ်အံ့ဟုကြံစည်ပြီး-

"အို-ရဟန်းရပ်ဦးလော့- ရပ်ဦးလော့"

ဟု ပြောသည်။

"ငါသည်ကား ရပ်တည်သည်။ သင်သာလျှင် မရပ်ပေ"

ဟု ဘုရားရှင်ကမိန့်ကြားသည်။

"ဤရဟန်းသည် သွားလျက်နေသည်ကို ရပ်သည် ဟုပြော၏၊ ငါသည်ရပ်နေသည်ကို ရပ်သည်မဟုတ် ဟု ဆိုသည်။ ဤရဟန်းကို ငါမေးဦးမည်"

ဟု ကြံစည်ပြီး

"ရဟန်း သင်သည် အဘယ်ကြောင့် ရပ်သည်မည် သလဲ၊ ငါသည် အဘယ်ကြောင့် မရပ်သည် မည် သလဲ"

ဟု မေးသည်။

"အင်္ဂုလိမာလ ငါသည်သတ္တဝါတို့ကို သတ်ဖြတ်ခြင်းကိုပယ်၍ သတ္တဝါတို့၌ ချစ်ခင်ခြင်းတည်ပေ၏။

ထို့ကြောင့် ငါသည်ရပ်တည်သည်မည်၏။ သင်ကား သတ္တဝါတို့ကိုသတ်၍ သတ္တဝါတို့၌ ချစ်ခြင်းမရှိ၊ ထို့ကြောင့် သင်သည်ရပ်တည်ခြင်းမရှိ မည်၏။"

"ဤရဟန်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောကြုံးဝါး ခြင်းဖြင့် ကြုံးဝါး၏။ ဤရဟန်းသည် မဟာမာယာ မိဖုရား၏သားတော် ရဟန်းမင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သာလျှင် ဤမျှရဲရင့်စွာဆိုဘိ၏။ ငါသည် ရဟန်းမင်းဖြစ် သော ဘုရားရှင်ကို ဖူးမြင်ရပေပြီ။ ဘုရားရှင်သည် ငါ့ကို ချီးမြှင့်ရန်အတွက် ဤအရပ် သို့ ရောက်လာသည်ဖြစ်ရမည်"

ဟု အင်္ဂုလိမာလသည် လက်နက်များကို ချကာ ဘုရားရှင် ထံသို့ ဦးခိုက်ပြီး ရဟန်းပြုခွင့်ကို တောင်းလေသည်။ ဘုရားရှင်သည် ဧဟိဘိက္ခုခေါ်ကာ ရဟန်းပြုပေးသည်။

ဘုရားရှင်သည် အင်္ဂုလိမာလရဟန်းကိုခေါ်၍ ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

ဗုဒ္ဓသည် အင်္ဂုလိမာလ လူသတ်သမား လူကြမ်းကြီး ကို စစ်မှန်သော တရားပြသဟောပြော စည်းရုံးသိမ်းသွင်း အောင်မြင်နိုင်ခဲ့ပါသည်။

==================

## ၁၂။ အတ္တအယူစွဲ ဗကဗြဟ္မာကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

မြတ်စွာဘုရားရှင်သည် ဥက္ကဋ္ဌမြို့ သုဘဂတောအုပ်အတွင်း အင်ကြင်းပင်ရင်း၌ နေစဉ်ကာလဖြစ်သည်။

ထိုအချိန်ဝယ် ဗကဗြဟ္မာကြီး၏စိတ်ထဲဝယ်-

"ဤကိုယ်နှင့်တကွသော ဗြဟ္မလောကသည် မြဲ၏၊ ခိုင်ခံ့၏၊ တည်တံ့၏၊ သီးသန့်ဖြစ်၏၊ ရွေ့လျောခြင်း မရှိ၊ ဤဗြဟ္မာလောက၌ ပဋိသန္ဓေနေသူ၊ အိုသူ၊ သေသူ၊ ရွေ့လျော့သူ၊ ကပ်ရောက်လာသောသူ ဟူ၍မရှိ ဤကိုယ်နှင့်တကွသော ဗြဟ္မာလောကမှ တစ်ပါးအခြားလွန်မြတ်သော ထွက်မြောက်ရာသည် မရှိ ဟူသောအလွန်အားကောင်းသော သဿတ ဒိဋ္ဌိအယူသည် ဖြစ်ပေါ်နေ၏"

ထိုအခါ ဘုရားရှင်သည် ထိုအင်ကြင်းပင်အရပ်မှ ကွယ်ခဲ့ရာ ပထမဈာန်ဗြဟ္မာပြည်သို့ ကြွတော်မူသည်။ ဗက ဗြဟ္မာသည် ဘုရားရှင်ကိုမြင်၍ ဘုရားရှင်ကို ကောင်းစွာ ဖိတ်ခေါ်သည်။ ထို့နောက် မိမိအယူအဆကို ဘုရားကို လျှောက်လေသည်။

ထိုအခါ ဘုရားရှင်က-

'အချင်းတို့ ဗကဗြဟ္မာသည် မိုက်မဲလေစွတကား၊ ဗကဗြဟ္မာသည် မမြဲသောတရားကို မြဲ၏ဟုဆိုတုံ့ ဘိ၏။ မခိုင်ခံ့ မတည်တံ့ ရွေ့လျောခြင်းသဘော ရှိသောတရားကို တည်တံ့၏၊ခိုင်ခံ့၏၊ တည်မြဲ၏ဟု ဆိုဘိ၏၊ ပဌမစျာန်ဗြဟ္မာဘုံ၌ ပဋိသန္ဓေနေသူ၊ အိုသူ ၊သေသူ၊ ရွေ့လျောသူ၊ တစ်ဖန်ကပ်ရောက်သူ ရှိလျက် မရှိဟု ဆိုတုံ့ဘိ၏၊ အခြား ဒုတိယစျာန် တတိယစျာန်၊ စတုတ္ထစျာန် ဗြဟ္မာလောကနှင့်မဂ် ဖိုလ် နိဗ္ဗာန်ဟူသောထွက်မြောက်ရာရှိလျက် ဤ ကိုယ်နှင့်တကွသော ဗြဟ္မာလောကမှတစ်ပါးအခြား လွန်မြတ်သောထွက်မြောက်ရာ မရှိဟု ဆိုတုံ့ဘိ၏"

ဟု မိန့်ကြားသည်။

ထိုအချိန်တွင် မရ်နတ်ယုတ်သည် အလုပ်အကျွေး ဖြစ်သော ဗြဟ္မပါရိသဇ္ဇဗြဟ္မာငယ်တစ်ဦးကို ပူးဝင်ပြီးသော် ဘုရားရှင်ကို -

"ရဟန်း ဤဗကဗြဟ္မာကို မထိခိုက်လင့် ဤဗက ဗြဟ္မာသည် ဗြဟ္မာကြီးဖြစ်သည်။ လွှမ်းမိုးနိုင်သူ လည်း ဖြစ်သည်။ အလုံးစုံမြင်တတ်သူလည်း ဖြစ် သည်။ သတ္တဝါအားလုံးကို မိမိအလိုသို့ လိုက်ပါ

စေနိုင်သူဖြစ်သည်။ လောကကို အစိုးရသူလည်း ဖြစ်သည်။ လောကအကြီးအမြတ်ဖြစ်သူ ဖြစ်သည်။ သတ္တဝါတို့ကို ဘယ်သူမင်းဖြစ်ရမည်၊ သူဆင်းရဲဖြစ်ရမည်၊ တိရစ္ဆာန်ဖြစ်ရမည်စသည်ဖြင့် စီမံတတ်သူဖြစ်သည်။ ဈာန်၌လေ့လာပြီးသူလည်းဖြစ်သည်။ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ အဖလည်းဖြစ်သည်"

"ရဟန်း -- ဤလောက၌ ပထဝီစသော ဓာတ်ကြီးလေးပါးနှင့် သတ္တဝါများ နတ်ဗြဟ္မာများကို မမြဲ ဆင်းရဲ အစိုးမရဟု ကဲ့ရဲ့ပြောဆိုတတ်သော သင့်ရှေးက သာမဏဗြဟ္မာတို့သည် ကိုယ်ခန္ဓာသေပြီးနောက် ယုတ်ညံ့သော အပါယ်ငရဲကျရောက်ကြရ၏။ ထိုအရာများကို တည်မြဲ ခိုင်ခံ့သည်ဟု ပြောဆိုချီးမွမ်းခဲ့ကြသော သမဏဗြဟ္မဏတို့သာ ကောင်းသော သုဂတိဘုံသို့ ရောက်ကြရသည်"

"ရဟန်း-သင်ကို ငါတိုက်တွန်း၏။ သင်သည် ဗြဟ္မာပြောဆိုသောစကားကို လိုက်နာပါ။ မဆန့်ကျင်ပါလင့်၊ ဗြဟ္မာစကားကို မလိုက်နာသောသူသည် မိမိထံမှောက် ရောက်လာသော ကြက်သရေကို တုတ်ဖြင့်ရိုက်နှက်နှင်ထုတ်သကဲ့သို့ ချောက်ထဲကျ

သောယောက်ျားသည် ချောက်ကမ်းပါးကိုလက်ဖြင့် မကိုင်မိသကဲ့သို့ ရှိပါလိမ့်မည်။ ရဟန်း သင်သည် ဗြဟ္မာကို မဆန့်ကျင်ပါလင့်၊ ရဟန်းသင်သည်စုဝေး နေသော ဗြဟ္မာပရိသတ်ကိုမြင်သည် မဟုတ်ပါ လော"

ဟု စွပ်စွဲပြောဆိုသည်။

ဘုရားရှင်သည် မာရ်နတ်ယုတ်ကိုသိ၍ မာရ်နတ် ယုတ်ကို ဗြဟ္မာတွေသာ သင့်လက်တွင်းရောက်သည်။ ငါက သင့်လက်တွင်းရောက်သူမဟုတ်ဟု ပြန်လည်ချေပပြောဆို သည်။

ထိုအခါ ဗကဗြဟ္မာကြီးက မိမိဘ၀မြဲပုံ၊ ဤဗြဟ္မာ လောကမြဲပုံ၊ အခြားသွားစရာ မလိုပုံ၊ အခြားလွတ်မြောက် ရာကို သွားရှာပါက ဆင်းရဲသာရှိမည့်ပုံ၊ ပထဝီဓာတ်စသော ဓာတ်ကြီးလေးပါးကို စွဲလမ်းမှုရှိက ငါအောက်တွင် နေရမည် ဟု ပြောဆိုသည်။

ဘုရားရှင်က ဗကဗြဟ္မာကြီး၏ တန်ခိုးကြီးပုံ၊ အာနုဘော်ကြီးပုံ၊ အခြံအရံများနှင့်အစွမ်းသတ္တိကို မိမိ သိကြောင်း ပြောပြရာ ဗကဗြဟ္မာကဘယ်လိုသိသလဲဟု ပြန်မေးသည်။

ဤစကြာဝဠာ လောကဓာတ်တိုက်ပေါင်း တစ်ထောင်၌ သင်အာဏာတန်ခိုးပျံ့နှံ့ပုံ၊ သတ္တဝါတို့ ပဋိသန္ဓေနေမှု၊ သေမှုကိုသိပုံ၊ အာဏာအစိုးရပုံ၊ ဗကဗြဟ္မာသည် ဤပထမစျာန်ဘုံမှတစ်ပါး အခြားဘုံများရှိသေးသည်။ ထိုဘုံများကို သင်မသိ၊ ငါဘုရားသာသိပုံ၊ သင်သည်အဘဿရဘုံမှဤဘုံသို့ရောက်လာမည်။ အောက်မေ့မှုသတိမရှိ၍ သင်သည် ထိုအရာများကို မေ့ပျောက်နေသည်။ အဘဿရဘုံဘဝကို ငါဘုရားသိသည် သင်မသိသော အဘဿရဘုံကို ငါကသိသောကြောင့် သင်ထက်ငါက ဉာဏ်သာသည် စသည်ဖြင့် ဗြဟ္မာဘုံအလုံးစုံကိုလည်းကောင်း၊ အလုံးစုံသော တေဘူမကသင်္ခါရ တရားတို့ကို အနိစ္စ၊ဒုက္ခ၊အနတ္တဉာဏ်ဖြင့် သိရှိပုံ၊ ထိုတရားများမရှိရာ နိဗ္ဗာန်ကို သင်မသိ၊ ငါဘုရား သိသည် စသည်တို့ကို ဟောပြောပြသည်။

ထိုအခါ ဗကဗြဟ္မာက အလုံးစုံမရောက်ရာတရား နိဗ္ဗာန်ရှိသည်ဆိုက သင်သည် ချွတ်ယွင်းသောစကားဆိုသူ ဖြစ်မည်ဟု ဘုရားရှင်ကို စွပ်စွဲပြန်သည်။

ထိုအခါ ဘုရားရှင်က ဗကဗြဟ္မာကို ဓာတ်ကြီး လေးပါးတို့မဖြစ်ရာ ပြုပြင်မှုကင်းရာ နိဗ္ဗာန်အကြောင်းကို အကျယ်တဝင့်ပြောပြသည်။ ထိုအရာများကို ဗကဗြဟ္မာ အနေနှင့် မသိပုံကို ပြောပြသည်။

ထိုအခါ ဗကဗြဟ္မာသည် မိမိသည် ဘုရားရှင်နှင့် ယှဉ်မပြောနိုင်၍ တန်ခိုးချင်းပြိုင်မည်ဟု ပြောဆိုလာပြီး တူတူပုန်းတမ်းကစားရန် တောင်းဆိုသည်။

ဘုရားရှင်က သဘောတူပြီး ဗကဗြဟ္မာက အရင်ပုန်းသည်။ ဘုရားက ချက်ခြင်းပင် ရှာပြသည်။ ဒုတိယ ဘုရားရှင် ပုန်းသောအလှည့်တွင် ဘုရားရှင်က စတုတ္ထစျာန် ဝင်စားပြီး ကြွဒ္ဓိဝိဓအဘိညာဉ်စျာန်ဇောဖြင့် ရူပကာယကို ဖျောက်ပြီး ဗြဟ္မာ၏မျက်ခုန်းနှစ်ခုကြားဝယ်နေလိုက်ပြီး

"ဘဝေဝါဟံ ဘယံဒိသွာ၊ ဘဝဉ္စဝိဘဝေသိနံ
ဘဝံနာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စနဥပါဒိယိ"

ဟူသော ဂါထာကိုရွတ်ဆိုကာ အသံပြုလိုက်သည်။ ဗကဗြဟ္မာနှင့်တကွ ဗြဟ္မာအားလုံး စကြဝဠာအနှံ့ ဘုရားကို ရှာကြသည်။ လုံးဝရှာမတွေ့ချေ။ ထိုအခါ ဗြဟ္မာကြီးသည် ရဟန်းဂေါတမသည် တန်ခိုးကြီးသူဖြစ်ချေသည်ဟု ဝန်ခံကာ အရှုံးပေးလေသည်။ ဘုရားရှင်၏ ထိုဂါထာအဆုံးဝယ် ဗြဟ္မာတစ်သောင်းကို အရိယာဖြစ်လေသည်။

(ဗြဟ္မာတို့ လူသုံးပါးတို့၏ဆရာ ငါဘုရားသည် ကာမ ရူပ အရူပဟူသော ဘဝသုံးပါး ဝဋ်ရထား၌ ပဋိသန္ဓေ အိုနာသေရေး ကြောက်ဖွယ်ဘေးကိုလည်းကောင်း၊ ဘဝ

ကင်းရာ နိဗ္ဗာန်ကို ရှာဖွေလမ်းမှားနေကြသော သတ္တဝါများ၏ ဘဝသုံးပါး၌မရပ်မနားဖြစ်နေရသည်ကိုလည်းကောင်း ဉာဏ်မျက်စိဖြင့် တိကျစွာတွေ့မြင်ရသောကြောင့်ပင်လျှင် တစ်စုံတစ်ခုသော ဘဝကိုမျှ တဏှာဒိဋ္ဌိတို့၏အစွမ်းဖြင့် နိစ္စ ခုဝ သဿတအဖြစ်ဖောက်ပြား၍ မစွဲလမ်းတော့ပြီ၊ ဘဝတဏှာကိုလည်းလေးပါးမဂ်ဖြင့် ဖြတ်ပြီး၍ မကပ်ရောက် မစွဲရတော့ပြီ)။

ဗုဒ္ဓသည် ဤသို့သောနည်းဖြင့် ဗကဗြဟ္မာ၏ အယူမှားကို အယူမှန်ဖြစ်အောင် စည်းရုံးနိုင်ခဲ့ပါသည်။

===================

## ၁၃။ နိဂဏ္ဌ၏တပည့်ဥပါလိသူကြွယ်ကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

ဥပါလိသည် နာဠန္ဒမြို့တွင် ထင်ရှားသော သူကြွယ်တစ်ဦးဖြစ်ပါသည်။ သူသည် မိရိုးဖလာကိုးကွယ်ခဲ့သော နိဂဏ္ဌဆရာကြီးများကို ဘုရားအဖြစ် လက်ခံယုံကြည်ကာ ကိုးကွယ်သူတစ်ဦးဖြစ်ပါသည်။

တစ်နေ့တွင် ဥပါလိသည် မိမိကိုးကွယ်ရာ နိဂဏ္ဌဆရာကြီးထံသို့ သွားရောက်ဆည်းကပ်သည်။ ထိုအချိန်တွင် နိဂဏ္ဌဆရာကြီး၏တပည့်တစ်ဦးဖြစ်သော ဒီဃတပဿီသည် နေပူကြဲထဲကနေပြီး ဆရာကြီးထံ ချွေးသံတရွှဲရွှဲဖြင့် စိတ်ဓာတ်လည်း တက်ကြွသောအသွင်ရှိနေပါသည်။

"ဒီဃတပဿီ-နေပူကြဲကြဲကြီးထဲ ဘယ်ကပြန်လာတာလဲ"

"ရဟန်းဂေါတမထံက ပြန်လာတာပါ"

"ရဟန်းဂေါတမနှင့် စကားလေးဘာလေး ပြောခဲ့ရရဲ့လား"

"ပြောခဲ့ရပါတယ်"

"ဘာတွေပြောခဲ့ရပါသလဲ"

"ဝါဒရေးရာတွေ ပြောခဲ့ရပါတယ်၊ ရဟန်းဂေါတမက ကျွန်ုပ်ကို မကောင်းမှုဆိုင်ရာကံ ဘယ်နှစ်မျိုးရှိသလဲလို့ မေးပါတယ်၊ ကျွန်ုပ်က ကံမဟုတ်ဘူး၊ ဒဏ်ပါလို့ ဖြေလိုက်ပါတယ်။ ဘယ်ဒဏ်တွေလဲလို့ ရဟန်းဂေါတမက ဆက်မေးပါတယ်၊ ကာယဒဏ် ဝစီဒဏ်၊ မနောဒဏ်လို့ ကျွန်ုပ်ကဖြေလိုက်ပါတယ်၊ ရဟန်းဂေါတမက အဲဒီထဲမှာ ဘယ်ဒဏ်ကအပြစ်အကြီးဆုံးလဲလို့ ထပ်မေးပါတယ်။ ကျွန်ုပ်က ကာယဒဏ်က အပြစ်အကြီးဆုံးလို့ ဖြေလိုက်ပါတယ်။ ကျွန်ုပ်က ရဟန်းဂေါတမကို အရှင်ဘုရားတို့ရော ဒဏ်ဘယ်နှစ်မျိုးရှိသလဲ၊ ဘယ်ဒဏ်အပြစ်အကြီးဆုံးလဲလို့ မေးပါတယ်။ ရဟန်းဂေါတမက တို့ကဒဏ်လို့ မခေါ်ဘူး၊ ကံလို့ဘဲခေါ်တယ်၊ အဲဒီထဲမှာ မနောကံက အပြစ်အကြီးဆုံးလို့ ဖြေပါတယ်။ ရဟန်းဂေါတမက ကျွန်ုပ်ဒဏ်ကို သုံးကြိမ်သုံးခါမေးပြီး ဝန်ခံစေသလို ကျွန်ုပ်ကလဲ ရဟန်းဂေါတမရဲ့ ကံအဖြေကို သုံးကြိမ်သုံးခါမေးပြီးဝန်ခံစေခဲ့ပါတယ်"

နိဂဏ္ဌနှင့် ဒီဃတပဿီတို့၏ အမေးအဖြေကို ဥပါလိသည် အလွန်သဘောကျနှစ်ခြိုက်နေမိသည်။ မိမိလဲ ရဟန်းဂေါတမထံသွားတွေ့ဆုံပြီး ဝါဒရေးရာကို ပြိုင်ဆိုင်မေးမြန်းလိုသော စိတ်ဆန္ဒပြင်ပြစွာ ဖြစ်ပေါ်လာမိသည်။

သို့အတွက် ရဟန်းဂေါတမထံ သွားရောက်တွေ့ဆုံပြီး ဝါဒရေးရာယှဉ်ပြိုင်မှုကို ဆရာနိဂဏ္ဌထံခွင့်ပန်သည်။ ရဟန်းဂေါတမကို ဝါဒရေးရာဖြင့် ဖိနှိပ်ပြပါမည်။ ရဟန်းဂေါတမကို သိုးငယ်ကို အမွှေးကိုင်လှုပ်ခါသလို လှုပ်ခါပြလိုပါသည်ဟု ပြောကာခွင့်ပန်သည်။

ဆရာကြီးက ခွင့်ပြုပါသည်။ ဒီဃတပသီကသဘောမတူ၊ ရဟန်းဂေါတမသည် လှည့်စားတတ်သောမာယာတတ်သူဖြစ်သည်။ သင်ကငါ့လိုမဟုတ်၊ သင့်ကိုလှည့်စားသွားလိမ့်မည်ဟုဆိုကာ ကန့်ကွက်ပါသည်။

ဉပါလိသည် ဒီဃတပသီတားမြစ်ကာမှ ရဟန်းဂေါတမထံသွားလိုသောစိတ်ပို၍ ပြင်းထန်လာသည်။ တစ်နေ့နေ့သွားရောက်တွေ့ဆုံဖြစ်အောင် တွေ့ဆုံမည်ဟု စိတ်ဆုံးဖြတ်ခဲ့သည်။

တစ်နေ့တွင် ရဟန်းဂေါတမသည် ပါဝါရိကသူဌေး၏ဥယျာဉ်တွင် သီတင်းသုံးနေသည်။ ဉပါလိသည် ဆရာထံခွင့်မပန်တော့ဘဲ မိမိဘာသာဗုဒ္ဓထံသွားရောက်တွေ့ဆုံသည်။ ဉပါလိသည် ရဟန်းဂေါတမကို မြင်တွေ့လိုက်ရကထဲက စိတ်ထဲမှာ အလွန်ကြည်ညိုမြတ်နိုးသောပီတိစိတ် ဝင်စားမိသည်။

"ရဟန်းဂေါတမသည် ဒီဃတပဿီပြောသလို ငါကို များ လှည့်စားနေသလား"

ဟု ထင်မြင်မိသွားသည်။

သို့သော် ရဟန်းဂေါတမကို မြတ်မြတ်နိုးနိုးနှင့် ရှိခိုးမိသည်။ ပြီးလျှင် မေးခွန်းမေးမိသည်။

"ဒီဃတပဿီ အရှင်ဘုရားထံရောက်ခဲ့ပါသလား"

ဘုရားရှင်က ရောက်ကြောင်းနှင့် ဒီဃတပဿီနှင့် ပြောဆိုဆွေးနွေးခဲ့ပုံအကြောင်းစုံကို ပြန်လည်မိန့်ကြားသည်။

"ဒီဃတပဿီပြောသော စကားသည် မှန်ကန်ပါသည်။ ဤမျှထင်ရှားသော ကာယဒဏ်ကို ထောက်ဆလျှင် မနောဒဏ်ဟာ မပြောပလောက်ပါဘူး၊ တကယ်တော့ ကာယဒဏ်ကသာ မကောင်းမှုဆိုင်ရာမှာအပြစ်အကြီးဆုံးပါ။ မနောကံက စိတ်ကူးယဉ်မျှဖြစ်၍ အသေးအဖွဲသာ ဖြစ်ပါမည်။"

ဥပါလိက ဤသို့လျှောက်ထားလိုက်သည်။

"သူကြွယ်-အမှန်တရားကို အခြေခံ၍ ဆွေးနွေးမည်လော"

ဘုရားရှင်က ဥပါလိကို ထပ်မံမေးသည်။

ဥပါလိသည် အမှန်တရားကိုအလိုရှိသူဖြစ်သည်။ ဘုရားရှင်က ဤသို့မိန့်ကြားသော် အလွန်ဝမ်းမြောက်နှစ်သက်သွားမိသည်။ သို့အတွက် အမှန်တရားကိုဘဲ ဆွေးနွေးလိုကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။

"သူကြွယ်သင့်အားငါမေးမည်၊ သင်သဘောကျသလိုဖြေပါ။ ကြားဖူးသည့်အတိုင်းဖြေကြားပါ၊ နိဂဏ္ဍာ၏ပုဂ္ဂိုလ်တစ်ယောက် ရောဂါဖြစ်သည်ဆိုကြပါစို့၊ ရောဂါကရေနွေးနှင့်မတည့်ဘူး၊ ရေအေးနှင့်မှတည့်သည်။ ရေအေးမသောက်ရက သေသွားနိုင်သည်။ နိဂဏ္ဍာဆရာကြီးကလဲ ရေအေးမသောက်ရလို့ပိတ်ပင်ထားတယ်၊ အဲဒါကိုလဲ မဖေါက်ဖျက်ချင်ဘူး၊ အဲဒီမှာရေအေးမသောက်ရဆိုတဲ့ တားမြစ်ချက်(သီလ)ကို ကာယကံမြောက် မကျူးလွန်ဘဲရေအေးသောက်လိုစိတ်နှင့် သေသွားတယ်၊ ဆိုလိုတာက ကာယကံလုံခြုံပြီး မနောကံ ပျက်ကွက်တယ်လို့ ဆိုပါတယ်။ အဲဒီလိုစိတ်နှင့်ကွယ်လွန်သူဟာ ဘယ်လိုဘဝမှာ ဖြစ်တယ်လို့ ပြောကြပါသလဲ"

"စိတ်ငြိမ်သတ္တဝါ(မနောသတ္တ) ရောက်ကြရတယ်လို့ ကြားဖူးပါတယ်"

"ဘယ်လိုလဲသူကြွယ် ကာယကံက ပိုအပြစ်ကြီးတယ်ဆိုပြီး ဘယ်လိုစိတ်ငြိမ်သတ္တဝါဘဝ အဘယ်ကြောင့်ရောက်ရပါသလဲ၊ သင့်စကား ရှေ့စကား နောက်စကား မညီပါကလား"

ဥပါလိမလှုပ်နိုင်တော့ပါ၊ ဘုရားရှင်၏စကားက ခိုင်လုံသည်၊ တိကျသည်၊ ယုတ္တိရှိနေသည်၊ ငြင်းချက်ထုတ်စရာမရှိဖြစ်နေသည်။

အိပ်ယာထက်တွင် သေကာနီးလူများစွာ မြင်ဖူးသည်။ တစ်ချို့မလှုပ်ယှက်နိုင်၊ စကားမပြောနိုင်၊ အိပ်ရာထဲတွင် ရက်ရှည်လများနေနေကြရသည်။ သို့သော် သူတို့မသေသေး စိတ်ကရှိနေသေး၏။ ကာယဒဏ်၊ ဝစီဒဏ်များငြိမ်သက်နေသော်လည်း မသေသေးဟု ဆိုလိုပါသည်။ စိတ်ချုပ်သွားပါမှ သေပြီးဖြစ်သည်။

အမှန်မှာ စိတ်ဓာတ်စွမ်းအားက ကာယကံ ဝစီကံတို့ထက်ပိုသည်ဟုပြနေသည် မဟုတ်ပါလား၊ သတ္တဝါဟူသမျှ စိတ်နှင့်ဘဝ စတင်ပြီး စိတ်နှင့်ပင်ချုပ်ငြိမ်းကြရသည်။

ဥပါလိသည် ဘုရားရှင်၏အမေးနှင့်အဖြေကို သဘောကျနှစ်ခြိုက်သော်လည်း ဘုရားရှင်ထံမှ တရားထပ်မံ

နာယူလိုသေး၍ မေးခွန်းထပ်မေးသည်။

"ဘာဘဲဖြစ်ဖြစ် ကာယဒဏ်ကသာ ပိုပြီးအပြစ်ကြီးလှပါတယ်ဘုရား"

"ဒါဆို သင်ကိုထပ်မေးရဦးမယ်၊ သူကြွယ်-လမ်းလျှောက် သွားတယ်ဆိုပါစို့၊ လမ်းလျှောက်ရင်း မတော်တဆ ပိုးကောင်တစ်ကောင်ကို နင်းမိမယ်၊ သင်နင်းမိလို့ အဲဒီပိုးကောင်လေးသေသွားရင် အဲဒါ သင့်မှာ အပြစ်ရှိသလား"

"မရှိပါဘူး၊ သတ်လိုတဲ့စိတ်မရှိ၍ အပြစ်မဖြစ်နိုင်ပါဘူး"

"ဒါဆို မနောကကြီးလေးကြောင်း သက်သေတစ်ခုပေါ့"

"တစ်ခုထပ်မေးပါဦးမယ် သူကြွယ်၊ အရှိန်အဝါတန်ခိုးပြဋ္ဌိဟာ အာဏာမရှိတဲ့လူတစ်ယောက်က ဒီနာဠန္ဒမြို့ကြီးကို ပြာကျအောင်လုပ်ပစ်မယ်လို့ ပြောရင်ဖြစ်နိုင်ပါ့မလား"

"မဖြစ်နိုင်ပါဘူး အရှင်ဘုရား"

"တကယ်စစ်မှန်တဲ့ တန်ခိုးပြဋ္ဌိဟာ ရှိသူက လုပ်မယ်ဆိုရင်ကော"

"ဖြစ်နိုင်ပါတယ် အရှင်ဘုရား"

"ဒါလဲ စိတ်စွမ်းအားသက်သေ တစ်ခုပေါ့သူကြွယ်၊ နောက်ဆုံးတစ်ခု ထပ်မေးမယ်၊ ဒဏ္ဍကီတော၊ ကာလိင်္ဂတော၊ မဇ္ဈတော၊မာဒင်္ဂတောတွေဆိုတာ သင်-ကြားဘူးသလား"

"ကြားဖူးပါတယ်ဘုရား"

"ဘာကြောင့် တောဖြစ်သွားရသလဲဆိုတာ ကြားဖူးသလား"

"ကြားဖူးပါတယ်ဘုရား၊ ရသေ့များကို ပြစ်မှားလိုစိတ်၊ ပြစ်မှားမှုအကျိုးဆက် အဖြစ်တော့ ဖြစ်ကုန်တာပါ၊ ရှေးက အဲဒီတောတွေဟာ မြို့ကြီးတွေ ဖြစ်တယ်လို့ကြားဖူးပါတယ်ဘုရား"

"သူကြွယ်ဒါလဲ စိတ်စွမ်းအင်ကြီးမားကြောင်း သက်သေတစ်ခုပါဘဲ"

(ဥပါလိသည် သူတော်စဉ်ရသေ့ကို ပြစ်မှားမိကြသော ဘုရင်နှင့်မှူးမတ်တွေကြောင့် ဒဏ္ဍကီမြို့ကြီး ပျက်စီးသွားရပုံအကြောင်းစုံကို သိထားပြီးဖြစ်ပါသည်။)

ဤစကားအဆုံးဝယ် ဥပါလိသည် ရတနာသုံးပါးကို ကိုးကွယ်သော ဥပါသကာအဖြစ်သို့ ဆိုက်ရောက်ခဲ့

လေသည်။

ဘုရားရှင်သည် ဥပါလိကို ငါးကြင်းဆီနှင့် ငါးကြင်ကြော်သဘောဖြင့် မိမိလက်ကိုင်တုတ်ဖြင့် မိမိပြန်ရိုက်စေသောသဘောဖြင့် မေးခွန်းထုတ် အဖြေထုတ်၍ ဥပါလိ၏ အယူမှား အတွေးမှားများကို အမှန်တရားဖြစ်အောင် ဖြေရှင်းပေးပြီး ဥပါလိကို တက္ကတွန်းအဖြစ်မှ မိမိတပည့်အဖြစ်သို့ ရောက်အောင်စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါသည်။

==================

## ၁၄။ ဝါသေဋ္ဌ ဘာရဒွါဇပုဏ္ဏားလုလင်နှစ်ဦးကို သာသနာပြု စည်းရုံး အောင်မြင်ခြင်း

မြတ်စွာဘုရားသည် ကောသလတိုင်းအတွင်း ဒေသစာရီလှည့်လည်စဉ် မနသာကဋအမည်ရှိသောရွာသို့ ရောက်ရှိလာပြီး ထိုရွာ၏မြောက်ဘက် အစိရဝတီမြစ်ကမ်း ရှိ သရက်ဥယျာဉ်၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်တွင် ထိုမနသာကဋရွာသို့ ထင်ရှားကျော်ကြားသော စင်္ကီပုဏ္ဏား၊ တာရုက္ခပုဏ္ဏား၊ ပေါက္ခရသာတိပုဏ္ဏား၊ ဇာဏုသောဏိပုဏ္ဏား၊ တောဒေယျပုဏ္ဏားများ ရောက်ရှိနေကြသည်။

ထိုပုဏ္ဏားများ၏ တပည့်တို့တွင် ပေါက္ခရသာတိပုဏ္ဏား၏တပည့် ဝါသေဋ္ဌလုလင်နှင့် တာရုက္ခပုဏ္ဏား၏ တပည့် ဘာရဒွါဇလုလင်တို့သည် လမ်းလျှောက်အတူတူ ထွက်လာကြရင်း ဝါသေဋ္ဌ ပေါက္ခရသာတိပုဏ္ဏားမိန့်ကြားသောလမ်းစဉ်သည်သာလျှင် ဗြဟ္မာပြည်ရောက်ရန် ဗြဟ္မာ၏ အပေါင်းအသင်းဖြစ်ရန် မှန်သောလမ်းစဉ်ဖြစ်သည် ဟု ပြောသည်။

ဘာရဒွါဇလုလင်က တာရုက္ခပုဏ္ဏားမိန့်ကြားသော လမ်းစဉ်သာလျှင် ဗြဟ္မာပြည်ရောက်ရန် ဗြဟ္မာဖြစ်ရန်

လမ်းစဉ်မှန်ဖြစ်သည်ဟု ပြောသည်။

သူတို့နှစ်ဦးသည် မည်သူမှား မည်သူမှန်ဟု မဆုံးဖြတ်နိုင်ကြ၍ ဂေါတမဘုရားထံသွားရောက်အဆုံးအဖြတ်ခံရန် သဘောတူကြပြီး ဘုရားထံသို့ရောက်လာကြသည်။ ဘုရားထံတွင် ထိုပြဿနာဖြစ်မှုကို လျှောက်ထားကြသည်။

"ဗြဟ္မာဖြစ်ရန် လမ်းစဉ်အကျင့်နှင့်ပတ်သက်၍ ဆရာ အားလုံးက တူညီစွာဟောထားပါလျက် အဘယ်အချက်ကြောင့် အငြင်းထွက်ကြပါလဲ"

ဟု ဘုရားရှင်ကမေးသည်။

"အရှင်ဂေါတမ လမ်းစဉ်ဟုတ်မဟုတ် မှန်မမှန်၌ အငြင်းထွက်ကြပါသည်။ အမှန်မှာ ရှေးကအဒ္ဓရိယပုဏ္ဏား၊ တိတ္တိရိယပုဏ္ဏား၊ ဆန္ဒောကပုဏ္ဏား၊ ဗတ္တရိဗ္ဗပုဏ္ဏားတို့သည်လည်း လမ်းစဉ်အမျိုးမျိုးတို့ကို ဟောကြားပညတ်ခဲ့သော်လည်း လမ်းစဉ်အားလုံးတို့သည် ထိုအတိုင်းပြုကျင့်သူတို့အား ဗြဟ္မာအပေါင်းအဖော်အဖြစ်သို့ရောက်စေနိုင်သည်သာ ဖြစ်ပါသည်။ ဥပမာအားဖြင့် ရွာနိဂုံး မနီးမဝေး၌ ရှိသော လမ်းအမျိုးမျိုးတို့သည် အားလုံးပင် ရွာ၌ ပေါင်းဆုံမိသကဲ့သို့ ပုဏ္ဏားအသီးသီးတို့ ဟောကြား

သောလမ်းစဉ်အမျိုးမျိုးတို့သည်လည်း အားလုံးပင် ထိုအတိုင်းပြုကျင့်သူတို့အား ဗြဟ္မာအပေါင်းအဖော် ဖြစ်နိုင်ပါသည်။"

ဟု ဝါသေဋ္ဌကပြန်ဖြေသည်။

"ဝါသေဋ္ဌ ဗြဟ္မာပေါက်လမ်းစဉ်ဟု ဆိုလိုပါသလား"

"အရှင်ဂေါတမ မှန်ပါသည်၊ ဗြဟ္မာပေါက်လမ်းစဉ် ဟု ဆိုပါသည်"

"ဝါသေဋ္ဌ ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့တွင် ဗြဟ္မာကို ကိုယ်တိုင်မြင်ဘူးသော ပုဏ္ဏားရှိပါသလော"

"အရှင်ဂေါတမ မရှိခဲ့ပါ"

"ဝါသေဋ္ဌ ဗေဒင်တတ်ပုဏ္ဏားတို့၏ ဆရာ ဆရာတို့ တွင် ဆရာခုနစ်ယောက်တိုင်အောင် ဗြဟ္မာကို ကိုယ်တိုင်မြင်ဖူးသော ဆရာရှိခဲ့ပါသလော"

"အရှင်ဂေါတမ မရှိခဲ့ပါ"

"ဝါသေဋ္ဌ အဋ္ဌကထာစသော ဗေဒင်ကျမ်းပြုဆရာ ရသေ့တို့က ဗြဟ္မာဘုံဗြဟ္မာဖြစ်ကြောင်းအကျင့် ဗြဟ္မာတို့၏ နေရာကို ငါတို့သိမြင်ခဲ့ကြသည်ဟု ပြောဆိုခဲ့ကြပါသလော"

"အရှင်ဂေါတမ မပြောဆိုခဲ့ပါ"

"ဝါသေဋ္ဌ ဤသို့ဆိုလျှင် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့တွင်လည်း တစ်ယောက်မျှ ဗြဟ္မာကိုမမြင်ဖူး၊ ဆရာအစဉ်အဆက်ကလဲ ဗြဟ္မာမမြင်ဖူး၊ ဗေဒင်ပြုဆရာရသေ့တို့ကလည်း ဗြဟ္မာဘုံ ဗြဟ္မာ ဖြစ်ကြောင်းအကျင့် ဗြဟ္မာတို့နေရာကို ငါတို့သိသည်ဟု မဆိုခဲ့ပါဘဲလျက် ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့က ဗြဟ္မာအပေါင်းအဖေါ်ဖြစ်ရန် လမ်းစဉ်ကို ဟောကြားကြရသည်မှာ ထိုပုဏ္ဏားတို့၏စကားသည် အံ့ဖွယ်ရာ အဓိပ္ပါယ်ရှိသောစကား ဖြစ်ပါ မည်လော"

"အမှန်စစ်စင် ဤသို့ဖြစ်ခဲ့သော ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့၏စကားသည် အံ့ဖွယ်ရာအဓိပ္ပါယ်မရှိသောစကား ဖြစ်ပါမည်"

"ဝါသေဋ္ဌ ကောင်းလှပေသည်၊ ဗေဒင်သုံးပုံတတ် ပုဏ္ဏားတို့သည် မိမိတို့မသိမမြင်သော ဗြဟ္မာ၏ အပေါင်းအဖေါ်ဖြစ်ရန်အတွက် ဤလမ်းစဉ်က ဖြောင့်မှန်သည်၊ ဤလမ်းစဉ်ကို ကျင့်သောသူသည် ဗြဟ္မာ၏အပေါင်းအဖေါ်ဖြစ်နိုင်စေသည်ဟု ဗြဟ္မာဖြစ်လမ်းစဉ်ကို ဟောကြားညွှန်ပြ နေခြင်းသည်

ဖြစ်နိုင်စရာအကြောင်းမရှိပါ"

"ဝါသေဋ္ဌ လောကဥပမာအားဖြင့် အဆင့်ဆင့် ကိုင်တွယ် ဆက်စပ်၍နေသော အကန်းတွဲသည် ရှေးကလဲ မမြင်၊ အလယ်ကလဲမမြင်၊ နောက်ကလဲ မမြင်သကဲ့သို့ ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့၏ ပြဟ္မာ ဖြစ်ကြောင်းစကားသည် အကန်းတွဲဥပမာနှင့်တူပါ သည်။ ထိုပုဏ္ဏားတို့၏စကားသည် ရယ်ဖွယ်သာ ဖြစ်ပါမည်။"

"ဝါသေဋ္ဌ ဗေဒင်သုံးပုံတတ်ပုဏ္ဏားများနှင့်လူအများ တို့သည် လ,နေတို့ကိုမြင်ကြသည်မဟုတ်လော၊လ နေတို့ထွက်ရာဝင်ရာအရပ်ကိုလိုက်ပြီး ဆုတောင်း ကြ၊ ချီးကျူးကြ၊ လက်အုပ်ချီရှိခိုးကြ လှည့်လည် နေကြသည် မဟုတ်ပါလော"

"အရှင်ဂေါတမ မှန်ပါသည်"

"ဤလနေတို့ကို အများတို့မြင်ကြ ဆုတောင်းကြ ချီးကျူးကြ လက်အုပ်ချီရှိခိုးကြရာ၌ ဗေဒင်တတ် ပုဏ္ဏားတို့သည် လ,နေတို့၏အပေါင်းအဖော်ဖြစ်ရန် အတွက် ဤလမ်းစဉ်သာ လမ်းဖြောင့်ဖြစ်သည်။ ဤလမ်းစဉ်ကို ပြုကျင့်သောသူဟာ လ,နေတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်စေနိုင်မည်ဟု

လ,နေဖြစ်လမ်းစဉ်ကိုဟောကြားဖို့ အကြောင်းလုံ လောက်ကြပါ၏လော"

"အရှင်ဂေါတမ အကြောင်းမလုံလောက်ပါ"

"ဝါသေဋ္ဌ ဤသို့ဖြစ်သော ဗေဒင်တတ်ပုဏ္ဏားတို့၏ စကားသည် အံ့ဖွယ်ရာအဓိပ္ပါယ်ရှိသောစကားမျိုး ဖြစ်နိုင်ပါမည်လော"

"အရှင်ဂေါတမ --- အမှန်စင်စစ်ဤသို့ဖြစ်သော အံ့ဖွယ်ရာအဓိပ္ပါယ်ရှိသော စကားမျိုးဖြစ်နိုင်မည် မဟုတ်ပါ"

"ဝါသေဋ္ဌ-ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် မိမိတို့ မသိမမြင်သော ဗြဟ္မာ၏အပေါင်းအဖေါ်ဖြစ်ရန် အတွက် အကျင့်လမ်းစဉ်ကို ဟောကြားညွှန်ပြနေ သည်မှာ ဖြစ်နိုင်စရာအကြောင်းမရှိပါ။

ဥပမာအားဖြင့် ယောက်ကျားတစ်ယောက် သည် ဤနိုင်ငံ၌ အလှဘုရင်မကိုလိုချင်သည်ဟု ပြောဆိုနေ၏။ ထိုယောက်ကျားကို အမောင် -- သင်အလိုရှိသော အလှဘုရင်မသည် အဘယ် အမျိုးအနွယ်ရှိသူဖြစ်သနည်း။ အဘယ်အမည်ရှိ သနည်း၊ ရှည်သလော၊ပုသလော၊ အလယ်အလတ်

ဖြစ်သလော၊ ဘယ်လိုအရောင်အဆင်း ရှိသလဲ၊ အဘယ်ရွာနိဂုံး၌ နေပါသလဲဟု မေးသောအခါ "မသိ" ဟု ဖြေဆိုသည်။ သင်သည်အမျိုးအနွယ် အမည်နာမရုပ်အဆင်းကို မသိပါဘဲလျက် အလိုရှိနေသည်ဖြစ်ပါသလောလို့ ပြောသောအခါ မှန်ပါသည်ဟု ဖြေသည်။

ဝါသေဋ္ဌ ဤယောက်ကျား၏စကားသည် အံ့ဖွယ်ရာအဓိပ္ပါယ်ရှိသော စကားဖြစ်ပါမည်လော၊"

"အရှင်ဂေါတမ မဖြစ်နိုင်ပါ"

ထို့နောက်ဘုရားရှင်က ပြဿဒ်အဆောက်အဦးကို အတိုင်းအတာကိုမသိဘဲနှင့် ပြဿဒ်လှေကားလုပ်နေသူ အစိရဝတီမြစ်တစ်ဘက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ ကူးလိုသူသည် ဟိုမှာဘက်ကမ်းကိုဒီဘက်ကမ်းသို့ လာပါစေ ရောက်ပါစေဟု ဆုတောင်းသူ၊ဗေဒင်သုံးပုံတတ် ပုဏ္ဏားများသည် ဗြဟ္မဏအဖြစ်ကို ပြုနိုင်သောတရားတို့ကို ပယ်စွန့်၍ ဗြဟ္မဏမဟုတ်သည်ကို ပြုတတ်သော အကျင့်တို့ကို ဆောက်တည်ကြကုန်လျက် ဣန္ဒနတ်ကို ပင့်ခေါ်ကြကုန်၊ သောမနတ်၊ ဝရုဏနတ်နှင့် ဤ သာနနတ်၊ ပဇာပတိနတ်၊ ဗြဟ္မာနတ်၊ မဟိန္ဒနတ်၊ယာမနတ်တို့ကို ပင့်ခေါ်ကြကုန်ဟု

ဆိုနေကြသည်။ ထိုနတ်တို့ကိုခေါ် ဝေါ်ခြင်း၊ တောင်းပန်ခြင်း ဆုတောင်းခြင်းကြောင့် လိုလားနှစ်သက်ခြင်းကြောင့်ဖြစ်စေ သေလွန်သောအခါ ဗြဟ္မာအပေါင်းအဖော် ဖြစ်ရန် အကြောင်းမရှိပုံတို့ကို ဗုဒ္ဓက ဆက်လက်ဟောပြောပြသည်။

ဗုဒ္ဓကဆက်လက်၍ အစီရဝတီမြစ်တစ်ဘက်ကမ်း၌ ကြိုးတုတ်ခံထားရသော လူတစ်ဦးသည် အစီရဝတီကို ဖြတ်ကူးလိုသည်ဟုဆိုက မဖြစ်နိုင်သကဲ့သို့ အဆင်း,အသံ အနံ့, အရသာ, အထိအတွေ့ဟူသော ကာမဂုဏ်ငါးပါးကို ဗုဒ္ဓသာသနာ၌ နှောင်အိမ်ဟုခေါ် သည်။ ထိုနှောင်အိမ်၌ ဖွဲ့ချည်ခံပြီးသာယာနှစ်သက်နေသော ဗေဒင်သုံးပုံတတ် ပုဏ္ဏားများသည် ထိုကာမဂုဏ်အာရုံငါးပါး၌ တပ်နှစ်သက်ခြင်းမရှိသော ဗြဟ္မာတို့နှင့်အပေါင်းအဖော်ဖြစ်ရန်မှာ လုံးဝ မဖြစ်နိုင်ကြောင်း ဆက်လက်မိန့်ကြားသည်။

"ဝါသေဋ္ဌ သင့်ထက်အသက်ဂုဏ်ကြီးရင့်ကြသော ဆရာများထံမှ အဘယ်သို့ကြားဘူးပါသလဲ၊ ဗြဟ္မာဟူသည် ပစ္စည်းဥစ္စာ သားမယားတို့ကို သိမ်းပိုက်မှု ရှိပါသလော၊ မရှိပါသလော"

"အရှင်ဂေါတမ-မရှိပါ"

"ရန်သူစိတ်မျိုးရှိသလား၊ မိတ်ဆွေစစ် မေတ္တာစိတ်

မျိုး ရှိပါသလော"

"မိတ်ဆွေစစ် မေတ္တာစိတ်မျိုး ရှိပါသည်"

"ဖျက်ဆီးလိုစိတ် ရှိပါသလော၊ သနားကြင်နာစိတ် ရှိပါသလော"

"သနားကြင်နာစိတ် ရှိပါသည်"

"ညစ်ညမ်းသောစိတ် ရှိသလော၊ ဖြူစင်သောစိတ် ရှိသလော"

"ဖြူစင်သောစိတ် ရှိပါသည်"

"ယုံမှားသံသယကင်း၍ အလိုပါသောစိတ်ရှိသလော ယုံမှားသံသယရှိ၍ အလိုမပါသောစိတ် ရှိသလော"

"ယုံမှားသံသယကင်း၍ အလိုရှိသောစိတ်ရှိပါသည်"

"ဝါသေဋ္ဌ ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် အထက်ပါအချက်များ၌ အဘယ်သို့စိတ်မျိုး ရှိပါသလဲ"

"ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် ရန်သူစိတ်၊ပျက်စီးလိုသောစိတ်၊ ညစ်ညမ်းသောစိတ်၊ အလိုမပါသောစိတ်များ ရှိကြပါသည်"

"ဝါသေဋ္ဌ ဤသို့ဆိုလျှင် ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် ဗြဟ္မာတို့နှင့် ညီမျှကြပါ၏လော"

"မညီမျှကြပါ"

"ဝါသေဋ္ဌ ကောင်းလှပေ၏၊ ရန်သူစိတ်စသည်ရှိကြသော ပုဏ္ဏားတို့သည် သေလွန်ပြီးနောက် မေတ္တာစိတ်စသည် ရှိသောဗြဟ္မာတို့နှင့် အပေါင်းအဖော်ဖြစ်ရန်မှာ ယုံကြည်စရာမရှိပါ"

"ဝါသေဋ္ဌ ဤသို့သောနည်းအားဖြင့် ဗေဒင်သုံးပုံတတ်ပုဏ္ဏားတို့သည် ဗြဟ္မာဖြစ်နည်းလမ်း မဟုတ်သည်ကို နည်းလမ်းအစစ်ဟု ညွှန်ကြားပြောဆိုကြကုန်လျက် လူများကို အပါယ်လေးပါးသို့ နစ်မြုပ်စေကြကုန်၏၊ ရေမဝင်သော မြေပြင်မှာ အချောက်တိုက် ရေကူးသည်နှင့် တူကြကုန်၏"

"အရှင်ဂေါတမသည် ဗြဟ္မာ၏လမ်းစဉ်ကို သိသည်ဟု ကြားသိရပါသည်"

"ဝါသေဋ္ဌ မနသာကဋရွာ၌ မွေးဖွား၍ကြီးသောပုဏ္ဏားကို မနသာကဋရွာ၏ထွက်ရာ ဝင်ရာလမ်းကို မေးလျှင် မနှေးလျှင်စွာ ဖြေနိုင်ပါမည်လော"

"ဖြေနိုင်ပါမည်ဘုရား"

"ဝါသေဋ္ဌ-ထိုနည်းတူစွာ ငါဘုရားသည် ဗြဟ္မာနှင့် ဗြဟ္မာဖြစ်ကြောင်း လမ်းစဉ်မှန်ကို သိပါသည်"

"အရှင်ဘုရား- တပည့်တော်ပုဏ္ဏားတို့ကို သနား သောအားဖြင့် စဉ်ကိုဟောကြားပေးပါဘုရား။"

ထိုအခါဘုရားရှင်သည် ကာမဂုဏ်ကိုတပ်မက်မှု၊ သူတစ်ပါးကိုပျက်စီးစေလိုမှု၊ ငိုက်မျည်းတွေဝေမှု၊ စိတ်ပျံ့လွင့်မှု၊ ပူပန်မှု၊ ယုံမှားသံသယရှိနေမှု ဟူသောနီဝရဏတရား ငါးပါးပယ်ခွာနည်းကို အကျယ်တဝင့် ဟောကြားပြသသည်။

ဤသို့နီဝရဏတရားတို့ကို ပယ်ခွာပြီးသောအခါ- "ငါသည် နီဝရဏငါးပါးကို ပယ်ခွာနိုင်လေပြီဟု ဝမ်းမြောက်ခြင်းဖြင့်---

- ဝမ်းမြောက်သောသူအားနှစ်သက်ခြင်း (ပီတိ)ဖြစ်ခြင်း
- ပီတိဖြစ်သောသူအားကိုယ်ငြိမ်းအေးခြင်း (ပဿဒ္ဓိ)ဖြစ်ခြင်း
- ပဿဒ္ဓိဖြစ်သောသူအားချမ်းသာခြင်း (သုခ)ဖြစ်ခြင်း
- သုခဖြစ်သောသူအားတည်ကြည်ခြင်း (သမာဓိ)ဖြစ်ခြင်း
- သမာဓိဖြစ်သောအခါ မေတ္တာကမ္မဋ္ဌာန်းကို

ပွား၍ရသောဈာန်စိတ်ဖြစ်ပေါ်လာ၏။ ထို
အခါ မေတ္တာဈာန်ဖြင့် အရပ်(၁၀) မျက်နှာ
လုံး အပိုင်းအခြားမရှိ မေတ္တာစိတ်ပျံ့နှံ့စေ၍
နေထိုင်၏။

ထိုမေတ္တာဈာန် ဖြစ်ပေါ်လာသောအခါ ကာမာ
ဝစရကံ(လူနတ်ဖြစ်စေနိုင်သောကံ)ဟူသမျှသည် အကြွင်း
မရှိ ဆောက်တည်ရာမရ ဖြစ်ပေါ်လာကြပြီး သေလွန်သော
အခါ ကာမဘုံ ပဋိသန္ဓေကို မပေးနိုင်ကြပြီ။

ခရုသင်းမှုတ်သောသူသည် အသံဖြင့် အရပ်
ဆယ်မျက်နှာပျံ့နှံ့စေသကဲ့သို့ ဤမေတ္တာဈာန်စိတ်ဖြင့်
ပျံ့နှံ့နေခြင်းသည်လည်း ဗြဟ္မာပြည်ရောက်ရေးလမ်းစဉ်
တစ်ပါးဖြစ်သည်။

ဤအတူ ကရုဏာဈာန် မုဒိတာဈာန်၊ ဥပေက္ခာ
ဈာန်တို့ကိုရရှိ၍ ထိုစိတ်တို့ဖြင့် အရယ်ဆယ်မျက်နှာ ပျံ့နှံ့၍
နေထိုင်ခြင်းသည် ဗြဟ္မာပြည်ရောက်ရေးလမ်းစဉ်တစ်ပါး
စီပင်ဖြစ်ပါသည်။

ဤဗြဟ္မာဖြစ်ရေး လမ်းစဉ်လေးပါးဖြင့် နေထိုင်
သောသူသည် ပစ္စည်းဥစ္စာသားမယားတို့ကို သိမ်းပိုက်မှု
မရှိခြင်း စသည်ဖြင့် ဗြဟ္မာနှင့်ညီမျှသောအကျင့်ရှိနေ၍

သေသည်မှနောက် ဗြဟ္မာပြည်သို့ ရောက်နိုင်သည်မှာ ယုံမှားဘွယ်ရာမရှိရာ ဟု ဘုရားရှင်က ဆက်လက် ဟောကြားတော်မူရာ ဝါသေဋ္ဌနှင့် ဘာရဒ္ဒဇပုဏ္ဏားလုလင် နှစ်ဦးတို့သည် အလွန်နှစ်သက်သဘောကျကြပြီးလျှင် ဥပါသကာအဖြစ်ခံယူသွားကြလေသည်။

ဗုဒ္ဓသည် ဤကဲ့သို့သော ထာဝရဖန်ဆင်းရှင် ဗြဟ္မာကို ယုံကြည်နေကြသော ဝါသေဋ္ဌနှင့်ဘာရဒ္ဒါဇတို့ကို ဥပမာများစွာဖြင့် စည်းရုံးသိမ်းသွင်းအောင်မြင်ခဲ့သလို ဖန်ဆင်းရှင်ထာဝရဘုရားသခင်ကို ယုံကြည်နေကြသော သူများကိုလည်း ဤဘုရားဟောပြောသော ဥပမာ ဥပမေယျတို့ကို အသုံးပြုကာ သာသနာပြုပုဂ္ဂိုလ်များသည် အသုံးပြုစည်းရုံးနိုင်ပါသည်။

==================